# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၂) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ဗဟန်းမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီဌာန အဆောက်အဦသည် ပျက်စီးယိုယွင်း နေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် သို့မဟုတ် နေရာအသစ်တစ်ခုသို့ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | မြန်မာနိုင်ငံ၌ အဓမ္မလုပ်အားခိုင်းစေခြင်း လုံးဝပပျောက်စေရန်နှင့် ပြန်လည်ခေါင်းထောင်လာနိုင်ခြင်း မရှိစေရန် မြန်မာနိုင်ငံအစိုးရသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် I.L.O အစည်းအဝေးများ မကျင်းပမီ အစီအစဉ်ရေးဆွဲထားခြင်းရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | မိုးကောင်းမြို့နယ်၊ နန့်ဟိုင်ကျေးရွာအုပ်စုရှိ နန့်ဟိုင်ကျေးရွာနှင့် စေတုန်ကျေးရွာတို့အား ကာမိုင်း ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၈ | မိုင်းကိုင်မြို့နယ် မြို့မအုပ်စု အမှတ်(၃)ရပ်ကွက်၊ အခြားရပ်ကွက် ကျေးရွာအုပ်စုများမှ လယ်ယာမြေများနှင့် ရပ်ကွက်ကျေးရွာနှင့် သက်ဆိုင်သော မြေများအား ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ဧရိယာစာရင်းမှ အမြန်ဆုံးပယ်ဖျက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)များ လျှောက်ထားရယူရန် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၉ | ထီးချိုင့်မြို့နယ်၊ တကောင်းတောင်နီကယ်စီမံကိန်းတွင် ဧရာဝတီမြစ်ဆိပ်ကမ်း ကရိန်းကုန်တင်ကုန်ချ စနစ်အတွက် လျှပ်စစ်ဓာတ်အား သွယ်တန်းရာတွင် ဒေသခံတောင်သူများ၏ လယ်ယာမြေများအတွင်း မီးတိုင်စိုက်ထူထားသောကြောင့် နစ်နာမှုကိုမည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |

၁၀ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့အတွင်း၌ရှိ မိုးဗြဲဆည်(ခ)ဖယ်ခုံအင်း၏ အရှေ့ဘက်တွင် နေထိုင်သော ကျေးရွာများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၆

၁၁ တောင်ဥက္ကလာပမြို့နယ်အတွင်း သက်တမ်းကြာနေပြီဖြစ်သော လျှပ်စစ်မီးကြိုးများနေရာတွင် လျှပ်စစ်မီးကြိုးအသစ်များ အစားထိုး ဆောင်ရွက်ခြင်းကို မည်ကဲ့သို့သော အစီအစဉ်ဖြင့် စီမံချက်ချ၍ ဆောင်ရွက်ထားပါသည်နှင့် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မည်ကဲ့သို့ စီမံပြင်ဆင်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း ၂၉

၁၂ ရေကြည်မြို့နယ်၊ ဝေန်မြစ်အနောက်ဘက်ကမ်း ကျေးရွာများသို့ ဝေန်မြစ်ကိုဖြတ်ကျော်ပြီး သီတာ ကုန်းပြင်ကျေးရွာကြီးကို အခြေခံကာ လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၃

၁၃ ဆင်ပေါင်ဝဲမြို့နယ် အတွင်းရှိ အင်းလတ်၊ ဖောင်ချမ်းတောင်၊ အင်းမ၊ အလယ်ရွာ၊ သာဝတ္တိစသည့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လိုအပ်သောဓာတ်အားလိုင်း သွယ်တန်းမှုများနှင့် ထရန်စဖော်မာ တပ်ဆင်ပေးခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၅

၁၄ လယ်ဝေးမြို့နယ်၊ ဖောဓိကုန်းကျေးရွာတွင် 33/11 KV 5-MVA ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက် ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၉

၁၅ ထားဝယ်ခရိုင်တွင် အစိုးရနည်းပညာသိပ္ပံကျောင်း (AGTI) ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၄၁

၁၆ တက္ကသိုလ်ဝင်ခွင့်၊ ဆေးတက္ကသိုလ်ဝင်ခွင့်နှင့် တိုက်ရိုက်လျှောက်ထားနိုင်သော ကျောင်းများအား ဝင်ခွင့်လျှောက်ထားရာတွင် ကျောင်းသားတစ်ဦးတည်း ကျောင်း(၃)ကျောင်းတွင် ဝင်ခွင့်ပါနေခြင်းကြောင့် အမှတ်အနည်းငယ်လျော့သော ကျောင်းသားများသည် တက်ရောက်ချင်သော ကျောင်းသို့ တက်ရောက်ခွင့်မရရှိဘဲ နစ်နာခဲ့မှုအပေါ် မည်သို့ဖြေရှင်းဆောင်ရွက်ခဲ့သည်နှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရေးကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၄၄

| | | |
|---|---|---|
| ၁၇ | မာန်အောင်မြို့နယ်အတွင်းရှိ သာယာကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်း အဖြစ်သို့လည်းကောင်း၊ င/ပုန်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်း အဆင့်သို့လည်းကောင်း၊ ညောင်ကုန်းကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅၀ |
| ၁၈ | မတူပီမြို့ အနောက်ခိုဘွေရပ်ကွက်ရှိ အလယ်တန်းကျောင်း(ခွဲ)အတွက် လိုအပ်သော လေးခန်းတွဲ နှစ်ထပ်ဆောင် သံကူကွန်ကရစ်ကျောင်းဆောင်အသစ်တစ်ခုအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅၃ |
| ၁၉ | လှိုင်သာယာမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအတွက် မြေပြုပြင်ပေးပြီး ကျောင်းအားကစားကွင်း နှင့် ရေစီးရေလာကောင်းမွန်ရေး အတွက် ရေမြောင်းများတည်ဆောက်ပေးခြင်း၊ ကျောင်းဆောင် အသစ်များ ဆောက်လုပ်ရာတွင် လမ်းအမြင့်ထက် မြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅၅ |
| ၂၀ | ဦးအောင်သိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်ကတင်သွင်းသည့် မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာအကြောင်း တတ်သိကျွမ်းကျင်သော ပညာရှင်များ ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာစေရန်သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာကို အခြေခံပညာ အလယ်တန်းအဆင့်တွင် ယခုထက် ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၅၈ |
| ၂၁ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၁ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၁၂)ရက်မြောက်နေ့ အစီအစဉ်

## [ ၂၈-၅-၂၀၁၉ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးထွန်းမြင့်၊ ဇဟန်း မဲဆန္ဒနယ်၏ **ဇဟန်းမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးဌာန အဆောက်အဦသည် ပျက်စီးယိုယွင်း နေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် သို့မဟုတ် နေရာအသစ်တစ်ခုသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစောတင်ဝင်း၊ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ၌ အဓမ္မ လုပ်အားခိုင်းစေခြင်း လုံးဝပပျောက်စေရန်နှင့် ပြန်လည်ခေါင်းထောင် လာနိုင်ခြင်း မရှိစေရန် မြန်မာနိုင်ငံအစိုးရသည် သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် I.L.O အစည်းအဝေးများ မကျင်းပမီ အစီအစဉ် ရေးဆွဲထားခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၏ **မိုးကောင်းမြို့နယ်၊ နန့်ဟိုင်ကျေးရွာအုပ်စုရှိ နန့်ဟိုင်ကျေးရွာနှင့် စေတုန်ကျေးရွာတို့အား ကာမိုင်းကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၏ **မိုင်းကိုင်မြို့နယ် မြို့မအုပ်စု အမှတ်(၃)ရပ်ကွက်၊ အခြားရပ်ကွက်ကျေးရွာအုပ်စုများမှ လယ်ယာမြေများနှင့် ရပ်ကွက်ကျေးရွာနှင့် သက်ဆိုင်သော မြေများအား ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ဧရိယာစာရင်းမှ အမြန်ဆုံးပယ်ဖျက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇)များ လျှောက်ထားရယူရန် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်၊ တကောင်းတောင်နီကယ်စီမံကိန်းတွင် ဧရာဝတီမြစ်ဆိပ်ကမ်း ကရိန်းကုန်တင်ကုန်ချစနစ်အတွက် လျှပ်စစ်ဓာတ်အားသွယ်တန်းရာတွင် ဒေသခံတောင်သူများ၏ လယ်မြေများအတွင်း မီးတိုင်စိုက်ထူထားသောကြောင့် နစ်နာမှုကို မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဖိုးမောင်၊ ဖယ်ခုံ မဲဆန္ဒနယ်၏ **တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့အတွင်းရှိ မိုးဗြဲဆည်(ခ) ဖယ်ခုံအင်း၏ အရှေ့ဘက်တွင် နေထိုင်သော ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပမြို့နယ်အတွင်း သက်တမ်းကြာနေပြီဖြစ်သော လျှပ်စစ်မီးကြိုးများနေရာတွင် လျှပ်စစ်မီးကြိုးအသစ်များ အစားထိုးဆောင်ရွက်ခြင်းကို**

**မည်ကဲ့သို့သော အစီအစဉ်ဖြင့် စီမံချက်ချ၍ ဆောင်ရွက်ထားပါသည်နှင့် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မည်ကဲ့သို့ စီမံပြင်ဆင်ထားသည်ကို သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၏ **ရေကြည်မြို့နယ်၊ ဝေန်မြစ်အနောက်ဘက်ကမ်း ကျေးရွာများသို့ ဝေန်မြစ်ကို ဖြတ်ကျော်ပြီး သီတာကုန်းပြင်ကျေးရွာကြီးကို အခြေခံကာ လျှပ်စစ်မီး သွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အင်းလတ်၊ ဇောင်ချမ်းတောင်၊ အင်းမ၊ အလယ်ရွာ၊ သာဝတ္တိ စသည့် ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် လိုအပ်သော ဓာတ်အားလိုင်း သွယ်တန်းမှုများနှင့် ထရန်စဖော်မာ တပ်ဆင်ပေးခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၏ **လယ်ဝေးမြို့နယ်၊ ဇောတိကုန်း ကျေးရွာတွင် 33/11 KV 5-MVA ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဋ) ဦးအောင်စိုး၊ သရက်ချောင်း မဲဆန္ဒနယ်၏ **ထားဝယ်ခရိုင်တွင် အစိုးရ နည်းပညာသိပ္ပံကျောင်း(AGTI) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဌ) ဦးအောင်ကျော်ဦး၊ မိုင်းတုံ မဲဆန္ဒနယ်၏ **တက္ကသိုလ်ဝင်ခွင့်၊ ဆေးတက္ကသိုလ် ဝင်ခွင့်နှင့် တိုက်ရိုက်လျှောက်ထားနိုင်သော ကျောင်းများအား ဝင်ခွင့် လျှောက်ထားရာတွင် ကျောင်းသားတစ်ဦးတည်း ကျောင်း (၃)ကျောင်းတွင်**

**ဝင်ခွင့်ပါနေခြင်းကြောင့် အမှတ်အနည်းငယ်လျော့သော ကျောင်းသားများ သည် တက်ရောက်ချင်သောကျောင်းသို့ တက်ရောက်ခွင့် မရရှိဘဲ နစ်နာခဲ့မှုအပေါ် မည်သို့ဖြေရှင်းဆောင်ရွက်ခဲ့သည်နှင့် ၂၀၁၈–၂၀၁၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရေးကို မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဍ) ဦးတင်နု(ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ် အတွင်းရှိ သာယာကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ င/ပုန်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံ ပညာအလယ်တန်းအဆင့်သို့လည်းကောင်း၊ ညောင်ကုန်းကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ) အဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဎ) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့ အနောက်ခိုဘွေရပ်ကွက်ရှိ အလယ်တန်းကျောင်းခွဲအတွက် လိုအပ်သော(၄)ခန်းတွဲ (၂)ထပ်ဆောင် သံကူ ကွန်ကရစ်ကျောင်းဆောင် အသစ်တစ်ခုအား ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဏ) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအတွက် မြေပြုပြင်ပေးပြီး ကျောင်းအားကစားကွင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တည်ဆောက် ပေးခြင်း၊ ကျောင်းဆောင်အသစ်များ ဆောက်လုပ်ရာတွင် လမ်းအမြင့်ထက် မြင့်တင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာအကြောင်း တတ်သိကျွမ်းကျင်သော ပညာရှင်များ ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာစေရန် သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက် ပိုမိုသင်ကြားနိုင်ရေး အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ခ) ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၊

(ဂ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ဃ) ဦးစိန်မြင့်၊ မြင်းခြံ မဲဆန္ဒနယ်၊

(င) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(စ) ဗိုလ်ကြီးဒေါ်မြင့်မြင့်နွယ်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊

(ဆ) ဦးနန်မွန်ထင်၊ မချမ်းဘော မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(၁၂)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ရှိသည့်အနက် ၃၉၂ ဦးတက်ရောက်ပါတယ်။ အစည်း အဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်

၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၂ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းမောင် ခွင့် ၁ ရက်၊

(၃) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဒေါက်တာတင်ဌေးအောင် ခွင့် ၁ ရက်၊

(၄) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊

(၅) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၄ ရက်၊

(၆) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၇) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၂ ရက်၊

(၈) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၉) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁၁ ရက်၊

(၁၀) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၁၁) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၄ ရက်၊

(၁၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၃) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၁၄) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၁၅) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၄ ရက်၊

(၁၆) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်နှင့်

(၁၇) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဗဟန်းမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီဌာနအဆောက်အဦသည် ပျက်စီးယိုယွင်းနေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် သို့မဟုတ် နေရာအသစ်တစ်ခုသို့ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းမြင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဗဟန်းမဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ဗဟန်းမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အဆောက်အဦသည် ပျက်စီးယိုယွင်းနေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် သို့မဟုတ် နေရာအသစ်တစ်ခုသို့ ပြောင်းရွှေ့ပေး ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီပုံကတော့ လဝက ရုံးနဲ့တွဲဖက်ပြီးတော့ ဖွင့်ထားတဲ့ ဝန်ထမ်းအိမ်ရာနဲ့ရုံးဖြစ်ပါတယ်။ ဒါကတော့ စာရွက်စာတမ်းများ ထားသိုဖို့အတွက် အခက်အခဲဖြစ်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ပြည်သူများလာရောက်ဆက်သွယ်တဲ့ အခါမှာ အန္တရာယ်ဖြစ်နိုင်တဲ့အခြေအနေပဲဖြစ်ပါတယ်။ ပြည်သူများအပေါ်ထပ်ကိုတက်တဲ့အခါမှာ ပျက်စီးယိုယွင်းနေတဲ့လှေကားပုံပဲဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဗဟန်းမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအဆောက်အဦသည် ဗိုလ်ချုပ်(၁)ရပ်ကွက်၊ ဝင်္ဂပါ လမ်း၊ အမှတ်(၄) ပြန်ကြားရေးဝန်ကြီးဌာနပိုင်ရုံးအတွင်းတည်ရှိပြီး အလျား ၇၅ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုးပျဉ်ကာအဆောက်အဦ၏အပေါ်ထပ်တွင် ရုံးခန်းအဖြစ် ၁၉၅၈ ခုနှစ်ကတည်း က ဖွင့်လှစ်အသုံးပြုခဲ့ပါတယ်။ ယခုအခါ ယင်းအဆောက်အဦသည် နှစ်ပေါင်းများစွာကြာမြင့်လာတဲ့ အတွက် ဟောင်းနွမ်းပျက်စီးပြီး လေဒဏ်၊ မိုးဒဏ်ခံနိုင်ရည်အားနည်းပြီး အန္တရာယ်ရှိသည့် အဆောက် အဦ ဖြစ်နေပါတယ်။ မြေနေရာသည်လည်း ပြန်ကြားရေးဝန်ကြီးဌာနပိုင် ဖြစ်နေသောကြောင့် ယင်း အဆောက်အဦ၏အောက်ထပ်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ နေထိုင်လျက်ရှိပါ တယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းအဆောက်အဦကို ပြည်သူများနေ့စဉ်သွားလာ ဆောင်ရွက်ရာတွင် အန္တရာယ်ရှိနေခြင်း၊ လေဒဏ်၊ မိုးဒဏ်ခံနိုင်ရန်အားနည်းနေခြင်း၊ ရုံးမှတ်တမ်း၊ စာရွက်စာတမ်းများထားသိုရန် အခက်အခဲရှိနေခြင်းတို့ကြောင့် ပြန်လည်ပြုပြင်ပေးရန် သို့မဟုတ် နေရာအသစ်တစ်ခုသို့ ပြောင်းရွှေ့ပေးရန် မဲဆန္ဒရှင်မိဘပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ဗဟန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ရဲ့မေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းထဲမှာ ပြောပြသွားတဲ့အတိုင်းပဲ ရန်ကုန်တိုင်းဒေသကြီးအနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ်ဦးစီးမှူးရုံးဟာ ၁၉၅၈ ခုနှစ်ကတည်းက ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေစစ်ဆေးရေးနဲ့ မှတ်ပုံတင်ဦးစီးဌာနပိုင် အလျား ၇၅ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိတဲ့ ပျဉ်အဆောက်အဦအပေါ်ထပ်မှာ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသလို အဆောက်အဦက နှစ်ကာလကြာမြင့်နေပြီဖြစ်တဲ့အတွက် ဟောင်းနွမ်းဆွေးနေပြီဖြစ်ပါတယ်။ လေဒဏ်မိုးဒဏ်လည်း ခံနိုင်မှုအားနည်းနေပြီဖြစ်ပါတယ်။ အဲဒီအတွက်လည်း ဝန်ကြီးဌာနအနေနဲ့ သင့်တော်တဲ့နေရာတစ်ခုမှာ မြို့နယ်လဝကရုံးဖွင့်လှစ်နိုင်ဖို့ စီမံဆောင်ရွက်ခဲ့ပါတယ်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကိုလည်းပဲ ကော်မရှင်မှာပိုင်တဲ့တိုက်ခန်းရရှိဖို့လည်း ကျွန်တော်တို့ လျှောက်ထားခဲ့ပါတယ်။ သို့ရာတွင်ကော်မရှင်အနေနဲ့ ကျွန်တော်တို့ကို ၂၀၁၈ ကြိမ်မြောက် အစည်းအဝေးကနေမှ ကော်မရှင်မှာရှိတဲ့တိုက်ခန်းတွေကိုတော့ ပေးအပ်နိုင်ခြင်းမရှိဘူး။ ဌာနအနေနဲ့ မြေနေရာရှာဖွေပြီးတော့မှ ပြန်လည်တင်ပြတောင်းခံသွားပါလို့ အကြောင်းပြန်ကြားလိုက်ပါတယ်။

အဲဒီအတွက်လည်းပဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးကို မြေနေရာရရှိဖို့ညှိနှိုင်းတောင်းခံထားပါတယ်။ ပြုပြင်ဖို့ကိစ္စကတော့ ဌာနမှာရှိတဲ့သာမန်အသုံးစရိတ်ထဲက ခွဲဝေပြီးတော့မှ ပြုပြင်ဖို့ အစီအစဉ်ရှိပါတယ်။ သို့ရာတွင် အဆောက်အဦက အတော်ဟောင်းနွမ်းနေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြန်လည်အသစ်တည်ဆောက်မှ အဆင်ပြေမယ့်အနေအထားဖြစ်ပါတယ်။ ဒီအတွက်လည်းပဲ နည်းလမ်းနှစ်ခုစဉ်းစားထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေမှ မြေနေရာပေးမယ်ဆိုရင် မြေနေရာရရှိမှသာလျှင်ကျွန်တော်တို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အဆောက်အဦအတွက် ငွေခွဲဝေပေးတာဖြစ်ပါတယ်။ မြေနေရာမရှိဘဲနဲ့ အဆောက်အဦအတွက်ကို ဘဏ္ဍာငွေတောင်းခံလို့မရပါဘူး။ အဲဒီနည်းလမ်းလည်း ကျွန်တော်တို့ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားပါမယ်။ လက်ရှိ ပြန်ကြားရေး

**မူကြမ်း**

ဝန်ကြီးဌာနပိုင်တဲ့ဝန်းထဲမှာလည်းပဲ ကျွန်တော်တို့ကို မြေနေရာများ ခွဲဝေပေးနိုင်မယ်ဆိုလို့ရှိရင် အဲဒီမြေနေရာအပေါ်မှာပဲ အသစ်ဆောက်လုပ်ဖို့ စီစဉ်ထားပါတယ်။ ဆက်လက်ပြီးတော့မှ ဝန်ကြီးဌာနချင်းညှိနှိုင်းဆောင်ရွက်သွားပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်းပဲ ဗဟန်းမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးအဆောက်အဦကို ပြုပြင်ဖို့၊ အသစ်ပြန်လည်တည်ဆောက်ဖို့ ဆန္ဒရှိပါတယ်။ အစီအစဉ်လည်းရှိပါတယ်။ ကျွန်တော် အထက်က တင်ပြခဲ့တဲ့နည်းလမ်းနှစ်ခုနဲ့ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံ၌ အဓမ္မလုပ်အားခိုင်းစေခြင်း လုံးဝပပျောက်စေရန်နှင့် ပြန်လည်ခေါင်းထောင်လာနိုင်ခြင်း မရှိစေရန် မြန်မာနိုင်ငံအစိုးရသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် I.L.O အစည်းအဝေးများ မကျင်းပမီ အစီအစဉ်ရေးဆွဲထားခြင်းရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောတင်ဝင်း(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံ၌ အဓမ္မလုပ်အားခိုင်းစေခြင်း လုံးဝပပျောက်စေရန်နှင့် ပြန်လည်ခေါင်းထောင်လာနိုင်ခြင်းမရှိစေရန် မြန်မာနိုင်ငံအစိုးရသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မကြာမီကျင်းပတော့မယ့် ဇွန်လတွင် (၈)ကြိမ်မြောက် ဂျနီဗာ၌ကျင်းပမယ့် I.L.O အစည်းအဝေးများမှာ မကျင်းပမီ အစီအစဉ်ရေးဆွဲထားခြင်းရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားခိုင်းစေမှုများ လုံးဝပပျောက်စေရန်နှင့် ပြန်လည်ခေါင်းထောင်လာနိုင်ခြင်းမရှိစေရန် အထူးလိုအပ်လျက်ရှိပါတယ်။ ယခုအခါ I.L.O သို့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် အဓမ္မလုပ်အားခိုင်းစေခြင်းများ ပြန်လည်ပြုလုပ်လာသည်ကို တိုင်ကြားစာများအရ သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒီဥစ္စာကတော့ I.L.O ကနေပြီးတော့ အဓမ္မခိုင်းစေမှုနဲ့ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုထားချက်ဖြစ်ပါတယ်။ ဒါကတော့ I.L.O မှာ ဒီနေ့ရောက်ရှိလာတဲ့ နိုင်ငံအနှံ့ အဓမ္မလုပ်အားပေး အသွင်အမျိုးမျိုးနဲ့

ပြုလုပ်နေတဲ့အကြောင်း တင်ပြချက်ဖြစ်ပါတယ်။ စုစုပေါင်း ၂၉၇ စောင်တိုင်ကြားစာရပါတယ်။ ဒါကတော့ ၂၀၁၉ ခုနှစ် ခေတ္တမန်ဒူမြို့ နီပေါနိုင်ငံမှာကျင်းပတဲ့ မတ်လ ၂၈ ရက်နေ့ကနေ ၃၀ ရက်နေ့အတွင်းမှာ ITUC ကနေကျင်းပတဲ့ အဓမ္မလုပ်အားပေးတိုင်ကြားစာများအပေါ် တင်ပြချက်ဖြစ်ပါတယ်။ ဒီဥစ္စာက တော့ တိုင်ကြားခံရတဲ့နိုင်ငံများစာရင်းကို တင်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ တိုင်ကြားစာစာရင်းထဲမှာ နံပါတ်တစ်ဖြစ်ပြီးတော့ ကြယ်နှစ်ပွင့်ပြနိုင်ငံတစ်ခုဖြစ်နေပါတယ်။ ဒီဥစ္စာက တော့ အဲဒီအစည်းအဝေးမှာ ကျွန်တော်တို့ကို အထူးသဖြင့် တောင်းဆိုတဲ့အချက်(၅)ချက်ဖြစ်ပါတယ်။ သူတို့အနေနဲ့ လွှန်စွာစိုးရိမ်ကြောင်းနဲ့ ကျွန်တော်တို့နိုင်ငံကို သတိပေးတဲ့အချက်အလက်တွေ ပါဝင်ပါ တယ်။ ထို့ကြောင့် ဤသို့တိုင်ကြားလာမှုများကို မြန်မာနိုင်ငံအစိုးရသည် သက်ဆိုင်ရာဝန်ကြီးဌာနများ နှင့် ညှိနှိုင်းကာ ထိုအဓမ္မလုပ်အားခိုင်းစေခြင်းပပျောက်စေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်သင့် ပါတယ်။ သို့မှသာ လာမယ့်ဇွန်လတွင်ကျင်းပမယ့် I.L.O အစည်းအဝေးမှာ မြန်မာနိုင်ငံအခြေအနေ အား တင်ပြဆွေးနွေးရာ၌ အဓမ္မလုပ်အားခိုင်းစေခြင်းကို မြန်မာနိုင်ငံက မည်သို့ကာကွယ်တားဆီးထား ကြောင်း တင်ပြဆွေးနွေးနိုင်မည်ဖြစ်ပါတယ်။ သို့မဟုတ်ပါက I.L.O အစည်းအဝေးတွင် ပြစ်တင်ရှုတ်ချ မှုများ ဖြစ်ပေါ်လာနိုင်ပြီး EU နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် အထူးစီးပွားရေးအခွင့်အရေးပေးမှုများ ရုပ်သိမ်းခြင်း၊ စက်တင်ဘာလမှာကျင်းပမယ့် ကုလသမဂ္ဂညီလာခံတွင် မြန်မာ့နိုင်ငံအရေး ဆွေးနွေး ပြည့်စုံလာရန် ဖြစ်ပေါ်လာနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ အဓမ္မလုပ်အားခိုင်းစေခြင်း ပပျောက်ရန် မြန်မာနိုင်ငံအစိုးရအနေဖြင့် မည်သို့လုပ်ဆောင်ထားကြောင်း သိရှိလို၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်းရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါ တယ်။ မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားခိုင်းစေခြင်း လျော့နည်းပပျောက်စေရန်အတွက် I.L.O

အစည်းအဝေးများမကျင်းပမီ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ စနစ်တကျ အစီအစဉ်ရေးဆွဲ၍ ဆောင်ရွက်နေပါကြောင်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကိုဖြေကြားပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော် ပြည့်ပြည့် စုံစုံလေးတင်ပြရမယ်ဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့က I.L.O ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ အခုဆွေးနွေးတဲ့ အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၂၉)မှာ Convention 29 ဖြစ်ပါတယ်။ အဲဒီ Convention ကိုလည်းပဲ မြန်မာ နိုင်ငံက ၁၉၅၅ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှ ပြဋ္ဌာန်းချက်အပေါ် လက်ခံကျင့်သုံးခဲ့တာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်လာတဲ့အခါမှာ ကျွန်တော်တို့ ၁၉၉၉ ခုနှစ်နဲ့ ၂၀၀၀ ပြည့်နှစ်ကျမှ အလုပ်သမား အုပ်စုကိုယ်စားလှယ်များရဲ့ တိုင်ကြားချက်ကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံကို I.L.O က အရေးယူ ဆောင်ရွက်ဖို့ ပိတ်ဆို့ကန့်သတ်တားမြစ်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တင်ပြချင်တဲ့အချက်ကတော့ ၁၉၅၅ ခုနှစ်ကတည်းက လက်ခံကျင့်သုံးခဲ့တဲ့ကိစ္စကို ၂၀၀၀ ပြည့်နှစ်မှာမှ I.L.O က အရေးယူပိတ်ဆို့ကန့်သတ်တားမြစ်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ကလည်း အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ I.L.O နဲ့ပူးပေါင်းပြီးတော့မှ ကန့်သတ်တားမြစ်ချက်များ ပယ်ဖျက်နိုင်ရေးနဲ့ အဓမ္မခိုင်းစေမှု ပပျောက်ရေးကိစ္စများကို အလေးအနက်ထားဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ I.L.O နဲ့ပေါင်းပြီးတော့မှ I.L.O ဆက်သွယ်ရေးအရာရှိတစ်ဦးခန့်အပ်ပြီးတော့မှ နားလည်မှုစာချွန်လွှာ(MOU)ကို I.L.O နဲ့လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဓမ္မခိုင်းစေမှုများ လျှော့နည်း ရေးအတွက် အားစိုက်ခွန်စိုက်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီ ၂၀၀၂ ခုနှစ်ကစပြီးတော့မှ I.L.O နဲ့ ပူးပေါင်းပြီးတော့မှ Convention 29 နဲ့ပတ်သက်ပြီးတော့မှ အဓမ္မခိုင်းစေမှုလျှော့နည်းပပျောက်ရေးကို အလေးပေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ အစိုးရနဲ့ I.L.O တို့အနေနဲ့ အဲဒီ နားလည်မှုစာချွန်လွှာ(MoU)ကနေပြီးတော့မှတစ်ဆင့် Supplementary Understanding ခေါ်တဲ့ SU ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီ SU(Supplementary Understanding) အရ I.L.O ရန်ကုန်ကနေပြီးမှ အဓမ္မခိုင်းစေမှုများကို လက်ခံစိစစ်ခဲ့ပြီးတော့မှ အဓမ္မခိုင်းစေမှုမြောက်တဲ့တိုင်ကြား မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနက ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့ နေရာမှာလည်း အဓိကသက်ဆိုင်တဲ့ဝန်ကြီးဌာနဖြစ်တဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့

အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်ခြောက်ဦးပါတဲ့ I.L.O ရေးရာလုပ်ငန်းအဖွဲ့ Working Group ဖွဲ့စည်းပြီးတော့မှ ပုံမှန်တွေ့ဆုံဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီ SU(Supplementary Understanding)ကို ၂၀၀၈ ခုနှစ်ကစပြီးတော့မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ နှစ်စဉ်သက်တမ်းတိုး ပြီးတော့မှ ကျွန်တော်တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် အဓမ္မခိုင်းစေမှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံအစိုးရနဲ့ I.L.O တို့ပူးပေါင်း ပြီးတော့မှ ၂၀၁၅ ခုနှစ်မှာ အဓမ္မခိုင်းစေမှု လုံးဝပပျောက်ရေးအတွက် ပူးတွဲမဟာဗျူဟာ အကောင် အထည်ဖော်ရေးလုပ်ငန်းစီမံချက်(Joint Strategy for the Elimination of Forth Labor by 2015)နားလည်မှုစာချွန်လွှာ(MoU)ကို ထပ်မံလက်မှတ်ထိုးပြီးတော့မှ အဓမ္မခိုင်းစေမှုပပျောက်ရေး ပူးတွဲမဟာဗျူဟာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ သက်ဆိုင်တဲ့ ဝန်ကြီးဌာန(၇)ခုနဲ့ I.L.O တို့မှကိုယ်စားလှယ် စုစုပေါင်း ၁၄ ဦးနဲ့ ဖွဲ့စည်းပြီးတော့မှ အလေးထား ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၂ ခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံ အပေါ်ချထားခဲ့တဲ့ ကန့်သတ်မှုများကို ရုပ်သိမ်းပေးခဲ့ပါတယ်။

ဆက်လက်ပြီးတော့မှ အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက်ကို ကျွန်တော်တို့အစိုးရသစ်လက်မှာ အဓမ္မခိုင်းစေမှုပပျောက်ရေးအပါအဝင် အလုပ်သမားရေးရာကိစ္စရပ်များကို ထိရောက်စွာဆောင်ရွက် နိုင်ဖို့အတွက်ကို အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ (High-Level Working Group-HLWG)ကို ဝန်ကြီးဌာန ၁၁ ခု၊ ကိုယ်စားလှယ် ၂၂ ဦးနဲ့ ဖွဲ့စည်းပြီးတော့မှ အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက်ကို ကျွန်တော်တို့ Update ပြုလုပ်ပြီးတော့မှ ဒီ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ I.L.O တို့ဟာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ နှစ်ဖက်နားလည်လက်မှတ်ရေးထိုးထားတဲ့ Decent Work Country Programme(2018-2021)အရ အဓမ္မခိုင်းစေမှုပပျောက်ရေးကို ၂၀၁၉ ခုနှစ်ကစပြီးတော့ မှ မိမိနိုင်ငံအစီအစဉ်နဲ့ ဆောင်ရွက်ဖို့သဘောတူခဲ့ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ဦးစားပေး လုပ်ငန်းစဉ်လေးခုချမှတ်ပြီးတော့မှ အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက် New Action Plan (2019-2021)ကို ကျွန်တော်တို့ ရေးဆွဲပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ အဲဒီ အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ လုပ်ငန်းကော်မတီနဲ့ သက်ဆိုင်ရာ

ဝန်ကြီးဌာနများဖိတ်ကြားပြီးတော့မှ အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက် New Action Plan (2019-2021)ကို ကျွန်တော်တို့ ဆောင်ရွက်ဖို့ National Complaints Mechanism အဓမ္မခိုင်းစေမှု၊ တိုင်ကြားမှုယန္တရား အမျိုးသားအဆင့်ကိုထူထောင်ဖို့ အဲဒီ National Complaints Mechanism မထူထောင်ခင်ကြားမှာ တိုင်ကြားစာများကို လက်ခံဖြေရှင်းခြင်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီးဌာနများ ဆွေးနွေးခဲ့ပါတယ်။ I.L.O လည်းပဲ ပူးပေါင်းပါဝင်ခဲ့ပါတယ်။ အဲဒီဆောင်ရွက်ချက်တွေ ကိုလည်းပဲ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့မှာကျင်းပတဲ့(၃၃၅)ကြိမ်မြောက် I.L.O အုပ်ချုပ်မှုုကြီး အစည်းအဝေးကိုလည်းပဲ မတ်လ ၂၈ ရက်နေ့မှာ မြန်မာနိုင်ငံအကြောင်းဆွေးနွေးတဲ့ အစီအစဉ်မှာ လုပ်ငန်းစီမံချက်ကိုလည်းပဲ ကျွန်တော်တို့ တင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီ New Action Plan, National Complaints Mechanism ထူထောင်ရေးနဲ့ပတ်သက်ပြီးတော့မှ ကြားကာလမှာလည်းပဲ ကျွန်တော်တို့ လုပ်ငန်းတွေကို အစဉ်မပြတ်ဆောင်ရွက်နိုင်ဖို့ ဒုတိယအကြိမ် ဆက်လက်ဆွေးနွေးပြီး တော့မှ I.L.O နဲ့ အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ မည်သူက မဆို၊ မည်သည့်အဖွဲ့အစည်းကိုမဆို၊ မည်သူ့ပုဂ္ဂိုလ်မဆို တိုင်ကြားလာမှုများကို ကျွန်တော်တို့ အလုပ် သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့ အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်အဓိကတင်ပြတဲ့ အချက်ကတော့ အမျိုးသားအဆင့် တိုင်ကြားမှုယန္တရား(National Complaints Mechanism)ကို မထူထောင်ခင်ကာလမှာ High-Level Working Group ဝန်ကြီးဌာနအားလုံးကပါဝင်တဲ့ အဖွဲ့ကနေ မှ I.L.O တို့နဲ့ပူးပေါင်းပြီးတော့မှ တိုင်ကြားမှုယန္တရားများနှင့် အဓမ္မခိုင်းစေမှုပပျောက်ရေးကို ကျွန်တော်တို့အစိုးရအနေနဲ့ စဉ်ဆက်မပြတ် I.L.O နဲ့ပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာ တင်ပြလိုခြင်း ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံနဲ့ အဓမ္မခိုင်းစေခြင်း လုံးဝပပျောက်စေရန်မို့ မြန်မာနိုင်ငံ အစိုးရအနေနဲ့ I.L.O တို့နဲ့ပူးပေါင်းပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနများ အဓမ္မခိုင်းစေမှုပပျောက် ရေးလုပ်ငန်းစီမံချက် အသေးစိတ် အသစ်ရေးဆွဲထားပြီးဖြစ်တဲ့ကြောင်းနဲ့ လုပ်ငန်းစီမံချက်အတိုင်း မိမိနိုင်ငံက တာဝန်ယူဆောင်ရွက်ရမယ့် အဓမ္မခိုင်းစေမှု၊ တိုင်ကြားမှုယန္တရား(National Complaints Mechanism-NCM)အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ အမျိုးသားကော်မတီကိုလည်းပဲ ဝန်ကြီးဌာန ၁၇ ခုနဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အပါအဝင် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းဖို့ ကျွန်တော်တို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီဆောင်ရွက်ချက်များကိုလည်းပဲ စီမံချက်နဲ့ စနစ်တကျဆောင်ရွက်တာဖြစ်ပြီးတော့မှ ဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေကိုလည်းပဲ ဂျနီဗာ

မြို့မှာရှိတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ရုံးက Information Sheet ပုံစံပြုလုပ်ပြီးတော့မှ I.L.O သို့ ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်းနှင့် I.L.O အစည်းအဝေးကျင်းပတဲ့အခါမှာလည်းပဲ မိမိနိုင်ငံရဲ့ အခမ့ခိုင်းစေမှုပပျောက်ရေးအတွက်ကို စနစ်တကျစီမံဆောင်ရွက်မှုများကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစောတင်ဝင်း(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါ။ မြန်မာနိုင်ငံကိစ္စဟာ I.L.O ရဲ့ ကျွမ်းကျင်သူများအစီရင်ခံစာမှာ အခမ့လုပ်အားပေး ခိုင်းစေခြင်းကိစ္စတစ်ခုသာမဟုတ်ဘဲနဲ့ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်(C 87)နဲ့ ကလေး အလုပ်သမားများကို ဆိုးရွားစွာပုံစံနဲ့ခိုင်းစေခြင်းဆိုင်ရာပြဋ္ဌာန်းချက်(C 182)ကိုလည်း ချိုးဖောက်တယ် ဆိုပြီးတော့ Double Star ပြခြင်းခံရတဲ့နိုင်ငံဖြစ်ပါတယ်။ ဝန်ကြီးတင်ပြသွားတာတွေကတော့ တော်တော်လည်း ပြည့်စုံပါတယ်။ နည်းနည်းစိတ်သက်သာရာရတယ်။ သို့သော်လည်းပဲ တင်ပြချက်ဟာ တိုင်တန်းချက်နဲ့ တင်ပြချက်လွဲမှားမှာကိုလည်း ကျွန်တော်အထူးစိုးရိမ်မိပါတယ်။ ကျွန်တော်တို့နိုင်ငံက အဲဒီ တိုင်းတန်းချက်နဲ့ တင်ပြချက်လွဲမှားတဲ့အတွက် ၁၉၉၆-၁၉၉၇ ခုနှစ်မှာ အရေးယူခြင်းခံရတဲ့နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ သို့ပါ၍ ကျွန်တော် ဆက်စပ်မေးခွန်းအနေနဲ့ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်း ခွင့်နှင့် ကလေးအလုပ်သမားများကို ဆိုးရွားသောပုံစံနဲ့ ခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်း ဘယ်လိုဖြေရှင်းမလဲဆိုတာ ဆက်လက်သိချင်တာကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ခုန ကိုယ်စားလှယ်တော်ကြီး ဖြည့်စွက်မေးမြန်းတဲ့ ကလေးအလုပ်သမားများ အဆိုးရွားဆုံးပုံစံနဲ့ ခိုင်းစေမှုကိစ္စ၊ လွတ်လပ်တဲ့အသင်းဖွဲ့စည်းခွင့်ကိစ္စကိုလည်းပဲ ကျွန်တော်တို့အစိုးရအနေနဲ့ စနစ်တကျ စိစစ်ပြီးတော့မှ ခွင့်ပြုပေးလျက်ရှိပါတယ်။ ကလေးအလုပ်သမားပပျောက်ရေးကိုလည်းပဲ နိုင်ငံတော် အစိုးရအနေနဲ့ ဒုတိယသမ္မတဦးစီးပြီးတော့မှ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအပါအဝင်

သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများအပါအဝင် အဖွဲ့အစည်းများဖြစ်တဲ့ အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အခြားသော NGO, INGO များအပါအဝင် စနစ်တကျစီမံချက်ရေးဆွဲပြီးတော့မှ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ မူလ I.L.O နဲ့ညှိနှိုင်းစီမံချက်အရလာမယ့်ငါးနှစ်ကာလအတွင်းမှာ တိုင်းဒေသကြီးသုံးခုနဲ့ ပြည်နယ်နှစ်ခုသာ ဆောင်ရွက်ရန်ရှိသော်လည်းပဲ ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရနဲ့ ဝန်ကြီးချုပ်များအနေနဲ့ သက်ဆိုင်ရာဒေသအတွင်းမှာကလေးလုပ်သား အခမ္ဘခိုင်းစေမှုများ လျော့နည်းပပျောက်ဖို့အတွက်ကို မိမိတို့အစီအစဉ်နဲ့ စီမံချက်မပါသည့်တိုင် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်းကိစ္စကိုလည်းပဲ ကျွန်တော်တို့ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွတ်လပ်တဲ့အသင်းအပင်းအဖွဲ့ ဖွဲ့စည်းခြင်းကိစ္စကတော့ တချို့ကိစ္စတွေက ပြည်ထဲရေးနဲ့ဆိုင်ပြီးတော့မှအလုပ်သမားကိစ္စကျတော့ ကျွန်တော်တို့ အလုပ်သမားဝန်ကြီးဌာနနဲ့ဆိုင်ပါတယ်။ လက်ရှိအနေအထားအရ I.L.O, ILC က စွပ်စွဲနေသော်လည်းပဲ လက်ရှိအနေအထားမှာ နှစ်စဉ် ကျွန်တော်တို့လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းရေးကိစ္စများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိအနေအထားအရ အလုပ်ရှင်အဖွဲ့အစည်း ၂၉ ခု၊ အလုပ်သမားအဖွဲ့အစည်း အခြေခံကစပြီးတော့မှအဖွဲ့ချုပ်အထိ စုစုပေါင်း ၂၉၀၀ ကျော်ကို ကျွန်တော်တို့ ခွင့်ပြုပြီးဖြစ်ပါတယ်။ ဒီစာရင်းဇယားများကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံမှာ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်မရှိဘူးလို့ ဘယ်နိုင်ငံကမှ မငြင်းနိုင်ပါဘူးခင်ဗျား။ ဆက်လက်ပြီးတော့မှလည်းပဲ ကျွန်တော်တို့ အသင်းအပင်းဖွဲ့စည်းခြင်းကိစ္စကို လိုအပ်တဲ့ဖြေလျော့မှုများကို ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ကျွန်တော် အဓိက ဖြေကြားချင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ကလေးအလုပ်သမားကိစ္စတွေ၊ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းကိစ္စများကို ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ဥပဒေများနှင့်အညီ စနစ်တကျ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုပါကိစ္စရပ်များနှင့်ပတ်သက်ပြီးတော့မှ ILC, ILO ကို ကျွန်တော်တို့ အစည်းအဝေးများမှာ မေးမြန်းလာရင်လည်းပဲ ဂျနီဗာမြို့မှာရှိတဲ့ မြန်မာသံအမတ်ကြီးနဲ့ပူးပေါင်းပြီးတော့မှ ကျွန်တော်တို့ စနစ်တကျတုံ့ပြန်ဖြေကြားသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မိုးကောင်းမြို့နယ်၊ နန့်ဟိုင်ကျေးရွာအုပ်စုရှိ နန့်ဟိုင်ကျေးရွာနှင့် စေတုန်ကျေးရွာတို့အား ကာမိုင်းကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကြီးမှာ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နန့်ဟိုင်ကျေးရွာအုပ်စုရှိ နန့်ဟိုင်ကျေးရွာနှင့် စေတုန်ကျေးရွာတို့အား ကာမိုင်းကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နန့်ဟိုင်ကျေးရွာကို ၁၉၄၆ ခုနှစ်နဲ့ စေတုန်ကျေးရွာကို ၁၉၅၀ ခုနှစ်မှာ တည်ထောင်ခဲ့ပြီး ကချင်တိုင်းရင်းသားများ အစဉ်တစိုက်အခြေချနေထိုင်ခဲ့ကြောင်း မှတ်တမ်းတွေအရ သိရှိရပါတယ်။ ၂၀၁၇ ခုနှစ်မှာ ကာမိုင်းသစ်တောဦးစီးဌာနမှ ကြိုးပြင်ကာကွယ်တောဧရိယာ အမှတ်အသားများလာရောက်စိုက်ထူရာမှာ မိုးကောင်း-ကာမိုင်းလမ်းမကြီးအနောက်ဘက်တစ်ခြမ်းလုံး သစ်တောဧရိယာအဖြစ်သတ်မှတ်ခံခဲ့ရပြီး လူနေအိမ် ၂၃၈ လုံး၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ ဘုရားရှိခိုးကျောင်း လေးကျောင်း၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်း၊ စျေး၊ အုပ်ချုပ်ရေးရုံး၊ ဝန်ထမ်းဆောင်၊ သုသာန်မြေနဲ့ စိုက်ပျိုးမြေစုစုပေါင်းဧက ၂၀၂၀ ပါဝင်သွားခဲ့ပါတယ်။ နှစ်ချင်းအသင်းတော်ကို ၁၉၅၀ ခုနှစ်၊ ကပ်သလစ်ဘုရားကျောင်းကို ၁၉၅၉ ခုနှစ်၊ အင်္ဂလီဂန်အသင်းတော်ကျောင်းကို ၁၉၆၀ ပြည့်နှစ်၊ အစိုးရအလယ်တန်းကျောင်းကို ၁၉၈၀ ပြည့်နှစ်တို့မှာ တည်ဆောက်ခဲ့တာကို ကြည့်ခြင်းအားဖြင့် ရှေးစဉ်ကတည်းကနေတည်ထောင်ခဲ့တဲ့ ဖွံ့ဖြိုးစည်ကားတဲ့ ကျေးရွာကြီးဖြစ်ကြောင်းကိုလည်း သိသာထင်ရှားစေပါတယ်။ တင်ပြပါအတိုင်း ရွာတစ်ဝက်လောက် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခံခဲ့ရတဲ့အတွက် နှစ်ပေါင်းများစွာကတည်းက အစဉ်တစိုက် အခြေချနေထိုင်လာခဲ့တဲ့ ဒေသခံတိုင်းရင်းသားများအနေနဲ့ မိမိတို့နေထိုင်စိုက်ပျိုးလုပ်ကိုင်စားသောက်

နေရတဲ့ ပိုင်ဆိုင်မှုများအတွက် စိုးရိမ်သောကကြီးစွာနဲ့ တင်ပြလာတဲ့ ကျေးရွာသူကျေးရွာသားများရဲ့ တင်ပြချက်အရ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနဲ့ ကွင်းဆင်းစိစစ်ခဲ့ပြီး တွေ့ရှိချက်တွေကိုလည်း ယခုမေးခွန်းနှင့်တစ်ပါတည်း တင်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့် ပြုပါခင်ဗျား။

ကြိုးပြင်ကာကွယ်တောအတွင်းမှာကျရောက်သွားတဲ့ လူနေအိမ်ခြေနဲ့အဆောက်အအုံ၊ စိုက်ပျိုးမြေစာရင်းဖြစ်ပါတယ်။ အစိုးရအဆောက်အအုံမြေ၊ ဘာသာရေးအဆောက်အအုံမြေ၊ လူနေအိမ်၊ စိုက်ပျိုးမြေ၊ သုသာန်မြေ စုစုပေါင်းဧက ၂၀၂၀ ပါဝင်သွားတာဖြစ်ပါတယ်။ နန့်ဟိုင်ကျေးရွာနှင့် စေတုန်ကျေးရွာနှစ်ရွာပေါင်း အိမ်ခြေ ၂၃၈ အိမ်၊ လူဦးရေ ၈၂၀ ဟာကျေးရွာအုပ်စုကြီးတစ်ခုလုံးရဲ့ တစ်ဝက်ကျော် ပါဝင်သွားတာဖြစ်ပါတယ်။ ကြိုးပြင်ကာကွယ်တောအတွင်းကျရောက်နေတဲ့ လူနေအိမ်အဆောက်အအုံတွေဖြစ်ပါတယ်။ ကာကွယ်တောအတွင်းကျရောက်နေတဲ့ ဘာသာရေးအဆောက်အအုံများပဲဖြစ်ပါတယ်ခင်ဗျား။ နှစ်စဉ် မြေခွန်တော်ပေးဆောင်ခဲ့တဲ့ ပြေစာတွေဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ကျေးရွာအုပ်စုများဟာ ဖွံ့ဖြိုးမှုနောက်ကျတဲ့ကျေးရွာတွေဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျေးရွာကို မဲဆန္ဒနယ်များတွေ့ဆုံဖို့ကွင်းဆင်းတိုင်းမှာ ဒေသရဲ့လိုအပ်ချက်တွေထက်ကိုမှ ကြိုးပြင်ကာကွယ်တောကနေ စွန့်လွှတ်ပေးနိုင်ရေးအတွက်ကို ဦးစားပေးပြီး တင်ပြကြတဲ့ရွာတွေဖြစ်ပါတယ်။ ပြီးခဲ့တဲ့ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ရပ်နားစဉ်ကာလကွင်းဆင်းရာမှာလည်း ဒီကိစ္စကိုပဲ အလေးအနက်ထားပြီးတင်ပြခဲ့တာဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်တဲ့အတွက် လွတ်လပ်ရေးမရမီကတည်းက တည်ထောင်ခဲ့တဲ့ကျေးရွာဖြစ်တဲ့ နန့်ဟိုင်ကျေးရွာနဲ့လွတ်လပ်ရေး ခေတ်ဦးမှာတည်ထောင်ခဲ့တဲ့ စေတုန်ကျေးရွာတို့ကို ကာမိုင်းကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပေးပါရန် ဒေသခံတိုင်းရင်းသားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး

**မူကြမ်း**

များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ဦးဝင်းနိုင်မေးမြန်းတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့်ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ၂၀၁၈ ခုနှစ်စက်တင်ဘာလမှာ ပြဋ္ဌာန်းခဲ့တဲ့ သစ်တောဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(က)နှင့် (ခ)တို့မှာ ကြိုးဝိုင်းနှင့်ကြိုးပြင်ကာကွယ်တောများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့်ပတ်သက်ပြီး Power Point မှာတင်ပြပါအတိုင်း ပြဋ္ဌာန်းထားရှိပါတယ်။ ဖော်ပြပါ ပြဋ္ဌာန်းသတ်မှတ်ချက်အရ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ် တောများအတွင်း နိုင်ငံတော်စီမံကိန်းလုပ်ငန်းများ၊ နိုင်ငံတော်၏လုံခြုံရေးလိုအပ်ချက်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ မြို့ပြကျေးရွာဖွဲ့စည်းတည်ထောင်မှုများ၊ မြို့ပြတည်ဆောက်ရေး လုပ်ငန်းများနှင့် သာသနာ့မြေများသတ်မှတ်ရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ သစ်တောမြေအဖြစ်မှ ပြင်ဆင်ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းများကို ဆောင်ရွက်ပေးရပါတယ်။

ထို့အပြင် ၂၀၁၃ ခုနှစ်မှာ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်တဲ့စာရင်းများ ကောက်ယူရရှိမှုအရ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောမြေမှ ပယ်ဖျက်ခြင်းလုပ်ငန်းစဉ်များအား Power Point မှာ ဖော်ပြထားတဲ့ လုပ်ငန်းစဉ်အဆင့် လေးဆင့်ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ တရားမဝင် ဝင်ရောက်အခြေချနေထိုင်တဲ့ ရွာစုနဲ့ အိမ်ထောင်စုများအား အဆင့်အလိုက် ပယ်ဖျက်ပေးလျက်ရှိရာ လုပ်ငန်းစဉ်(က)မှ(ဂ)အထိ ကျေးရွာများရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာ့မြေ/အများပိုင်မြေများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး၊ ယာမြေနဲ့ဥယျာဉ်ခြံမြေများအား သစ်တောမြေမှပယ်ဖျက်ခြင်းမပြုဘဲ ယာမြေများအား သီးနှံသစ်တောရောနှောစိုက်ပျိုးသည့် စနစ်ကိုအခြေခံသည့် ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်ခြင်းနှင့် ဥယျာဉ်ခြံမြေများအား နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မူကြမ်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွင်းရှိ ကာမိုင်းကြိုးပြင်ကာကွယ်တောဧရိယာ ၂၅၆၀၀ ဧကဟာ ဝန်ကြီးဌာနရဲ့ ၂၉-၁၂-၁၉၉၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၅၁/၉၉)ဖြင့် သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ ကာမိုင်းကြိုးပြင်ကာကွယ်တော အဖြစ် သတ်မှတ်ခဲ့စဉ်က ဒေသခံပြည်သူများအား ခွင့်ပြုခဲ့တဲ့ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများအဖြစ် Power Point မှာတင်ပြသည့်အတိုင်း ဂေါ်ရီကျေးရွာ၊ နန့်ဟိုင်ကျေးရွာတို့မှ တောင်သူ ၁၅၈ ဦးရဲ့ ဥယျာဉ်ခြံမြေနှင့် လယ်မြေ ၅၉၂.၄၂ ဧကအား ဆက်လက်လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။

၂၀၁၃ ခုနှစ်မှာ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက် အခြေချနေထိုင်တဲ့စာရင်းကောက်ယူခဲ့စဉ်က လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မိုးကောင်း မြို့နယ်၊ ကာမိုင်းကြိုးပြင်ကာကွယ်တောအတွင်း ဝင်ရောက်အခြေချနေထိုင်မှုစာရင်းတွေကို လုံခြုံရေး အခြေအနေအရ ကောက်ယူနိုင်ခဲ့ခြင်းမရှိပါ။ လက်ရှိအချိန်မှာ ဝန်ကြီးဌာနအနေနဲ့ တစ်ဖက်ကလည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်စေရေးကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ လိုက်နာဆောင်ရွက် ရမည့် ကတိကဝတ်တစ်ခုဖြစ်တဲ့ Nationally Determined Contribution (NDC)အရ နိုင်ငံ့ ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းကို သစ်တောနယ်မြေများအဖြစ်၊ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေး နယ်မြေများအဖြစ် သတ်မှတ်ဖွဲ့စည်းရမှာဖြစ်ပါတယ်။

ထို့အတွက် လက်ရှိအနေအထားအားဖြင့် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို နိုင်ငံ့ဧရိယာ ရဲ့ ၂၅.၃၄ ရာခိုင်နှုန်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံ့ဧရိယာရဲ့ ၅.၈၃ ရာခိုင်နှုန်းအထိ သတ်မှတ်ဖွဲ့စည်းထားရှိပြီး၊ ရည်မှန်းချက်ရာခိုင်နှုန်းများပြည့်မီရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတကာ ကတိကဝတ်များဖြည့်ဆည်းနိုင်ရေးအတွက် သစ်တောနယ်မြေတိုးချဲ့ဖွဲ့စည်းနိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ကာမိုင်း ကြိုးပြင် ကာကွယ်တောဖွဲ့စည်းသတ်မှတ်ခဲ့စဉ်က နန့်ဟိုင်ကျေးရွာနှင့် စေတုန်ကျေးရွာအပါအဝင် ကျေးရွာသုံးရွာရှိ ဒေသခံပြည်သူ ၁၅၈ ဦးအတွက် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ မြို့၊ ရပ်ကွက်၊ ကျေးရွာပြင်ဆင်ဖွဲ့စည်းခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းနှင့်

**မူကြမ်း**

ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ သစ်တောဥပဒေပုဒ်မ(က)နှင့် (ခ)အရ သစ်တောမြေအဖြစ်မှ ပယ်ဖျက်နိုင်ရေး စိစစ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မိုင်းကိုင်မြို့နယ် မြို့မအုပ်စု အမှတ်(၃)ရပ်ကွက်၊ အခြားရပ်ကွက်ကျေးရွာအုပ်စုများမှ လယ်ယာမြေများနှင့် ရပ်ကွက်ကျေးရွာနှင့်သက်ဆိုင်သော မြေများအား ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ဧရိယာစာရင်းမှ အမြန်ဆုံးပယ်ဖျက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များ လျှောက်ထားရယူရန် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆိုင်မိုင်း(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိရဲ့မဲဆန္ဒနယ် မိုင်းကိုင်မြို့နယ်ဟာ လူဦးရေအားဖြင့် ၇၃၃၇၁ ဦးရှိပြီး အကျယ်အဝန်းအားဖြင့် ၁၄၅၉၀.၇ စတုရန်းမိုင်ရှိသည့်အနက် ၁၄၅၂.၅၃ စတုရန်းမိုင်ခန့်ဟာ ကျေးရွာ ဧရိယာများဖြစ်ကြပါတယ်။ အများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကအားထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ မိုင်းကိုင်မြို့နယ် မြို့မအုပ်စု အမှတ်(၃)ရပ်ကွက် ဘိုးဘွားစဉ်ဆက်လုပ်ကိုင်လာခဲ့သော တောင်သူများ၏ လယ်ယာမြေ ၇၇.၉၄ ဧကနှင့် အခြားမတိုင်းတာရသေးသော စိုက်ပျိုးမြေအများအပြား၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်းပါဝင်နေခဲ့ခြင်းကြောင့် တောင်သူများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ ဆုံးရှုံးနစ်နာနေခဲ့ရကြောင်း အမည်ပေါက်တောင်သူ ၁၉ ဦးပြည်သူများထံမှ သိရှိရပါတယ်။ ကွင်းအမှတ်(၁၃၅-က) အတွင်း ဦးပိုင်အမည်ပေါက် လယ်ယာမြေဧကပေါင်း ၇၇.၉၄ ဧက လုပ်ကိုင်လျက်ရှိပါတယ်။

ဒါ့အပြင် ဦးပိုင်အမှတ်စိစစ်ဆဲ လယ်မြေတွင် လုပ်ကိုင်ရရှိသော တောင်သူ ၁၂ ဦးတို့၏ လယ်မြေများသည်လည်း ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း ပါဝင်နေခြင်းကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ-၇ လျှောက်ထားရယူနိုင်ခွင့်မရှိကြောင်း သိရှိရပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ-၇ မရရှိတဲ့အတွက် စိုက်ပျိုးရေးစရိတ်အရင်းအနှီးများ၊ ချေးငွေများချေးယူနိုင်ခွင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရစ်ကျဝယ်ယူနိုင်ခွင့်စတဲ့ ရသင့်ရထိုက်သော တောင်သူအခွင့်အရေးများ ဆုံးရှုံးနစ်နာနေခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ မိမိမဲဆန္ဒနယ် မိုင်းကိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်

ကျေးရွာအုပ်စုများမှ ပြည်သူများ၊ တောင်သူများရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးရလေအောင် ကြုံတွေ့နေရသော အခက်အခဲများကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မိုင်းကိုင်မြို့နယ် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း ကျရောက်နေသော မြို့မအုပ်စု၊ အမှတ်(၃)ရပ်ကွက်အတွင်းရှိ ဘိုးဘွားစဉ်ဆက်လုပ်ကိုင်လာခဲ့တဲ့ လယ်ယာမြေများ အခြားရပ်ကွက်ကျေးရွာအုပ်စုများမှ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း ကျရောက်နေသော လယ်ယာမြေများ ရပ်ကွက်ကျေးရွာနှင့်သက်ဆိုင်သော မြေများအား ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာစာရင်းမှ အမြန်ဆုံးပယ်ဖျက်ပေးနိုင်ရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ-၇ များ လျှောက်ထားရယူနိုင်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ပြဋ္ဌာန်းထားတဲ့ သစ်တောဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က)နှင့်(ခ) တို့မှာ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့် ပတ်သက်ပြီးတော့မှ Power Point တွင်တင်ပြပါအတိုင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ အဆိုပါပြဋ္ဌာန်းချက်တွေအရ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်းမှ နိုင်ငံတော်စီမံကိန်းလုပ်ငန်းတွေ၊ နိုင်ငံတော်ရဲ့လုံခြုံရေးလိုအပ်ချက်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ မြို့ပြကျေးရွာ ဖွဲ့စည်းတည်ထောင်မှုများ၊ သာသနာ့မြေများ၊ သတ်မှတ်ရန်လိုအပ်

ပါက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ သစ်တောမြေအဖြစ်မှ ပြင်ဆင်ပြောင်းလဲ သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ပေးရပါတယ်။

ထို့အပြင် ၂၀၁၃ ခုနှစ်မှာလည်း သစ်တောနယ်မြေများအတွင်း ဝင်ရောက်အခြေချနေထိုင်တဲ့ စာရင်းတွေကောက်ယူချက်အရ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောမြေမှ ပယ်ဖျက်ပေးခြင်းလုပ်ငန်းစဉ်အား Power Point ပါ ဖော်ပြပါလုပ်ငန်းစဉ် အဆင့်လေးဆင့်အတတိုင်း စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေများအတွင်း တရားမဝင် အခြေချနေထိုင်တဲ့ ရွာစုနှင့်အိမ်ထောင်စုများအား အဆင့်အလိုက်ပယ်ဖျက်ပေးလျက်ရှိရာ လုပ်ငန်းစဉ်(က)မှ (ဂ)အထိ ကျေးရွာများရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး၊ ယာမြေနဲ့ ဥယျာဉ်ခြံမြေတွေကိုတော့ သစ်တောမြေမှ ပယ်ဖျက်ခြင်းမပြုဘဲ ယာမြေများအား သီးနှံသစ်တောရောနှောစိုက်ပျိုးသည့်စနစ်ကို အခြေခံသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်ခြင်းနှင့် ဥယျာဉ်ခြံမြေ နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်၊ လွိုင်ကော်ခရိုင်၊ မိုင်းကိုင်မြို့နယ်မှာ ကြိုးဝိုင်းတောလေးခု၊ ဧရိယာအားဖြင့် ၅၇၂၈၉၁.၃၉ ဧက၊ ကြိုးပြင်ကာကွယ်တောတစ်ခု၊ ဧရိယာအားဖြင့် ၁၉၁၆၁.၀၀ ဧကဖြင့် ဖွဲ့စည်းထားရှိပါတယ်။ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဖွဲ့စည်းစဉ်က တောင်းဆိုလိုသည့် အခွင့်အရေးဆိုင်ရာဆိုင်ခွင့်များကို တင်ပြတောင်းခံစေခဲ့ရာ တုံလောကြိုးဝိုင်း၊ နမ့်ကကြိုးဝိုင်း၊ မိုင်းယွန်း/မိုင်းလန်းကြိုးဝိုင်း၊ လွိုင်လန်းကြိုပြင်ကာကွယ်တောများအတွက် သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာ နယ်မြေရှိ ဒေသခံပြည်သူများမှ ဆိုင်ရာဆိုင်ခွင့်တောင်းဆိုခဲ့ခြင်းမရှိပါ။ ဝမ်းပါယန်းကြိုးဝိုင်းတောအတွင်း ကျေးရွာသုံးရွာမှ တောင်သူ ၄၂ ဦး၏ လယ်မြေ ၃၁.၉၆ ဧက၊ ယာမြေ ၅၄.၂၅ ဧက၊ ဥယျာဉ်ခြံမြေ ၄၀.၇၅ ဧက စုစုပေါင်း ၁၂၆.၆၉ ဧကတို့ကိုဆိုင်ရာဆိုင်ခွင့်များပေး၍ ဆက်လက်လုပ်ကိုင်ခွင့်ပေးထားခဲ့ပါတယ်။

မိုင်းကိုင်မြို့နယ်ရှိ ၂၀၁၃ ခုနှစ် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း နေထိုင်သူများအား ကျူးကျော်စာရင်းကောက်ယူခဲ့ရာတွင် Power Point တွင်ဖော်ပြပါအတိုင်း ကောက်ယူရရှိခဲ့ပါတယ်။ ဝမ်းပါယန်ကြိုးဝိုင်း၊ မိုင်းယွန်း/မိုင်းလန်းကြိုးဝိုင်းဧရိယာ တစ်ခုလုံးနှင့် တုံလောကြိုးဝိုင်း၊ နမ့်ကကြိုးဝိုင်းနှင့် လွိုင်လန်းကြိုးပြင်ကာကွယ်တောတို့မှာ နေရာဒေသအချို့တွင် ထိုအချိန်က လုံခြုံရေး

အခြေအနေများအရ သစ်တောနယ်မြေများအတွင်း ဝင်ရောက်အခြေချနေထိုင်သည့် ရွာစုနှင့် အိမ်ထောင်စုများအား စာရင်းကောက်ယူနိုင်ခဲ့ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ မိုင်းကိုင်မြို့နယ် အတွင်း ၂၀၁၃ ခုနှစ်တွင်ကောက်ယူခဲ့သော စာရင်းများအနက် အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေး အမည်ပေါက် ကျေးရွာခုနစ်ရွာ၊ ရွာမြေ၊ လယ်မြေ၊ အများပိုင်၊ သာသနာမြေ စုစုပေါင်း ၃၂၃၉.၄၄ ဧက ကို ဝန်ကြီးဌာန၏ ၁၃-၈-၂၀၁၃ ရက်စွဲပါစာဖြင့်လည်းကောင်း၊ အိမ်ခြေ ၅၀ အောက် ပြည်ထဲရေး အမည်ပေါက်နှင့် ပြည်ထဲရေးအမည်မပေါက်သော်လည်း အခိုင်အမာတည်ထောင်ထားသည့် ကျေးရွာ ၂၆ ရွာ၏ ရွာမြေ၊ လယ်မြေ၊ သာသနာအများပိုင်မြေ စုစုပေါင်း ၁၁၁၅၈.၁၇ ဧကကို ဝန်ကြီးဌာန၏ ၆-၄-၂၀၁၃ ရက်စွဲပါစာဖြင့်လည်းကောင်း သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်။

မိုင်းကိုင်မြို့၊ မြို့မအုပ်စု၊ အမှတ်(၃)ရပ်ကွက်နှင့် အခြားအုပ်စုကျေးရွာများမှ ဘိုးဘွားစဉ်ဆက် လုပ်ကိုင်လာသည်ဆိုသော လယ်ယာမြေများအား တောင်သူများမှ ၁၅-၃-၂၀၁၉ ရက်နေ့တွင် လိုက်လံ ပြသချက်အရ ကွင်းဆင်းစစ်ဆေးရာမှာ လွိုင်လန်းကြိုပြင်ကာကွယ်တောအတွင်း ကျရောက်လျက်ရှိ ပြီး ၂၀၁၃ ခုနှစ်က နယ်မြေလုံခြုံရေးအခြေအနေအရ စာရင်းကောက်ယူနိုင်ခဲ့ခြင်းမရှိသည့်နေရာ ဖြစ်ကြောင်း သိရှိရပါတယ်။ လက်ရှိအချိန်မှာ ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံသစ်တောများ ပြန်လည် တည်ထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၊ တစ်ဖက်ကလည်း ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကို လျှော့ချနိုင်စေရေးအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ လိုက်နာဆောင်ရွက်ရမည့် ကတိကဝပ်များအရ နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သစ်တောနယ်မြေများအဖြစ်၊ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းနယ်မြေများအဖြစ် သတ်မှတ်ဖွဲ့စည်းရမှာဖြစ်တဲ့အတွက် တည်ဆဲဥပဒေ၊ နိုင်ငံ တကာကတိကဝပ်ဖြည့်ဆည်းနိုင်ရေးအတွက် သစ်တောနယ်မြေတိုးချဲ့ဖွဲ့စည်းနိုင်ရေးကို ဦးစားပေး ဆောင်ရွက်နေရသည့်အတွက် သစ်တောနယ်မြေမှ လတ်တလော ပယ်ဖျက်ပေးရန် အစီအစဉ်မရှိသေး ပါကြောင်းနှင့် သစ်တောနယ်မြေမှ ပယ်ဖျက်မည်ဆိုပါကလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ မြို့၊ ရပ်ကွက်၊ ကျေးရွာပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် သစ်တောမြေမှ ပယ်ဖျက်ပြီးမှသာ လယ်ယာမြေလုပ်ပိုင်ခွင့်

ပုံစံ-၇ ထုတ်ပေးခြင်းလုပ်ငန်းစဉ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ထီးချိုင့်မြို့နယ်၊ တကောင်းတောင်နီကယ်စီမံကိန်းတွင် ဧရာဝတီမြစ်ဆိပ်ကမ်း ကရိန်းကုန်တင်ကုန်ချစနစ်အတွက် လျှပ်စစ်ဓာတ်အားသွယ်တန်းရာတွင် ဒေသခံတောင်သူများ၏ လယ်ယာမြေများအတွင်း မီးတိုင်စိုက်ထူထားသောကြောင့် နစ်နာမှုကိုမည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမြန်းမှာကတော့ ဒေသခံတောင်သူများ၏ လယ်မြေများအတွင်း မီးတိုင်များစိုက်ထူထားသောကြောင့် နစ်နာမှုကိုမည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်မှာ တကောင်းတောင် CNICO Company၊ ဖယ်ရိုနီကယ်စီမံကိန်းရဲ့စက်ရုံကို မန်းကုန်းကျေးရွာရဲ့ တောင်ဘက်မှာရှိပြီး ဧရာဝတီမြစ်နဲ့ခပ်လှမ်းလှမ်းမှာ တည်ဆောက်ထားတာဖြစ်ပါတယ်။ စက်ရုံတည်ဆောက်စဉ်ကစပြီး လိုအပ်တဲ့တည်ဆောက်ရေးပစ္စည်းများနဲ့ ကျောက်မီးသွေးတွေ ဆိပ်ကမ်းပေါ်တင်တဲ့အခါ၊ နောက်ပြီးတော့ စက်ရုံကထွက်ရှိလာတဲ့ Ferro Nickel Seeds တွေ သင်္ဘောပေါ်အတက်အချလုပ်ဖို့အတွက် ဟိုက်ထရောလစ်ကရိန်းတွေနဲ့ ကွန်ဘေယာတွေကိုအသုံးပြုရပါတယ်။ ဒီအခါလိုအပ်တဲ့လျှပ်စစ်ဓာတ်အားကို စက်ရုံကနေ မြစ်ဆိပ်ကမ်းအထိ လယ်ယာမြေများပေါ်ကဖြတ်သန်းသွယ်တန်းသွားတဲ့အခါ ဒေသခံတောင်သူများအနေနဲ့ နစ်နာဆုံးရှုံးမှုကို တင်ပြလာတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှင်းလို့လွယ်ကူအောင် Power Point သုံးစွဲခွင့်ပြုရန် တင်ပြအပ်ပါတယ်။ မီးတိုင်ဟာ နှစ်တန်းဖြစ်တဲ့အတွက် တိုင်အများကြီးသုံးရပါတယ်။ တစ်တိုင်တစ်တိုင်မှာလည်း ဆိုင်းကြိုး

တွေ့ပါတဲ့အတွက် အောက်ခြေမှာ တိုင်တစ်တိုင်မှာပေးလိုက်ရတဲ့ဧရိယာက တော်တော်များပါတယ်။ တူတူပါပဲ။ ဒီလိုပါပဲ တူတူပါပဲ။ တိုင်တစ်တိုင်အတွက် အဲဒီလိုပေးလိုက်ရတဲ့အခါမှာ မီးတိုင်ပေါင်းများစွာဖြတ်သွားတဲ့အခါ တောင်သူတွေမှာ နစ်နာဆုံးရှုံးမှုတွေရှိရပါတယ်။ ဒါဟာလည်း စက်ရုံစတည်ကတည်းက ဖြစ်ခဲ့တာပါ။ ဒါခုမှ သူတို့တွေတင်ပြလို့ ကျွန်တော်တို့တွေ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထီးချိုင့်မြို့နယ် တကောင်းတောင်နီကယ်စီမံကိန်းမှာ ဧရာဝတီမြစ်ဆိပ်ကမ်း ကရိန်းကုန်တင်ကုန်ချစနစ်အတွက် လျှပ်စစ်သွယ်တန်းရာမှာ ဒေသခံတောင်သူများ၏ လယ်မြေများအတွင်း မီးတိုင်စိုက်ထူထားသောကြောင့် နစ်နာမှုကို မည်ကဲ့သို့ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နဲ့ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ တကောင်းတောင်နီကယ်စီမံကိန်းကို ၂၀၀၉ ခုနှစ်ပတ်ဝန်းကျင်လောက်က တည်ဆောက်ဆဲကာလမှာ မြေနေရာရရှိအသုံးပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနဲ့အညီ ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်ရဲ့ စိစစ်ထောက်ခံချက်နဲ့ စီမံကိန်းမှာအသုံးပြုတဲ့ စိုက်ပျိုးမြေနေရာတွေအတွက် သီးနှံလျော်ကြေးများပေးချေပြီး ဖော်ပြပါအတိုင်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ နစ်နာကြေးပေးချေရာမှာ နီကယ်သတ္တုစက်ရုံဝင်း၊ ချော်စုပုံဝင်း၊ ဆီသိုလှောင်ရုံဝင်း၊ ရေသန့်စင်စက်ရုံဝင်း၊ ဆိပ်ခံတံတားဧရိယာစသည်တို့အတွက် တောင်သူဦးရေစုစုပေါင်း ၈၈ ဦးရဲ့လယ်ယာမြေ ၇၁၉.၇၁ ဧကအတွက် သီးနှံလျော်ကြေးငွေကျပ် ၅၇.၀၄ သန်း ပေးချေခဲ့ပါတယ်။

ဆက်သွယ်ရေးလမ်းများဖြစ်တဲ့ ဆိပ်ခံဇရိယာနဲ့ ဆီသိုလှောင်ရုံလမ်း၊ ဆီသိုလှောင်ရုံနဲ့ စက်ရုံသို့ လမ်း၊ စက်ရုံမှ ချော်စုပုံဝင်း စသည့်လမ်းများအတွက် တောင်သူ ၂၄ ဦးရဲ့လယ်ယာမြေ ၁၈.၉၄ ဧက အတွက် သီးနှံလျော်ကြေးငွေကျပ် ၂.၃၇၂ သန်း ပေးချေပြီးဖြစ်ပါတယ်။ တကောင်းဖယ်ရိုနီကယ် စက်ရုံကနေပြီးတော့မှ ဆိပ်ခံတံတားသို့ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းရန် မီးတိုင်များစိုက်ထူရာမှာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ကျေးရွာတောင်သူလယ်သမားတို့ရဲ့ ညှိနှိုင်းသဘောတူညီချက်ဖြင့် နစ်နာကြေးပေးချေပြီး မီးတိုင်များစိုက်ထူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

Myanmar CNMC Nickel Co.,Ltd နဲ့ တောင်သူ ဦးအောင်နိုင်တို့ အမြဲတမ်းလျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းနဲ့ပတ်သက်ပြီးတော့မှ ၁၈-၉-၂၀၁၀ ရက်နေ့မှာ နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုခဲ့ပြီး အဲဒီနှစ်ဖက်သဘောတူစာချုပ်မှာ Myanmar CNMC Nickel Co.,Ltd မှ ဦးအောင်နိုင်ရဲ့ လယ်ယာမြေမှာ အမြဲတမ်းလျှပ်စစ်ဓာတ်အားလိုင်းသွယ်ခြင်းအား ဦးအောင်နိုင်က သဘောတူခွင့်ပြုထားပြီး Myanmar CNMC Nickel Co.,Ltd က ပြောင်းပင်ရိတ်သိမ်းခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းတို့အတွက် နစ်နာကြေးငွေ ကျပ် ၁၀၀၀၀ ကို ဦးအောင်နိုင်သို့ ပေးချေရန်သဘောတူညီချက်အရ Myanmar CNMC Nickel Co.,Ltd ထံမှ နစ်နာကြေးငွေကျပ် ၁၀၀၀၀ လက်ခံရရှိထားသည်ကို ဦးအောင်နိုင်က လက်မှတ်ရေးထိုးတင်ပြထားတာရှိပါတယ်။

ကျွန်တော်တို့ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ Myanmar CNMC Nickel Co.,Ltd အနေနဲ့ စိုက်ပျိုးမြေပေါ်မှာ မီးတိုင်စိုက်ထူမှုကြောင့် တောင်သူတို့ရဲ့မြေအနည်းငယ်ထိခိုက်နိုင်သော်လည်း လျှပ်စစ်အန္တရာယ်မရှိစေရန် Insulator Coated Cable ကြိုးများတပ်ဆင်အသုံးပြုထားခြင်း၊ ထိုမီးတိုင်ကြိုးများမှတစ်ဆင့် နီးစပ်ရာကျေးရွာများသို့ CSR အနေနဲ့ လျှပ်စစ်မီးပို့လွှတ်ပေးနိုင်ခြင်း၊ ဝန်ကြီးဌာနနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်နေတဲ့လုပ်ငန်းဖြစ်တဲ့ အတွက် နိုင်ငံတော်ရဲ့အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းကအထောက်အကူပြုစေခြင်း၊ ဒေသခံ ကျေးရွာသူကျေးရွာသားများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်းစတဲ့ အကျိုးကျေးဇူးများလည်း ရှိပါကြောင်းနှင့် တောင်သူ ဦးအောင်နိုင်သို့ ၁၈-၉-၂၀၁၀ ရက်နေ့တွင် ပြောင်းပင်ရိတ်သိမ်းခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းတို့အတွက် နစ်နာကြေးငွေ ၁၀၀၀၀ ကျပ်ကို သဘောတူညှိနှိုင်းပေးချေခဲ့ပြီးဖြစ်ပါသော်လည်း လက်ရှိနစ်နာနေမှုများအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ

အဖွဲ့မှ လယ်ယာမြေဥပဒေနဲ့အညီ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တကောင်းနီကယ်စီမံကိန်းမှ တာဝန်ရှိသူများပူးပေါင်း၍ ပြန်လည်ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ဒီနေရာမှာဝန်ကြီးဖြေသွားတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဖြေတဲ့အခါမှာ တောင်သူရဲ့ထောက်ခံစာပါတယ်လို့လည်း တင်ပြသွားပါတယ်။ ဒါကိုညှိနှိုင်းတဲ့အခါမှာသေသေချာချာဖြစ်အောင် ကျွန်တော်တို့ကိုညှိနှိုင်းဖို့လေးကို စီစဉ်ပေးစေလိုပါတယ်။ အဲဒီတော့ ဒီမှာအခက်အခဲကဘာလဲဆိုတော့ ကျွန်တော်တို့ ထီးချိုင့်မှာ နီကယ်စက်ရုံနဲ့ ဂရိတ်ဝမ်းစက်ရုံ နှစ်ရုံရှိပါတယ်။ နှစ်ခုရှိတဲ့အခါမှာ နီကယ်စက်ရုံနဲ့စကားပြောတဲ့အခါမှာ ပြီးခဲ့တဲ့သုံးနှစ်တာအတွင်းမှာ အလုပ်သမားကိစ္စပဲဖြစ်ဖြစ်၊ မြေတွေဖုံးလွှမ်းတဲ့ကိစ္စပဲဖြစ်ဖြစ်၊ စက်ရုံက သန့်စင်ပြီးရေတွေကို စွန့်လွှတ်တဲ့ကိစ္စပဲဖြစ်ဖြစ် ပြောရတဲ့နေရာမှာ အင်မတန်လက်ဝင်ပါတယ်။ ညှိနှိုင်းတဲ့အခါပြောတဲ့အခါမှာလည်း စကားပြန်ရဲ့အခက်အခဲတွေ၊ နောက်ပြီးတော့ သူတို့တွေရဲ့ပြောတဲ့အခါမှာ ဘယ်သူ့ဟာမှ ဝန်မခံတာမျိုးတွေခဏခဏကြုံရတဲ့အတွက် ဒီလိုညှိနှိုင်းတဲ့ဟာကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်ကနေပြီးမှ မြို့နယ်အဆင့်ထိတိုင်အောင် သက်ဆိုင်ရာအစိုးရရုံးကနေပြီးမှ ဒီလိုဒီလိုညှိနှိုင်းပါဆိုတဲ့စာကို စက်ရုံကိုထုတ်ပေးဖို့ရာနဲ့ သက်ဆိုင်ရာမြို့နယ်အဆင့်ကို ဝန်ကြီးဌာနမှ မိတ္တူပေးဖို့ရန်အစီအစဉ်ရှိ/မရှိ အဲဒါလေးဆက်စပ်မေးခွန်းမေးလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ထပ်ဆင့်မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ တကောင်းနီကယ်စီမံကိန်းနဲ့ပတ်သက်ပြီးတော့မှ ဒေသခံတောင်သူများနဲ့ဖြစ်ပေါ်နေတဲ့ပြဿနာများကို အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ပေးတာတွေ ရှိပါတယ်။ အခု တင်ပြတဲ့ကိစ္စမှာလည်း ဒေသခံတောင်သူ ဦးအောင်နိုင်က သူ့ရဲ့လယ်ယာမြေထဲမှာ ဓာတ်တိုင်စိုက်ထူထားတဲ့အတွက် နစ်နာကြေးပြန်လည်ရယူလိုခြင်းကိစ္စကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့မှ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနဲ့ တကောင်းတောင်

နီကယ်စီမံကိန်းမှ တာဝန်ရှိသူများ ပူးပေါင်းပြီးတော့မှ ပြန်လည်စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လည်း ဖြေကြားထားပြီးဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်း ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနမှလည်း သက်ဆိုင်ရာ Myanmar CNMC Nickel Co.,Ltd ကို နစ်နာမှုများနဲ့ပတ်သက်၍ ပြန်လည်စိစစ်ပေးဖို့နဲ့ အရေးယူဆောင်ရွက်ပေးဖို့ကို ပေါင်းစပ်ညှိနှိုင်းပြီးတော့မှ အကြောင်းကြားစာထုတ်ပြန်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့အတွင်း၌ရှိ မိုးဗြဲဆည်(ခ)ဖယ်ခုံအင်း၏ အရှေ့ဘက်တွင် နေထိုင်သော ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖိုးမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖိုးမောင်(ဖယ်ခုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် လေ့လာသူများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင် ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးဗြဲဆည်(ခေါ်)ဖယ်ခုံအင်း၏အရှေ့ဘက်တွင် နေထိုင်သော ကျေးရွာများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းသောမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးဗြဲဆည်(ခေါ်)ဖယ်ခုံအင်းဟာ ၁၉၆၈ ခုနှစ် ၁ လပိုင်းမှ ၁၉၇၁ ခုနှစ် ၉ လပိုင်းအထိ ၃ နှစ်ကျော်ကာလအတွင်း ဘီလူးချောင်းကို ရေကာတာတည်ဆောက်ရာမှ ဖြစ်ပေါ်လာတဲ့ အိမ်တစ်အိမ်ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးဗြဲရေကာတာမတည်ဆောက်မီအချိန်က ဘီလူးချောင်းဘေးတစ်ဘက်တစ်ချက်မှာ နန်းသုတ်ရွာ၊ စကွယ်ရွာ၊ ပါလိရွာ၊ ဈေးတန်းရွာ၊ ဘဝသိရွာ၊ လဟွဲရွာ၊ နောင်လိုင်ရွာစတဲ့ရွာများဟာ ဘီလူးချောင်းကို အမှီပြုပြီး လယ်ယာစိုက်ပျိုးရေး၊ ငါးမွေးမြူရေးစသည့်

လုပ်ငန်းများဖြင့် အသက်မွေးဝမ်းနေထိုင်ခဲ့ကြပါတယ်။ မိုးငြဲဆည်တည်ဆောက်ပြီးနောက် စိုက်ပျိုးမြေဧက ၁၀၀၀၀ ကျော် ရေနစ်မြုပ်ခံရသည့်အပြင် ဘီလူးချောင်းဘေးမှာရှိတဲ့ကျေးရွာများဟာ ရေမြုပ်ဧရိယာလွတ်ရာ အင်းရဲ့အရှေ့ဘက်ကမ်းရှိ တောင်ကုန်း၊ တောင်စောင်းများအပေါ်သို့ ပြောင်းရွှေ့နေထိုင်ကြရပါတယ်။ ၎င်းရွာများဟာ ယနေ့ထိတိုင် ဖွံ့ဖြိုးမှုနောက်ကျနေဆဲ ကျေးရွာများဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးငြဲဆည်တည်ဆောက်ရခြင်း ရည်ရွယ်ချက်ကို လေ့လာကြည့်တဲ့အခါမှာ (၁) အချက် ဆည်ရဲ့အောက်ဘက်လယ်ဧက ၂ သောင်းကျော်ကို နွေ၊ မိုး၊ ဆောင်းရာသီမရွေးစိုက်ပျိုးနိုင်ရန်၊ (၂) အချက် ဘီလူးချောင်း ရေကြီးရေလျှံမှုကို ကာကွယ်ပေးရန်အတွက်၊ (၃) အချက် လောပီတရေအားလျှပ်စစ်စက်ရုံ ၂၀ မီဂါဝပ်ရှိသော စက်ငါးလုံးအတွက် တစ်နှစ်ပတ်လုံးလိုအပ်သောရေကို ထိန်းညှိဖြည့်ဆည်းပေးရာတွင် အဓိကအရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သောကြောင့် မိုးငြဲဆည်ကို တည်ဆောက်ရခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လောပိတရေအားလျှပ်စစ်စက်ရုံမှ မြန်မာပြည်အနှံ့မဟာဓာတ်အားလိုင်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်ခဲ့သော်လည်း မိုးငြဲဆည်တည်ဆောက်မှုကြောင့်ပြောင်းရွှေ့ခံခဲ့ရသော ဖယ်ခုံမြို့နယ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများမှာ ယနေ့အချိန်အထိ လျှပ်စစ်မီးခံစားခွင့်မရရှိသောကြောင့် အထက်ပါမေးခွန်းကို မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်။ ပိုမိုရှင်းလင်းရန်အတွက် Power Point သုံးစွဲခွင့်ပြုပါ။ အစက်အဖြူနဲ့ဟာ ဘီလူးချောင်းပါ။ ဘီလူးချောင်းကိုပိတ်ပြီးတော့ ဖြစ်တည်လာတဲ့ ဖယ်ခုံအင်းဟာ အလျား ၁၂ မိုင်၊ အနံ ၆ မိုင်ရှိပါတယ်။ မိုးငြဲရေကာတာဖြစ်ပါတယ်။ ရေတံခါးပေါက်ငါးပေါက်နှင့် လောပိတမှာ လိုအပ်တဲ့ရေတွေကို ချိန်ညှိပြီးပေးရတဲ့ ရေကာတာကြီးဖြစ်ပါတယ်။ လောပိတရေအားလျှပ်စစ်ကနေပြီးတော့ မဟာဓာတ်အားလိုင်းအနေနဲ့ ဖြန့်ဝေပေးတဲ့တိုင်ဖြစ်ပါတယ်။ အဲဒီတိုင်မှာ ဗို့အား ၁၃၂၀၀၀ ဆိုတာရေးထားပါတယ်။ အဲဒီတိုင်က ကျွန်တော် တို့ဖယ်ခုံမြို့နယ်မှာ သုံးလိုင်းလောက်ဖြတ်သွားပါတယ်။ နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်ကို တစ်ဘက်တစ်လမ်းမှ အကျိုးပြုပေးသော ဖယ်ခုံမြို့ရဲ့အဝင် ရှုခင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနှင့်တက်ရောက်လာသော ဧည့်သည်တော်အပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ဖယ်ခုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကျွန်တော်ဒုတိယဝန်ကြီး၊ ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ အင်းအရှေ့ဘက်မှာရှိတဲ့ နောင်လိုင်ကျေးရွာအုပ်စု နောင်လိုင်၊ဆောင်ဒူထက်၊ ဆောင်ဒူအောက်၊ ကျွန်းကုန်းကျေးရွာ ၄ ရွာ လျှပ်စစ်ဓာတ်အားရရှိစေနိုင်ဖို့ရာမိုးဗြဲဆည်မှာတည်ရှိတဲ့ မိုးဗြဲဓာတ်အားခွဲရုံမှတစ်ဆင့် ဆီးမီလောကျေးရွာအထိကို ဓာတ်အားပေးထားတဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းကနေပြီး ၁၁ ကေဗွီဓာတ်အားလိုင်း ၂.၈ မိုင် ထပ်မံဆွဲသွားကာ၊ ၄၀၀ ဗို့လိုင်းစုစုပေါင်း မိုင် ၄ မိုင်နှင့် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး တည်ဆောက်တပ်ဆင်ပေးရမှာ ဖြစ်ပါတယ်။

အင်းအရှေ့ဘက်မှာရှိတဲ့ ကုရင်ကျေးရွာအုပ်စု၊ ရွှေစန်းကျေးရွာ လျှပ်စစ်ဓာတ်အားရရှိနိုင်စေဖို့ရာ နောင်လိုင်ကျေးရွာက လျှပ်စစ်ဓာတ်အားရောက်ရှိသွားပြီဆိုရင် ၎င်းကျေးရွာမှတစ်ဆင့်နောက်ထပ် ၁၁ ကေဗွီဓာတ်အားလိုင်း ၂.၈ မိုင်၊ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း၂.၅ မိုင် တည်ဆောက်ပေးရမှာဖြစ်ပါတယ်။ ကုရင်ကျေးရွာအုပ်စု၊နန်းဟူး၊ ဆင်ဖြူ၊ တောင်ပို့ကြီး၊ ကုန်းပေါ်၊ ညောင်မွန်း၊ ငါးမူးကျေးရွာခြောက်ရွာ လျှပ်စစ်ဓာတ်အားရရှိစေနိုင်ရန် ရွှေစန်းကျေးရွာလျှပ်စစ်ဓာတ်အားရရှိသွားရင် ၎င်းကျေးရွာမှတစ်ဆင့် နောက်ထပ် ၁၁ကေဗွီဓာတ်အားလိုင်း ၄ မိုင်၊ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ လေးလုံးနှင့် ၄၀၀ ဗို့လိုင်း ၇ မိုင် တည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။

သို့ပါ၍ နောင်လိုင်ကျေးရွာအုပ်စုမှာရှိတဲ့ ရွာလေးရွာနှင့် ကုရင်ကျေးရွာအုပ်စုမှာရှိတဲ့အထက်ပါကျေးရွာခုနှစ်ရွာ လျှပ်စစ်ဓာတ်အားရရှိစေနိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရရဲ့ ဘတ်ဂျက်ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး

အင်းအရှေ့ဘက်မှာရှိတဲ့ လွယ်ပေါက်ကျေးရွာအုပ်စု၊ မခေခမ်း၊ လွယ်ဟယ်၊ ပိန်းနဲကုန်း၊ နန်းဆွတ်၊ နန်းပေါ်လုံ၊ လွယ်ပေါနှင့် ဆောင်နန်းခဲကျေးရွာခုနှစ်ရွာ၊ နားဟီးကျေးရွာအုပ်စု၊ နားဟီး၊ အုန်တိုင်း၊ နားကုန်း၊ ကာလ၊ လွိုင်စတီ၊ ဘန်းခူး၊ နန်းစမုတ်နှင့် ပုံးလောကျေးရွာရှစ်ရွာ လျှပ်စစ်ဓာတ်အား ရရှိစေနိုင်ဖို့ရာအတွက် ညောင်မွန်းမှာ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံကို ပြည်ထောင်စုရဲ့ ငွေလုံးငွေရင်း ဘတ်ဂျက်ရန်ပုံငွေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ဆောင်ရွက်ရန် လျာထားရေးဆွဲထားပြီး ဖြစ်ပါတယ်။ အဆိုပါ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးတဲ့အချိန်မှာ အဆိုပါကျေးရွာများအတွက် လိုအပ်တဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ၄၀၀ ဗို့ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြည်နယ်အစိုးရရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တောင်ဥက္ကလာပမြို့နယ်အတွင်း သက်တမ်းကြာနေပြီဖြစ်သော လျှပ်စစ်မီးကြိုးများနေရာတွင် လျှပ်စစ်မီးကြိုးအသစ်များ အစားထိုးဆောင်ရွက်ခြင်းကို မည်ကဲ့သို့သော အစီအစဉ်ဖြင့် စီမံချက်ချ၍ ဆောင်ရွက်ထားပါသည်နှင့် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မည်ကဲ့သို့ စီမံပြင်ဆင်ထားသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော ဧည့်သည်တော်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုမျိုး မိုးဦးကျအချိန်ဟာ လေပြင်းတိုက်ခတ်မှုတွေကြောင့် လျှပ်စစ်ဓာတ်ကြိုးများပြတ်ကျခြင်းတို့ ဖြစ်ပွားနေတဲ့အချိန် ဖြစ်ပါတယ်။ ဓာတ်ကြိုးပြတ်ကျတဲ့အကြောင်းရင်းတွေထဲမှာ ဓာတ်ကြိုးနဲ့မလွတ်တဲ့အပင်၊ အကိုင်းတွေကလည်း အကြောင်းအရင်းတစ်ခုဖြစ်နေပါတယ်။ ၂၀၁၆ ခုနှစ်အထိတော့ လျှပ်စစ်ဌာနဟာ လျှပ်စစ်ကြိုးနဲ့မလွတ်တဲ့ အပင်၊ ကိုင်းတွေကိုခုတ်ပါတယ်။ မြို့နယ်စည်ပင်က သိမ်းဆည်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက်တာကို တွေ့ရှိရပါတယ်။ ၂၀၁၇ ခုနှစ်ကစပြီးတော့ မြို့နယ်လျှပ်စစ်ဌာနဟာ ဝန်ထမ်းအင်အားမရှိလို့ဆိုပြီး လျှပ်စစ်ကြိုးနဲ့မလွတ်တဲ့ အပင်၊ ကိုင်း

တွေကို ခုတ်ယူခြင်းမရှိတော့ပါဘူး။ မြို့နယ်စည်ပင်ကပဲ ဆောင်ရွက်နေတာတွေ့ရှိရပါတယ်။ မြို့နယ်စည်ပင်အနေဖြင့်လည်း လျှပ်စစ်ကြိုးနဲ့မလွတ်တဲ့ အပင်၊ ကိုင်းတွေခုတ်တဲ့အခါ လျှပ်စစ်မီးဖြတ်ပေးဖို့ကို လျှပ်စစ်ဌာနကို အကြောင်းကြားပြီးဆောင်ရွက်နေရတာဖြစ်တဲ့အတွက် မိုးတွင်းကာလမတိုင်မီ လုပ်ငန်းများပြီးစီးနိုင်ခြင်းမရှိတာကို တွေ့ရှိနေရပြီး လျှပ်စစ်မီးကြိုးများလည်း မကြာခဏပြတ်ကျမှုတွေ ဖြစ်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ မြို့နယ်လျှပ်စစ်ဌာနအနေဖြင့် လျှပ်စစ်မီးကြိုးနဲ့မလွတ်တဲ့ အပင်၊ ကိုင်းတွေကို အရင်လိုပဲ ဌာနအနေဖြင့် ခုတ်ပေးနိုင်ဖို့ကို တင်ပြပါတယ်။ မည်ကဲ့သို့စီစဉ်ထားသည်ကိုလည်း သိရှိလိုပါတယ်ခင်ဗျား။ နောက်တစ်ခုအနေနဲ့တင်ပြရရင် မြို့နယ်မှာရှိတဲ့ လျှပ်စစ်မီးကြိုးများဟာ သက်တမ်းကြာနေပြီဖြစ်လို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းနိုင်ဖို့အတွက် Insulated ဝါယာကဲ့သို့သော Cover ပါသော လျှပ်စစ်မီးကြိုးများ လဲလှယ်တပ်ဆင်ပေးရန်မှာလည်း လိုအပ်လျက်ရှိနေပြီဖြစ်ပါတယ်။ Insulated ဝါယာများအစားထိုးလဲလှယ်ခြင်းအတွက်လည်း မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မိုးဦးကာလမှာ ဓာတ်ကြိုးပေါ်မှာ သစ်ပင်၊ သစ်ကိုင်းတွေကျိုးကျခြင်းနဲ့ မိုးသက်လေပြင်းကျရောက်တဲ့အချိန်မှာ သစ်ပင်၊ သစ်ကိုင်းတွေရိုက်ခတ်မှုကြောင့် ဓာတ်ကြိုးတွေပြတ်ကျတဲ့ကိစ္စရပ်ကို မည်သို့ဆောင်ရွက်ပေးမလဲဆိုတဲ့ကိစ္စကတော့ မူလမေးခွန်းမှာ မပါရှိသော်လည်း ကျွန်တော်ဖြေကြားပေးပါမယ်။

အဆိုပါကိစ္စပတ်သက်ပြီး သစ်ပင်၊ သစ်ကိုင်းတွေကို ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ရေးဟာ အဆိုပါနယ်မြေဒေသမှာရှိတဲ့ စည်ပင်သာယာလုပ်ငန်းကိုတာဝန်ယူရတဲ့အဖွဲ့ရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ သို့ရာတွင် သစ်ပင်၊ သစ်ကိုင်းတွေခုတ်တဲ့အချိန်မှာ ဓာတ်ကြိုးနဲ့မလွတ်တဲ့ကိစ္စရပ်ကြောင့်

ခါတ်လိုက်မှုအန္တရာယ်ဖြစ်ပေါ်နိုင်ပါက အသက်အန္တရာယ်ကင်းဝေးစေဖို့အလို့ငှာ အဆိုပါ ခါတ်အား လိုင်းများကို ခါတ်အားပိတ်ပေးခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်ရမှာတော့ လျှပ်စစ်ဌာနရဲ့တာဝန် ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေတွေက သစ်ပင်၊ သစ်ကိုင်းခုတ်ရန်တာဝန်ကို စည်ပင် သာယာရေးကော်မတီဘက်က ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ ၎င်းတို့ဘက်ကလည်းပဲ အခက်အခဲ ရှိတယ်ဆိုတဲ့အတွက်ကြောင့် ပူးပေါင်းဆောင်ရွက်မှုတွေမဖြစ်ပေါ်ဘဲနဲ့ ခါတ်ကြိုးပြတ်ကျရင် မလွှဲ မရှောင်သာတာဝန်ရှိနေတဲ့ လျှပ်စစ်ဌာနက သစ်ပင်၊ သစ်ကိုင်းခုတ်ရတဲ့လုပ်ငန်းတာဝန်ကို ဘတ်ဂျက် စိုက်၊ လူစိုက်ပြီး ထပ်မံတာဝန်ယူဆောင်ရွက်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ တကယ်တမ်းကတော့ စည်ပင်သာယာရေးဘက်ကနေပြီးတော့ အပြည့်အဝတာဝန်ယူမယ်ဆိုရင် လျှပ်စစ်ဌာနဘက်က လျှပ်စစ်အန္တရာယ်ကင်းဝေးဖို့အတွက် ခါတ်အားပိတ်ပေးခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ရာနှုန်းပြည့်တာဝန်ယူပါတယ်လို့ ဖြေကြားလိုပါတယ်။

သို့ရာတွင် လျှပ်စစ်ဌာနအနေနဲ့ ပြည်သူလူထုရဲ့အသက်အန္တရာယ်ကင်းဝေးရေး၊ လျှပ်စစ် အန္တရာယ်ကင်းဝေးရေးကို ဦးထိပ်ထားပေးတဲ့အနေနဲ့ ကျွန်တော်တို့ဝန်ကြီးဌာနဟာ ဝန်ထမ်းဦးရေ ခန့်ထားခွင့်လုံးဝမရဘူးဖြစ်နေတယ်ဆိုတဲ့ အခက်အခဲကိုလည်း အကြိမ်ပေါင်းများစွာ တင်ပြခဲ့ပါတယ်။ ဝန်ထမ်းမရှိတဲ့အတွက်ကြောင့် လျှပ်စစ်လုပ်ငန်းတွေကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းတွေကို အလှည့် ကျတာဝန်ထမ်းဆောင်နေရတဲ့ အခက်အခဲကြားကနေ လူအားစိုက်ပြီး ထပ်မံခုတ်ဖို့ဆိုတာ ခုတ်ပြီးတဲ့ သစ်ပင်၊ သစ်ကိုင်းတွေကိုလည်း စည်ပင်ကလာရောက်သိမ်းဆည်းပေးခြင်းမရှိဘဲနဲ့ လျှပ်စစ်ဌာနကပဲ သိမ်းဆည်းပေးရအုံးမယ်ဆိုတဲ့ နောက်ထပ်အခက်အခဲကို ဖြစ်ပေါ်နေတဲ့အတွက်ကြောင့် ဒီအခါမှာ လူအင်အားဟာ အများကြီးလိုနေတာဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ရန်ကုန်လျှပ်စစ်ခါတ်အားပေးရေး Cooperation ကနေတစ်ဆင့် ရန်ကုန်စည်ပင်သာယာရေး ကော်မတီနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးဖို့ကိုလည်း ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်လို့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ တောင်ဥက္ကလာပမြို့နယ်အတွင်းမှာ သက်တမ်းကြာမြင့်နေတဲ့ လျှပ်စစ် မီးကြိုးများနေရာမှာ Cover ပါတဲ့မီးကြိုးအသစ်များ လဲလှယ်ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ်နဲ့ ပတ်သက်ပြီး မေးမြန်းထားတာကို ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ တောင်ဥက္ကလာပ မြို့နယ်အတွင်းမှာ ၂၀၁၈ ခုနှစ် ဧပြီလကနေစပြီး ယနေ့အထိ ယခင်က လျှပ်ကာအခွံမပါတဲ့ ACSR

ကြိုးများရဲ့နေရာမှာ လျှပ်ကာအခွံပါတဲ့ SAC ကေဗယ်ကြိုးများဖြင့် 6.6 ကေဗွီဓာတ်အားလိုင်းများ နေရာမှာ အစားထိုးလဲလှယ်ခြင်းများဆောင်ရွက်ပေးခဲ့ပါတယ်။ အလားတူ လျှပ်ကာအခွံမပါတဲ့ ၄၀၀ ဗို့လိုင်း ကြေးကြိုးများနေရာမှာလည်း လျှပ်ကာအခွံပါတဲ့ ABC ကေဗယ်ကြိုးများနဲ့ လဲလှယ်အစားထိုး ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ပေးခဲ့တဲ့ မှတ်တမ်းစာရင်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ စုစုပေါင်း ဆောင်ရွက်ပေးခဲ့တဲ့အခြေအနေများဟာ 6.6 ကေဗွီဝေဇယန္တာ-ဗလ္လိက(၁)ဖီဒါမှာ SAC ကေဗယ်ပေါင်း ပေ ၄၈၀၀၊ ဝေဇယန္တာ-မေတ္တာ ဖီဒါမှာ SAC ကေဗယ်ပေါင်း ပေ ၃၄၀၀၊ စိန်ပန်းမြိုင်-ပါရမီ ဖီဒါမှာ SAC ကေဗယ်ပေါင်း ၆၈၀၃ ပေ၊ တောင်ဥက္ကလာပမြို့နယ်အတွင်းမှာ 11.4 ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ အားလုံး အလုံး ၁၅ လုံးနဲ့ ၄၀၀ ဗို့ ABC ကေဗယ် စုစုပေါင်း ပေ ၁၀၆၈၀ ကျွန်တော်တို့ အစားထိုးလဲလှယ်ပေးခဲ့တာဖြစ်ပါတယ်။ အစားထိုးလဲလှယ်ပြီးတဲ့ မြင်ကွင်းမှတ်တမ်းဓာတ်ပုံများကို တင်ပြထားခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ တောင်ဥက္ကလာပမြို့နယ်တစ်ခုတည်းအတွင်းမှာသာမကဘူး။ ကျန်တဲ့မြို့နယ်တွေ အတွင်းမှာ ယခုကဲ့သို့ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို မျှတပြီး ဆောင်ရွက်ပေးလျက်ရှိတာ ဖြစ်ပါတယ်။ နှစ်အလိုက် ဘဏ္ဍာရန်ပုံငွေမှာ မူလလိုင်းဟောင်းများကို အစားထိုးလဲလှယ်ခြင်း ဆောင်ရွက်ပေးနေသကဲ့သို့ လျှပ်စစ်ဓာတ်အားမရှိသေးတဲ့ဧရိယာတွေမှာလည်း ထပ်မံဖြည့်စွက် ဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက်ကြောင့် ရာနှုန်းပြည့်ဆောင်ရွက်ပေးနိုင်ခြင်းတော့ လတ်တလော မရှိသေးသော်လည်း ကျွန်တော်တို့ တဖြည်းဖြည်းစီစဉ်ဆောင်ရွက်ပေးနေမှာ ဖြစ်ပါတယ်ဆိုတာကို ဖြည့်စွက်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၀ နာရီ အချိန်တွင် ခေတ္တရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အချိန်၊၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၅ ကိုဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ရေကြည်မြို့နယ်၊ ဝဝန်မြစ်အနောက်ဘက်ကမ်းကျေးရွာများသို့ ဝဝန်မြစ်ကိုဖြတ်ကျော်ပြီး သီတာကုန်းပြင်ကျေးရွာကြီးကို အခြေခံကာ လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မေးမြန်းမယ့် မေးခွန်းကတော့ ဝဝန်မြစ်တစ်ဘက်ကမ်းမှာရှိတဲ့ သီတာကုန်းပြင်ဒေသ၊ ဝဝန်မြစ်ရဲ့အနောက်ဘက်ကမ်းဒေသမှာရှိတဲ့ ကျေးရွာတွေကို မီးလင်းနိုင်ဖို့အတွက် ဓာတ်အားခွဲရုံတည်ဆောက်ပေးနိုင်ရေးရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ရေကြည်မြို့နယ်ဟာ ဝဝန်မြစ်ကနေပြီးတော့ မြောက်နဲ့တောင်ဖြတ်သန်းစီးဆင်းပြီးတော့ အရှေ့ဘက်ကမ်းနဲ့အနောက်ဘက်ကမ်းဆိုပြီးတော့ နှစ်ပိုင်းကွဲနေတာဖြစ်ပါတယ်။ အရှေ့ဘက်ကမ်းဟာ နယ်မြေရဲ့သုံးပုံနှစ်ပုံလောက်ရှိပြီးတော့ အနောက်ကမ်းကတော့

နယ်မြေရဲ့သုံးပုံတစ်ပုံလောက်သာရှိပြီးတော့ နောက်ဘက်ကမ်းမှာ ရွာပေါင်း ၁၄၀၊ လူဦးရေပေါင်း ၇၀၀၀၀ လောက်နေထိုင်တာဖြစ်ပါတယ်။ ရေကြည်မြို့နယ်အတွင်းမှာဆိုရင်လည်းပဲ ၂၀၁၆ ခုနှစ်ကတည်းက ဂွမြို့နယ်အတွက် မီးဖြတ်သန်းသွားလာပြီးတော့ ၂၀၁၇ ခုနှစ်မှာ ဂွမြို့နယ်မှာ မီးလင်းခဲ့ပြီဖြစ်ပါတယ်။ တစ်ခါ ၂၀၁၈ ခုနှစ်အတွင်းမှာလည်းပဲ သီတာကုန်းပြင်ရဲ့ ကျောကုန်းမှာရှိတဲ့ အမြောက်တပ်ရင်းကိုလည်း မီးသွယ်ပြီး အခုဧပြီလမှာ မီးစပြီးတော့လင်းနေပြီဖြစ်ပါတယ်။ သို့သော်လည်းပဲ ဝေန်မြစ်အနောက်ဘက်ကမ်းမှာရှိတဲ့ ကျေးရွာတွေအားလုံးဟာ လျှပ်စစ်မီးလုံးဝမရှိသေးပါဘူး။ စုစုပေါင်း ရွာပေါင်း ၁၄၀ ရှိပါတယ်။ ငသိုင်းချောင်းလျှပ်စစ်ဦးစီးဌာနကနေပြီးတော့ ၂၀၁၇ ခုနှစ်အတွင်းမှာတော့ ရွာပေါင်း ၆၇ ရွာကို မီးလင်းပေးနိုင်မယ့်တင်ပြစာကို တင်ပြထားခဲ့ပြီဖြစ်ပါတယ်။ ဒီလိုတင်ပြစာကိုတင်ပြထားခဲ့တဲ့အတွက်ကြောင့်လည်းပဲ သက်ဆိုင်ရာလျှပ်စစ်ဝန်ကြီးဌာနကနေပြီးတော့ ဆက်လက်ဆောင်ရွက်ပေးနေတယ်ဆိုတာလည်း သိရှိနေရပါတယ်။ သီတာကုန်းပြင်ရွာကြီးဟာ ဆိုလို့ရှိရင် အိမ်ခြေ ၆၀၀ လောက်ရှိပါတယ်။ လောလောဆယ် စည်ပင်သာယာဈေးရှိတယ်။ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ အထက်တန်းကျောင်း၊ ရဲစခန်း၊ အစိုးရမီးသတ်စခန်းတွေရှိပေမဲ့ လျှပ်စစ်မီးကတော့ ကိုယ်ထူကိုယ်ထနဲ့ပဲ ဘုန်းကြီးကျောင်းကနေတစ်ဆင့် သွယ်နေရတဲ့ ဒေသလည်းဖြစ်ပါတယ်။ ဒီရွာကြီးကို အခြေပြုပြီးတော့ ဝေန်မြစ်အနောက်ဘက်ကမ်းကို မီးသွယ်မယ်ဆိုရင် အဆင့်လိုက်ဆောင်ရွက်သွားလို့ရတဲ့ နေရာဖြစ်ပါတယ်။ ဒါကတော့ ကုန်းမြင့်ဒေသမှာရှိတဲ့ မီးသွယ်လို့ရှိရင်ရမယ့် ကျေးရွာပေါင်း ၆၇ ရွာကိုပြထားတဲ့ ကျေးရွာအုပ်စုပေါင်းရွာ ဖြစ်ပါတယ်။ ဒီဒေသဟာ ဂွ-ငသိုင်းချောင်းလမ်းနဲ့ ပုသိမ်-မုံရွာလမ်းနှစ်ခုရဲ့ကြားထဲမှာရှိပြီးတော့ ဒီလမ်းနှစ်ခုကြောင့် လည်းပဲ ပိုပြီးတော့စည်ကားဖွံ့ဖြိုးတိုးတက်လာတဲ့ ဒေသဖြစ်ပါတယ်။ ဒါကတော့ သီတာကုန်းပြင်ဓာတ်ခွဲရုံဆောက်ဖို့အတွက် ဒေသခံတွေအနေနဲ့ ကိုယ်ထူကိုယ်ထမြေနေရာကို စုပေါင်းပြီးတော့ ဝယ်ပေးထားတဲ့ မြေနှစ်ဧကကျော်ရှိတဲ့နေရာကို တင်ပြခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝေန်မြစ် အနောက်ဘက်ကမ်းမှာရှိတဲ့ ကျေးရွာများအတွက် မီးသွယ်တန်းနိုင်ဖို့အတွက် ဓာတ်အားခွဲရုံ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ အစီအစဉ်ကိုသိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်းမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေးအပ်တဲ့အဖြေအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ အဖြေနဲ့ ပေါင်းစပ်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ဝဝန်မြစ်အနောက်ဘက်ကမ်းမှာရှိတဲ့ ကျေးရွာတွေကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အလို့ငှာ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့ သီတာကုန်းပြင်လမ်းဆုံမှာ အသုတ်-၇ ၆၆ ကေဗွီ ဓာတ်အားလိုင်းကနေတစ်ဆင့် ၆၆ ကေဗွီနှစ်ထပ်ဓာတ်အားလိုင်း ၀.၇ မိုင် တည်ဆောက်ကာ ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဆိုပါဓာတ်အားခွဲရုံ တည်ဆောက်ပြီးတဲ့အချိန်မှာ ငွေးတောက်၊ ကုန်းပြင်၊ ရွာသစ်ကြီး၊ သက္ကယ်ပြင်၊ မိဿလင်၊ ဖန်ခါးပင်၊ ညောင်ပင်သာ၊ ကွင်းချောင်း၊ ရေနံ့သာ၊ သောင်ကြီး၊ ဒေါင့်ကြီး၊ သရက်ချောင်း၊ လက်ပံပင်၊ ကက္ကူလေး၊ ပန်းပုကွင်း၊ ကက္ကူကြီး၊ ကျောက်ချောင်းကျေးရွာအုပ်စု စုစုပေါင်း ကျေးရွာအုပ်စုပေါင်း ၁၇ ခုမှာရှိတဲ့ ကျေးရွာ ၁၀၆ ရွာကို လျှပ်စစ်ဓာတ်အား ဆက်လက်ပေးနိုင်ရန်အတွက် လိုအပ်တဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများအား အဆိုပါ ၆၆ ကေဗွီဓာတ်အားခွဲရုံပြီးစီးတဲ့အချိန်နဲ့ အချိန်ကိုက်ကာ ဧရာဝတီတိုင်းဒေသကြီးအစိုးရရဲ့ဘတ်ဂျက်ဖြင့် နှစ်အလိုက်၊ အဆင့်အလိုက် လျာထားဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဆင်ပေါင်ဝဲမြို့နယ် အတွင်းရှိ အင်းလတ်၊ ဇောင်ချမ်းတောင်၊ အင်းမ၊ အလယ်ရွာ၊ သာဝတ္တိ စသည့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး အတွက် လိုအပ်သောဓာတ်အားလိုင်း သွယ်တန်းမှုများနှင့် ထရန်စဖော်မာတပ်ဆင်ပေးခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောပြည်ထောင်စု ဒုတိယ ဝန်ကြီးများအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲ

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းဖြစ်ပါတယ်။ ဒီနေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့(၁၂)ရက်မြောက်နေ့မှာ လျှပ်စစ်မီးနဲ့ ပတ်သက်တဲ့မေးခွန်းတစ်ခု မေးမြန်းသွားမှာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းမေးရတဲ့ ရည်ရွယ်ချက်ကတော့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ လျှပ်စစ်မီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့၊ ကျေးလက်နေပြည်သူတွေရဲ့ လူမှုဘဝတွေဖွံ့ဖြိုး တိုးတက်လာစေဖို့၊ တန်းတူအခွင့်အရေးတွေရလာဖို့နဲ့ ထင်းအစားထိုးအခြားလောင်စာများ သုံးစွဲမှု လျော့ပါးသွားစေလိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီမေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ ၂၀၃၀ ခုနှစ်မတိုင်မီ ကျေးလက်၊ ကျေးရွာတွေ အားလုံး မီးလင်းရမယ်ဆိုပြီးတော့ မူဝါဒတွေချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်နေ ခဲ့တာအားလုံးအသိပဲဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိအောင် ကျွန်တော့် ဆင်ပေါင်ဝဲ မြို့နယ်ထဲမှာဆိုလို့ရှိရင် ကျေးရွာနှစ်ရွာနဲ့ ရပ်ကွက်သုံးရပ်ကွက်သာ မီးလင်းခဲ့ပါတယ်။ ဒါပေမဲ့ အစိုးရသစ်တက်လာတဲ့အချိန်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း ၁၅ ရွာ၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာနှစ်ရွာ၊ ၂၀၁၈-၂၀၁၉ Mini နဲ့ Main Budget မှာ ကျေးရွာ ၁၄ ရွာ NEP စီမံချက်နဲ့ ကျေးရွာ ၁၁ ရွာ စုစုပေါင်း ကျေးရွာပေါင်း ၄၂ ရွာလောက်ထိအောင် တိုးမြှင့်ပြီးတော့ ဆောင်ရွက်လာနိုင်ခဲ့တာ တွေ့ရပါတယ်။ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ ဓနိုးမြောင်ခွဲရုံကို တည်ဆောက် သွားမှာဖြစ်တာကြောင့်မို့လို့ ကျေးရွာအများအပြား လျှပ်စစ်မီးပိုမိုရရှိလာဖို့လည်း ရှိပါတယ်။ ဒီနေရာမှာ တစ်ခုထူးခြားတာက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မီးမရနိုင်တဲ့ တကယ့်ကို မီးရဖို့ အင်မတန်ခက်ခဲတဲ့ မြစ်အနောက်ဘက်ခြမ်းက ကျေးရွာရှစ်ရွာ မီးရဖို့အရေးကို ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ခဲ့တာကြောင့်မို့လို့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ အခုအဆိုပါကျေးရွာတွေ အင်းလတ်၊ ဇောင်ချမ်းတောင်၊ အင်းမ၊ အလယ်ရွာ၊ သာဝတ္တိစတဲ့ကျေးရွာ တွေဟာလည်း မီးရဖို့အရေးကို လိုချင်တောင့်တလာကြတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ မေးခွန်းပါကျေးရွာငါးရွာ လျှပ်စစ်မီးရဖို့အတွက် လိုအပ်တဲ့ ဓာတ်အားလိုင်းသွယ်တန်းမှုတွေနဲ့ ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားနိုင် မယ်။ နောက်တစ်ခုက နောင်တစ်ချိန်ချိန်မှာ ခွဲရုံတစ်ခုပါ ထပ်ပြီးတော့ဆောင်ရွက်ပေးနိုင်မယ်ဆိုလို့ ရှိရင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းက ကမ်းရိုးတန်းတစ်လျှောက်ကျေးရွာအများအပြား လျှပ်စစ်မီး

ရရှိလာမှာဖြစ်ပါတယ်။ အင်းလတ်၊ ဇောင်ချမ်းတောင်၊ အင်းမ၊ အလယ်ရွာ၊ သာဝတ္တိစတဲ့ ကျေးရွာတွေအတွက် ဖော်ပြပါကိစ္စတွေ ဆောင်ရွက်နိုင်မယ်ဆိုလို့ရှိရင် အိမ်ထောင်စု ၁၃၀၀ ကျော်လောက်ကို အကျိုးပြုသွားနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှာရှိတဲ့ အင်းလတ်၊ ဇောင်ချမ်းတောင်၊ အင်းမ၊ အလယ်ရွာ၊ သာဝတ္တိစတဲ့ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လိုအပ်သောဓာတ်အားလိုင်း သွယ်တန်းမှုများနဲ့ ထရန်စဖော်မာတပ်ဆင်ပေးခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းမေးမြန်းတဲ့ မေးခွန်းတဲ့ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး အစိုးရရဲ့ ဖြေကြားချက်ကိုပေါင်းစပ်ကာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကျွန်တော်က ဆက်လက် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဆင်ပေါင်ဝဲမြို့နယ် အင်းလတ်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့အတွက်ရာ လက်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းရောက်ရှိပြီးဖြစ်သော ထူးပေါက်ကျေးရွာကနေတစ်ဆင့် 11 ကေဗွီဓာတ်အား လိုင်းနှစ်မိုင်နဲ့ 11.4 ကေဗွီ ၁၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံး တပ်ဆင်ခြင်းလုပ်ငန်း၊ ဇောင်ချမ်းတောင် ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရန် အင်းလတ်ကျေးရွာမှတစ်ဆင့် နောက်ထပ် 11 ကေဗွီဓာတ်အားလိုင်း နှစ်မိုင်ခွဲနဲ့ ၂၀၀ ကေဗွီအေထရန်စဖော်မာနှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ မကွေးတိုင်းဒေသကြီးအစိုးရရဲ့ဘတ်ဂျက်မှာ ထည့်သွင်းလျာထားကာ အကောင် အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

အင်းမ၊ အလယ်ရွာနှင့် သာဝတ္တိကျေးရွာများကို ဆက်လက်ဓာတ်အားပေးနိုင်ရန်မှာ လက်ရှိ ၃၃ ကေဗွီ မင်းလှခွဲရုံကနေ ဇောင်ချောင်းတောင်ကျေးရွာအထိကို ဆွဲသားထားတဲ့ ၁၁ ကေဗွီ ဓာတ်အား လိုင်းဟာ စုစုပေါင်း ၃၂ အထိ ရှည်လျားသွားမှာဖြစ်တဲ့အတွက်ကြောင့် ဗို့အားအလွန်အမင်းကျတာ

တွေ၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု အထူးများပြားတာတွေ ဖြစ်ပေါ်လာမှာဖြစ်တဲ့အပြင် နောက်ထပ် မီးသုံးရမယ့်သူတွေလည်း အဆင်မပြေ၊ လက်ရှိမီးသုံးနေသူများလည်း အဆင်မပြေ ဖြစ်လာမယ့် အတွက်ကြောင့် နည်းပညာအရဆောင်ရွက်ရန် သင့်လျော်မှုမရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့အတွက် လက်ရှိလျှပ်စစ်ဓာတ်အားရရှိနေတဲ့ ကစပ(၁၃)ခွဲရုံကနေပြီးတော့ ဇောင်းချောင်းတောင် ရွာသို့ ၃၃ ကေဗွီဓာတ်အားလိုင်း အသစ် ၁၃ မိုင်နှင့် ဇောင်းချောင်းတောင်ကျေးရွာမှာ ၃၃/၁၁ ကေဗွီ 5 MVA ဓာတ်အားခွဲရုံအသစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အဆိုပါ ၃၃ ကေဗွီဓာတ်အားခွဲရုံ ပြီးစီးသွားတဲ့အချိန်မှာ အင်းမ၊ အလယ်ရွာ၊ သာဝတ္ထိကျေးရွာများကို ဓာတ်အား ပေးရန်လိုအပ်တဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းများကို မကွေးတိုင်းဒေသကြီးအစိုးရရဲ့ဘတ်ဂျက်နဲ့ နှစ်စဉ်လျာထား ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ဝန်ကြီးဖြေသွားတဲ့ထဲမှာ အင်းလတ်နဲ့ ဇောင်ချမ်းတောင်ကျေးရွာ လျှပ်စစ်မီးရရှိမယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လျှပ်စစ်မီးရမယ်ဆိုတာသိရတဲ့အတွက် မဲဆန္ဒရှင် ပြည်သူများကိုယ်စား ဝမ်းသာပါတယ်။ ဝန်ကြီးရှင်းပြတဲ့ထဲမှာလည်းပါပါတယ်။ 11 KV လိုင်းကို မိုင်များစွာရှည်လျားပြီးတော့ ဆွဲရတာကြောင့်မို့လို့ ဗို့အားတန်ဖိုးလျော့တာ၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုတွေရှိမယ်ဆိုတဲ့ဟာကို ထည့်သွင်းပြောကြားသွားတာရှိပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော် တို့ အင်းမ၊ အလယ်ရွာ၊ သာဝတ္ထိ သုံးရွာ မေးခွန်းထဲမှာကျန်ပါတယ်။ အဲဒီကျေးရွာတွေဆက်လက် မီးရဖို့အတွက် 33 ခွဲရုံတစ်ရုံ လိုအပ်မယ်ဆိုတာလည်း ကျွန်တော်တို့သိရပါတယ်။ ဒါကြောင့်မိုလို့ အဲဒီ 33 ခွဲရုံကို ဒီကျေးရွာသုံးရွာအပြင် ခုနကမေးခွန်းမှာတင်ပြသွားသလိုပဲ ကမ်းနားတစ်လျှောက်၊ မြစ်ကမ်း တစ်လျှောက်၊ မြစ်ရိုးတစ်လျှောက်ကျေးရွာများအားလုံး မီးရရှိဖို့အတွက် ဘယ်အချိန်မှာများ 33 ခွဲရုံကို စတင်ဆောင်ရွက်ပေးသွားမယ်ဆိုတာကို တစ်ဆက်တစ်စပ်တည်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ ဇောင်ချမ်းတောင်ကျေးရွာအုပ်စုနဲ့ အင်းမ၊ အလယ်ရွာ၊ သာဝတ္တိကျေးရွာတွေကို လျှပ်စစ်ဓာတ်အားရရှိဖို့ 33 ခွဲရုံအသစ်တည်ဆောက်ဖို့ကိစ္စကို မူလအဖြေမှာကတည်းက တစ်ပါတည်းဖြေကြားထားခဲ့တာဖြစ်ပါတယ်။ ကပစ ၁၃ ခွဲရုံကနေ ဇောင်ချမ်းတောင်ရွာသို့ 33 KV ဓာတ်အားလိုင်းအသစ် ၁၃ မိုင်နဲ့ ဇောင်ချမ်းတောင်ကျေးရွာမှ (33/11)KV 5 MV ဓာတ်အားခွဲရုံအသစ်တို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်ဆိုတာကို ဖြေကြားထားခဲ့ပါတယ်။ အဆိုပါ 33 KV ဓာတ်အားခွဲရုံပြီးစီးသွားတဲ့အခါမှာ အဆိုပါခွဲရုံမှတစ်ဆင့် အင်းမ၊ အလယ်ရွာ၊ သာဝတ္တိနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မြစ်ရိုးတစ်လျှောက်မှာရှိတဲ့ကျေးရွာများ လျှပ်စစ်ဓာတ်အားထပ်မံဆက်သွယ်နိုင်ရေးအတွက် လိုအပ်တဲ့ 11 KV လိုင်းနဲ့ 11 KV ထရန်စဖော်မာများကို မကွေးတိုင်းဒေသကြီးအစိုးရရဲ့ဘတ်ဂျက်နဲ့ နှစ်စဉ်အဆင့်အလိုက် လျာထားဆောင်ရွက်ပေးသွားမယ်ဆိုတာကို ထပ်မံရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လယ်ဝေးမြို့နယ်၊ ဗောဓိကုန်းကျေးရွာတွင် 33/11 KV 5-MVA ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်တဲ့လျှပ်စစ်မီးလင်းရေးနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ တိုးတက်မြင့်မားလာစေဖို့ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် လျှပ်စစ်မီးလင်းရေးဟာ အလွန်အရေးပါတဲ့အခန်းကဏ္ဍမှာပါဝင်လို့နေပါတယ်။ လယ်ဝေးမြို့နယ်ဟာ ကျေးရွာပေါင်း ၂၆၁ ရွာ၊ ရပ်ကွက်ကြီး ခုနစ်ရပ်ကွက်နှင့် လူဦးရေ သုံးသိန်းနီးပါးနေထိုင်တဲ့မြို့ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီရှစ်မြို့နယ်ထဲမှာ ဧရိယာအကျယ်ဆုံးနှင့် လူဦးရေအများဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့မြို့လည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။ စစ်တောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာရှိတဲ့ အစစအရာရာဖွံ့ဖြိုးမှုနိမ့်ကျနေရတဲ့ကျေးရွာတွေ လျှပ်စစ်မီးရရှိဖို့ဆိုရင် ဗောဓိကုန်း ကျေးရွာမှာ 33/11 KV 5-MVA ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးဖို့ လိုအပ်လို့နေပါတယ်။ သစ်ကြိမ်းကျေးရွာအုပ်စုမှာဆိုရင် ကျေးရွာပေါင်း ၁၁ ရွာ ပေါက်မြိုင်ကျေးရွာမှာဆိုရင် ကျေးရွာပေါင်း ခုနစ်ရွာ၊ ဇလီငှက်ကြီးတောင်အုပ်စုမှာဆိုရင် ကျေးရွာပေါင်းငါးရွာ၊ ပင်တောင်ကျေးရွာအုပ်စုမှာဆိုရင် ကျေးရွာပေါင်း ခုနစ်ရွာ၊ အေးချမ်းသာအုပ်စုမှာဆိုရင် ကျေးရွာပေါင်း ငါးရွာ၊ ပိတောက်ချောင်အုပ်စုမှာဆိုရင် ကျေးရွာပေါင်းတစ်ရွာ ကျေးရွာစုစုပေါင်း ၃၆ ရွာ၊ အိမ်ထောင်စုပေါင်း ၅၇၈၆ အိမ်ထောင်စု တွင်းမှာမှီတင်းနေထိုင်ကြတဲ့ ဒေသခံပြည်သူတွေဟာ လျှပ်စစ်မီးသုံးစွဲခွင့်ရဖို့အတွက် မျှော်လင့်နေကြတာကြာပြီဖြစ်ပါတယ်။ အိမ်ထောင်စုပေါင်း ၅၇၈၆ အိမ်ထောင်စု လျှပ်စစ်မီးရဖို့ဆိုရင် သဲဖြူပင်မ ဓာတ်အားခွဲရုံကနေ ၁၃ မိုင်ခန့်ကွာဝေးတဲ့ ဗောဓိကုန်းကျေးရွာမှာ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ဖို့ လိုအပ်ပါတယ်။ ဓာတ်အားခွဲရုံတည်ဆောက်ရန်အတွက် မြေနေရာရရှိပြီးလည်း ဖြစ်ပါတယ်။ ဗောဓိကုန်း ဓာတ်အားခွဲရုံကနေ ကျေးရွာပေါင်း ၃၆ ရွာကို လျှပ်စစ်ဖြန့်ဖြူးပေးနိုင်မယ့်ပုံ လည်းဖြစ်ပါတယ်။ ဒါကြောင့် ဗောဓိကုန်းကျေးရွာမှာ လျှပ်စစ်ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက် ပေးလိုက်ခြင်းဖြင့် ကျေးရွာပေါင်း ၃၆ ရွာမှာနေထိုင်ကြတဲ့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေဟာ အဘက်ဘက်က တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လယ်ဝေးမြို့နယ်၊ ဗောဓိကုန်း ကျေးရွာတွင် 33/11 KV 5 MVA ဓာတ်အားခွဲရုံ တစ်ရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူများကိုယ်စား သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်း ဖြေကြား သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းမှာပါဝင်တဲ့ ကျေးရွာပေါင်း ၃၆ ရွာ လျှပ်စစ်ဓာတ်အားရရှိနိုင်ရန်အတွက် ဗောဓိကုန်းကျေးရွာမှာ 33/11 KV 5

MVA ဓာတ်အားခွဲရုံ တစ်ရုံတည်ဆောက်ရန်နှင့် အဆိုပါ 33 KV ဓာတ်အားခွဲရုံသို့ သဲဖြူပင်မဓာတ်အားခွဲရုံကနေပြီးတော့ 33 KV လိုင်းတည်ဆောက်ရန်ကိစ္စတို့နှင့်ပတ်သက်ပြီးတော့ ယခုလာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေတွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ထားဝယ်ခရိုင်တွင် အစိုးရနည်းပညာသိပ္ပံကျောင်း (AGTI)ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(သရက်ချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်မှာ အစိုးရနည်းပညာသိပ္ပံ(AGTI)ကျောင်းတစ်ကျောင်းဖွင့်လှစ်ပေးနိုင်ပါရန် တင်ပြမေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးမှာ ခရိုင်သုံးခရိုင်နဲ့ မြို့နယ် ၁၀ မြို့နယ်မှာ လူဦးရေတစ်သန်းခွဲခန့်နေထိုင်လျက်ရှိပါတယ်။ တနင်္သာရီတိုင်းမှာ နည်းပညာတက္ကသိုလ်နှစ်ခုနဲ့ နည်းပညာအထက်တန်းကျောင်းသုံးခုအပါအဝင် တက္ကသိုလ်/ကောလိပ်သိပ္ပံစုစုပေါင်း ၁၃ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပါတယ်။ သို့သော်လည်း နည်းပညာသိပ္ပံကျောင်း ဖွင့်လှစ်နိုင်ခဲ့ခြင်းမရှိသေးပါ။ အသက်မွေးဝမ်းကျောင်းပညာတစ်ခုဖြစ်တဲ့ နည်းပညာအထက်တန်းကျောင်း သုံးကျောင်းမှ ကာလတိုကျောင်းသား ၇၄၂ ဦးနဲ့ ကာလရှည်ကျောင်းသား ၄၅၀ ဦးတို့ကိုလည်း လက်ရှိအစိုးရသုံးနှစ်တာကာလအတွင်းမှာမွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် နည်းပညာအထက်တန်းကျောင်းက ကျောင်းသားများဆက်လက်ပညာသင်ကြားနိုင်အောင် နည်းပညာသိပ္ပံကျောင်းတစ်ကျောင်း လိုအပ်လျက်ရှိပါတယ်။ အထက်တန်းမှသိပ္ပံ၊ သိပ္ပံမှ တက္ကသိုလ်သို့ တက်ရောက်နိုင်အောင်လည်း ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသားများကို အခွင့်အလမ်းများဖွင့်ထားပေးစေလိုပါတယ်။

ဒါ့အပြင် ထားဝယ်ဒေသမှာ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း(ထိုင်းနယ်စပ်၊ ထီးခီးနယ်စပ်) မှာ စက်မှုဇုန်စီမံကိန်း၊ ငါးလေလံစီမံကိန်းနဲ့ ထားဝယ်သင်္ဘောဆိပ်လုပ်ငန်း၊ ရေနံချက်စက်ရုံစီမံကိန်း၊ ရေငန် ပုစွန်မွေးမြူရေးလုပ်ငန်း၊ မြန်မာ့ပင်လယ်ပြင်မှ ငါးသယံဇာတထုတ်လုပ်တဲ့လုပ်ငန်း၊ ခဲမဖြူ အဖြိုက်နက်နဲ့ သံသတ္တုတွင်းလုပ်ငန်းများစွာရှိပါတယ်။ စီမံကိန်းတွေအကောင်အထည်ဖော်နိုင်ဖို့ နည်းလမ်းမှန်ကန်စွာထုတ်ယူသုံးစွဲနိုင်ဖို့ စက်မှုနည်းပညာရှင်များကို ဒေသခံများထဲမှ မွေးထုတ်ပေးနိုင် ရန်အတွက်ဖြစ်ပါတယ်။ ဒါ့အပြင် တနင်္သာရီတိုင်းမှာ အလုပ်လုပ်နိုင်တဲ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်း လောက်ဟာ တစ်ဖက်နိုင်ငံများမှာ အောက်ခြေသိမ်းအလုပ်တွေသွားရောက်လုပ်ကိုင်နေကြရပါတယ်။ ဒီလုပ်အားတွေကို မိမိနိုင်ငံအတွင်းမှာ ပြန်လည်အသုံးချနိုင်ဖို့အတွက် ဒီစီမံကိန်းတွေ အမြန်ဆုံး အကောင်အထည်ဖော်ဖို့ လိုအပ်သလို အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရာလည်း ရောက်ပါတယ်။

စက်မှုကျွမ်းကျင်လုပ်သားများ၊ စက်မှုအင်ဂျင်နီယာများ၊ စက်မှုနည်းပညာရှင်များကို မွေးထုတ် ပေးနိုင်ဖို့အတွက် နည်းပညာအထက်တန်းကျောင်းနဲ့ နည်းပညာတက္ကသိုလ်အကြားမှာ အဓိက လက်တွေ့အကျဆုံးဖြစ်တဲ့ နည်းပညာသိပ္ပံ(AGTI)ကျောင်းတစ်ကျောင်း လိုအပ်လျက်ရှိကြောင်း တင်ပြ လိုပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ညှိနှိုင်းချက်အရ ကျောင်းဆောက်လုပ်နိုင်ရန် အတွက်ကိုလည်း ထားဝယ်မြို့အနီး ယခင် ခဲမဖြူသတ္တုသန့်စင်စက်ရုံ မြေနေရာ ၃၅.၆ ဧကကိုလည်း ပညာရေးဌာနက အပိုင်ရရှိထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့အခုလိုတင်ပြရခြင်းဖြစ်ပါတယ်။ သို့ပါ၍ နောင်အနာဂတ်မှာ နိုင်ငံရဲ့အထူးစီးပွားရေးဇုန်တည်ရှိတဲ့ ထားဝယ်ဒေသဟာ အရေးကြီးတဲ့ စက်မှုနယ်မြေတစ်ခုဖြစ်လာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ထားဝယ်ဒေသမှာ စီမံကိန်းများ၊ လုပ်ငန်း များ၊ လူသားအရင်းအမြစ်များ၊ သယံဇာတများ စနစ်တကျအသုံးချနိုင်မယ့် နည်းပညာများကို အထူးပြု ဘာသာရပ်ဘာသာရပ်အဖြစ် သင်ကြားပေးနိုင်မယ့် အစိုးရစက်မှုလက်မှုသိပ္ပံ(AGTI)ကျောင်း တစ်ကျောင်းကို ခရိုင်အတွင်းမှာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ပါရန် တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ ပြည့်စုံကြပါစေရန် ဦးစွာဆုမွန်ကောင်းတောင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက တနင်္သာရီ တိုင်းဒေသကြီး၊ သရက်ချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးအောင်စိုးရဲ့ မေးခွန်းဖြစ်သော ထားဝယ်ခရိုင်တွင် အစိုးရနည်းပညာသိပ္ပံ(AGTI)ကျောင်းတစ်ကျောင်းဖွင့်လှစ်ပေး ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ တနင်္သာရီ တိုင်းဒေသကြီးမှာ ခရိုင်အားဖြင့် သုံးခရိုင်ရှိပါတယ်။ သုံးခရိုင်လုံးမှာလည်း နည်းပညာနှင့် သက်မွေးပညာ ကျောင်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထားဝယ်ခရိုင်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ ကျောင်းဖွင့်လှစ်နိုင်ရေးကိစ္စနှင့်ပတ်သက်လို့ ယခင် ကမြူနီးခင်းပင်မခဲမဖြူသန့်စင်စက်ရုံကို ပညာရေး ဝန်ကြီးဌာနမှ လွှဲပြောင်းရယူခဲ့ပြီး ဖြစ်ပါတယ်။ မြေဧရိယာအကျယ်အဝန်း ၃၁.၁၃ ဧကရှိပါတယ်။ ဒီ မြေနေရာကို ဌာနပိုင်အမည်ပေါက်လျှောက်ထားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၆-၈-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၃(၁၀၇၂)/(ထောက်-၁) အမိန့်ကြော်ငြာစာ(၁၀၇/၂၀၁၈)အရ မြေလွှဲမိန့်လည်း ရရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ထားဝယ်ခရိုင်၊ ထားဝယ်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(ထားဝယ်)ဖွင့်လှစ်နိုင်ရေးအတွက် ပင်မဆောင် သံကူကွန်ကရစ် သုံးထပ် ဆောင်တစ်ဆောင်တည်ဆောက်ခြင်း၊ အလုပ်ရုံတစ်ထပ် Steel Structure နှစ်လုံးတည်ဆောက်ခြင်း၊ ဆရာဆရာမဆောင် RC လေးခန်းတွဲလေးထပ် နှစ်လုံးတည်ဆောက်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ရေရရှိရေး၊ မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာငွေ လျာထားလျက်ရှိပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်အရ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**တက္ကသိုလ်ဝင်ခွင့်၊ ဆေးတက္ကသိုလ်ဝင်ခွင့်နှင့် တိုက်ရိုက်လျှောက်ထားနိုင်သော ကျောင်းများအား ဝင်ခွင့်လျှောက်ထားရာတွင် ကျောင်းသားတစ်ဦးတည်း ကျောင်း(၃)ကျောင်းတွင် ဝင်ခွင့်ပါနေခြင်းကြောင့် အမှတ်အနည်းငယ်လျော့သော ကျောင်းသားများသည် တက်ရောက်ချင်သောကျောင်းသို့ တက်ရောက်ခွင့်မရရှိဘဲ နစ်နာခဲ့မှုအပေါ် မည်သို့ဖြေရှင်းဆောင်ရွက်ခဲ့သည်နှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရေးကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသူများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံမဲဆန္ဒနယ်က ဦးအောင်ကျော်ဦး ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များရဲ့အဓိက တာဝန်ဖြစ်တဲ့ ဥပဒေပြုခြင်း၊ စောင့်ကြည့်ခြင်း၊ ကိုယ်စားပြုခြင်းဆိုတဲ့တာဝန်အရ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အချိန်နှင့်တစ်ပြေးညီသိရအောင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ မေးခွန်းတင်ခဲ့သော်လည်း ယနေ့မှသာ မေးခွန်းမေးမြန်းခွင့်ရခဲ့ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ တက္ကသိုလ်ဝင်ခွင့်၊ ဆေးတက္ကသိုလ်ဝင်ခွင့်နှင့် တိုက်ရိုက်လျှောက်ထားနိုင်သောကျောင်းများအား ဝင်ခွင့်လျှောက်ထားရာတွင် ကျောင်းသားတစ်ဦးတည်း ကျောင်းသုံးကျောင်းတွင် ဝင်ခွင့်ရနေခြင်းကြောင့် အမှတ်အနည်းငယ်လျော့သောကျောင်းသားများ တက်ရောက်ချင်သော ကျောင်းသို့ တက်ရောက်ခွင့်မရဘဲ နစ်နာခဲ့မှုအပေါ် မည်သို့မည်ပုံဖြေရှင်းဆောင်ရွက်ခဲ့သည်နှင့် လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းသားများအခက်အခဲမရှိ၊ နစ်နာမှုမရှိဘဲ အဆင်ပြေစွာ ဝင်ရောက်လျှောက်ထားနိုင်ရေးစနစ်တကျစီမံဆောင်ရွက်ပေးရန်နှင့် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ခုနှစ် ပညာသင်နှစ်အောင်တဲ့ကျောင်းသားတွေ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရာမှာ ယခင်နှစ်များနှင့်မတူပဲ တမူထူးခြားခဲ့ပါတယ်။ ဆေးတက္ကသိုလ်ငါးခု၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှစ်ခုနှင့် ဆေးဝါးနှီးနွှယ်ကျောင်းတွေက တစ်ပိုင်း၊ ပညာရေးဝန်ကြီးဌာနအောက်

သီးခြားတိုက်ရိုက်လျှောက်ထားခွင့် ၁၁ ကျောင်းက တစ်ပိုင်းဖြစ်ခဲ့တာကြောင့် ၂၀၁၈ ပညာသင်နှစ် အမှတ်အများဆုံးရတဲ့ကျောင်းသားတွေအတွက် ဦးစားပေးကျောင်း သုံးကျောင်း လျှောက်ထားခွင့် ရရှိပြီး သုံးကျောင်းစလုံးမှာ စာရင်းပါနေတာကြောင့် အမှတ်တစ်မှတ်စ၊ နှစ်မှတ်စ လျော့နည်းခဲ့တဲ့ ကျောင်းသားများဟာ စိတ်ပါဝင်စားတဲ့ကျောင်းတွေမှာ ဝင်ရောက်တက်ရောက်ခွင့်မရတော့ဘဲ နစ်နာခဲ့ကြရပါတယ်။ ဆေးတက္ကသိုလ်ဝင်ခွင့်အမှတ်ဟာ လိုအပ်တဲ့ ၁၂၀၀ ဦးပြည့်ဖို့သာသတ်မှတ်ခဲ့တာကြောင့် ယောကျ်ားလေး ၅၀၅ မှတ်၊ မိန်းကလေး ၅၁၅ မှတ်နဲ့ ၂၀၁၈ ခုနှစ်မှာ စံချိန်တင်မြင့်တက်သွားခဲ့ပါတယ်။ ယခင်နှစ်ဆေးတက္ကသိုလ်ဝင်ခွင့်အမှတ် ၅၁၀ ကို ကြည့်ပြီး ကိုယ်ရတဲ့အမှတ်နဲ့ မီမှာပဲဆိုပြီး ဆေးတက္ကသိုလ်တစ်ခုတည်းကို လျှောက်ထားခဲ့တဲ့ကျောင်းသားတွေကတော့ ဆေးတက္ကသိုလ်အမှတ်ထက် တစ်မှတ်လျော့၊ နှစ်မှတ်လျော့နဲ့ ရိုးရိုးဝိဇ္ဇာသိပ္ပံတက္ကသိုလ်သာ တက်ခွင့်ရသွားတဲ့အတွက် ပိုပြီး အထိနာခဲ့ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုဖြစ်ရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌဒေါက်တာတင်အောင်ရဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ ဒသမပုံမှန်အစည်းအဝေးမှာ မေးခွန်းမေးမြန်းခဲ့ရာ မေးခွန်းကိုလာရောက်ဖြေသွားတဲ့ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး ဝင်ရောက်ဖြေကြားသွားတဲ့အပေါ်မှာ တာဝန်ယူမှု၊ ဆောင်ရွက်မှု မည်မျှရှိတယ်ဆိုတာကို ကျောင်းသားမိဘပြည်သူများကိုယ်စား အားလုံးသိရှိစေချင်တဲ့ဆန္ဒနဲ့ မေးမြန်းရခြင်းလည်း ဖြစ်ပါတယ်။ နစ်နာသွားရတဲ့ကျောင်းသားနဲ့ ပြည်သူများကတော့ သတင်းစာရှင်းလင်းပွဲတွေ နှစ်ကြိမ်၊ သုံးကြိမ် လုပ်ကြတဲ့အပြင် ဆောင်ရွက်ပေးမှုအပေါ် ကျေနပ်အားရမှုမရှိကြလို့ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ လွှတ်တော် ကတိ/ကဝတ်၊ တိုင်ကြားစာကော်မတီ စသဖြင့် လိပ်မူတိုင်ကြားကြပေမဲ့ မှားယွင်းမှုအပေါ်မှာ ဝန်ခံခြင်း၊ တောင်းပန်ခြင်းမရှိ၊ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ မျက်နှာလွှဲခဲပစ် လွှဲချခဲ့တဲ့အတွက် လူ့စွမ်းအားအရင်းအမြစ်တွေ ဆုံးရှုံးခဲ့ရသလို အစိုးရရဲ့ပုံရိပ်လည်း ထိခိုက်ရပါတယ်။ နစ်နာကြသူများရဲ့စိတ်နာကြည်းမှု၊ မုန်းတီးမှု၊ မကျေနပ်မှုများကို လူမှုကွန်ရက်ပေါ်မှာ မြင်တွေ့ရသလို ဖုန်းဆက်ခြင်း၊ ကိုယ်တိုင်လာရောက်ပြောကြားခြင်းများကြောင့် များစွာစိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ လွှတ်တော်ထဲမှာ လာဖြေရာမှာ ဆေးတက္ကသိုလ်လိုအပ်တဲ့အင်အား ၁၂၀၀ ပြည့်အောင် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး အပြည့်ခေါ်ယူသွားမှာလို့ ဖြေကြားခဲ့ပါတယ်။ ယခုလက်ရှိအထိ ဆေးတက္ကသိုလ်ငါးခုမှာ အင်အား

၁၂၀၀ မပြည့်ဘဲ ၂၀၀ ကျော်လိုအပ်လျက်ရှိနေပါတယ်။ စုစုပေါင်းအင်အား ၁၀၀၀ တောင်မပြည့်ပါဘူးခင်ဗျား။ အခြားတိုက်ရိုက်လျှောက်ရတဲ့တက္ကသိုလ်များမှာလည်း သတ်မှတ်အင်အားမပြည့်ဘဲ လိုအပ်လျက်ရှိနေပါတယ်။ ဒီနေရာမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောတဲ့စကားလေးကို သတိရလို့ ပြောရမယ်ဆိုလို့ရှိရင် ဦးစီးဦးဆောင်သူတွေဟာ ပေးပြီးတဲ့ကတိကိုတည်အောင်လုပ်ရမှာပါ။ မလုပ်နိုင်ရင် လုပ်နိုင်တဲ့သူကို အစားထိုးပေးရမှာ။ ကျောင်းသားတစ်ယောက် နစ်နာရင် တိုင်းပြည်နစ်နာတာနဲ့အတူတူပါလို့ ကချင်ပြည်နယ်နေ့မှာ ပြောကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူအဆင့်ဆင့်က အချိန်မီတုံ့ပြန်ဖြေရှင်းရမှာဖြစ်ပေမဲ့ ကျားက ၅၄၁ မှတ်၊ ၅၂၅ မှတ်၊ ၅၁၂ မှတ် ကျောင်းသားသုံးဦးသာ ဆေးတက္ကသိုလ်ဝင်ခွင့်နှင့် မက ၅၁၄ မှတ်မှာ လေးဦး၊ ၅၁၃ မှတ်မှာ နှစ်ဦး၊ ၅၁၂ မှတ် လေးဦးကိုသာ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ နောက်ဆက်တွဲဝင်ခွင့်ပြုခဲ့လို့ စုစုပေါင်း ၁၁ ဦးသာ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် အပေါ်ယံဟန်ပြဆောင်ရွက်ထားခြင်းဖြစ်လို့ နောက်ဆက်တွဲ ဆောင်ရွက်ပေးခြင်းမှာ အားရကျေနပ်မှုမရှိဖြစ်ရပါတယ်။ ဆေးတက္ကသိုလ်များတွင် နှစ်စဉ်နှစ်တိုင်း မည်၍မည်မျှရမှုဟု သတ်မှတ်ခြင်းမရှိပါပဲ လိုအပ်သလောက်ဘာကြောင့်ပြည့်အောင်မခေါ်တာလဲ ဆိုတာ ထောက်ပြစရာတစ်ခုဖြစ်လာပါတယ်။ လိုအပ်တဲ့အင်အားသတ်မှတ်ချက်အပေါ်ခေါ်ထားတဲ့ အမှတ်နဲ့ သတ်မှတ်ခေါ်ထားလားဆိုတာကို ကွဲကွဲပြားပြားရှင်းပြဖို့လိုပါတယ်။ ယခုကိစ္စမှာ ပထမ အင်အားလိုအပ်ချက်အရခေါ်တယ်လို့ပြောပြီး နောက်မှ ယောကျ်ားလေး ၅၀၅ မှတ်၊ မိန်းကလေး ၅၁၅ မှတ်မရလို့ နောက်ဆက်တွဲဝင်ခွင့်မပြုနိုင်၊ မပြင်နိုင်ဘူးဆိုတာ သက်သက်မဲ့ညစ်သလိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ ခုနှစ်မှာ ဆေးတက္ကသိုလ်အမှတ် ၅၁၀ မှတ်သာရှိပြီး ၂၀၁၈ ခုနှစ်ကျတော့ ၅၁၅ မှတ်၊ လာမယ့် ၂၀၁၉ ခုနှစ်မှာ မသိရသေးပေမဲ့ ဒီလိုမဖြစ်သင့်ဘူးလို့ ထင်ပါတယ်။ ကျောင်းသားကျောင်းသူတွေအတွက် ပွင့်လင်းမြင်သာမှုမရှိသလို ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ ယခုဖြစ်ခဲ့သောအဖြစ်မျိုး၊ အဖြစ်ဆိုးများ ဆက်လက်မဖြစ်စေရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်၍ နစ်နာသောကျောင်းသားမိဘပြည်သူများအား တောင်းပန်သင့်၊ တောင်းပန်ထိုက် ဖြေလျှော့ပေးနိုင်ရေးအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျောင်းသားမိဘပြည်သူများကိုယ်စား လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရန် မေးမြန်းလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ မိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးအောင်ကျော်ဦး၏မေးခွန်းဖြစ်သော ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့အနေဖြင့် တက္ကသိုလ်ဝင်ခွင့်၊ ဆေးတက္ကသိုလ်ဝင်ခွင့်နှင့် တိုက်ရိုက်လျှောက်ထားနိုင်သောကျောင်းများအား ဝင်ခွင့်လျှောက်ထားရာတွင် ကျောင်းသားတစ်ဦးတည်း ကျောင်းသုံးကျောင်းတွင်ဝင်ခွင့်ပါနေခြင်းကြောင့် အမှတ်အနည်းငယ်လျော့သော ကျောင်းသားများသည် တက်ရောက်ချင်သောကျောင်းသို့ တက်ရောက်ခွင့်မရရှိခဲ့ဘဲ နစ်နာခဲ့မှုအပေါ် မည်သို့မည်ပုံဖြေရှင်းဆောင်ရွက်ခဲ့သည်နှင့် လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အခက်အခဲမရှိ၊ နစ်နာမှုမရှိစေဘဲ အဆင်ပြေစွာ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ပေးနိုင်ရန်နှင့်မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်တဲ့ကျောင်းသူကျောင်းသားများအတွက် သီးခြားတက္ကသိုလ်ဝင်ခွင့်ခေါ်မည့် တက္ကသိုလ် ၁၃ ကျောင်း၊ ဆေးတက္ကသိုလ်နှင့် ဆေးနှီးနွယ်တက္ကသိုလ် ၁၅ ကျောင်းအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတစ်ခုတည်းတွင် ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်စွက်လျှောက်ထားစေခဲ့ပါတယ်။ အဆိုပါတက္ကသိုလ် ၂၈ ခု၏လက်ခံနိုင်မည့်ဦးရေများအား ရွေးချယ်ရာတွင် ၎င်းတက္ကသိုလ်များ၏ပါမောက္ခချုပ်များပါဝင်သော ရွေးချယ်ရေးအဖွဲ့မှ ဦးစားပေးအစီအစဉ်အလိုက် တက္ကသိုလ်များ၏ဝင်ခွင့်သတ်မှတ်ချက်နှင့်အညီ ရွေးချယ်ဆောင်ရွက်သွားပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆေးတက္ကသိုလ်နှင့် ဆေးနှီးနွယ်တက္ကသိုလ်များသို့ လျှောက်ထားခဲ့သူများကို စိစစ်တဲ့အခါမှာ သတ်မှတ်ရမှတ်အတွင်းရရှိပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်ရှိ ဆေးတက္ကသိုလ်နှင့် ဆေးနှီးနွယ်တက္ကသိုလ်များသို့ လျှောက်ထားသူ ပထမအကြိမ်မှ ၂၂၉ ဦး၊ ဒုတိယအကြိမ် ၂၅ ဦး၊ တတိယအကြိမ် တစ်ဦး၊ စတုတ္ထအကြိမ် တစ်ဦးနှင့် လက်ခံထားပြီးသူ ၁၉ ဦး အပါအဝင် စုစုပေါင်း ၂၇၅ ဦး ရှိခဲ့ပါတယ်။ ၎င်းတို့အနက်မှ ၄၇ ဦးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ နောက်ဆက်တွဲလက်ခံခြင်းကို ၂၄-၁၂-၂၀၁၈ ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါတယ်။

ကျောင်းမအပ်ဘဲ လစ်လပ်သွားသော အရေအတွက်များနှင့်စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့၏ ညှိနှိုင်းအစည်းအဝေးကို ၂၇-၁၂-၂၀၁၈ ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ပြီး ဆေးတက္ကသိုလ်နှင့် ဆေးနှီးနွှယ်တက္ကသိုလ်များ၏ဝင်ခွင့်ပြုအနိမ့်ဆုံးရမှတ်ကို ပြည့်မီသော ကျောင်းသားကျောင်းသူ ၂၂၈ ဦးအား နောက်ဆက်တွဲဝင်ခွင့်ပြုခဲ့ပြီး ဝင်ခွင့်ရရှိသူများရဲ့စာရင်းကို ၁၁-၁-၂၀၁၉ ရက်နေ့တွင် ကြေညာဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် ဆေးတက္ကသိုလ်ဝင်ခွင့်ပြုဦးရေ ၁၂၀၀ ၏ ၆ ရာခိုင်နှုန်းကို တိုင်းရင်းသားဒေသများမှ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်သော ကျောင်းသူကျောင်းသားများကို တက်ရောက်ခွင့်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပြီးကိစ္စများနှင့်ပတ်သက်လို့ ပညာရေးဝန်ကြီးဌာနမှ ပြည်သူ့လွှတ်တော် တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ နိုင်ငံတော်သမ္မတရုံး စသည်တို့ ကို စိစစ်ဆောင်ရွက်ပြီးအခြေအနေများကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ လာမယ့် ၂၀၁၉ ခုနှစ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်လာမည့် ကျောင်းသားကျောင်းသူများအတွက် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးနှင့်စပ်လျဉ်းသည့်ညှိနှိုင်းအစည်းအဝေးကို ပထမအကြိမ်အဖြစ် ၉-၃-၂၀၁၉ ရက်နေ့တွင် ရန်ကုန်မြို့ ပါမောက္ခချုပ်များကော်မတီရုံးတွင်လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို ၁၀-၄-၂၀၁၉ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၁)နေပြည်တော်တွင်လည်းကောင်း၊ ပညာရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်မှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များကော်မတီမှ ပါမောက္ခချုပ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတို့ဖြင့် နှစ်ကြိမ်တိုင်ကျင်းပဆောင်ရွက်ခဲ့ပြီး လိုအပ်သော ကြိုတင်ညှိနှိုင်းဆောင်ရွက်မှုများကို ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူ ကျောင်းသားကျောင်းသူများ အနေဖြင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်၌ ဖော်ပြထားသည့်အတိုင်း တက္ကသိုလ်များလျှောက်ထားရာတွင် တိတိကျကျလိုက်နာဆောင်ရွက်နိုင်ပါရန်နှင့် ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများအနေ ဖြင့် ယခင်နှစ်များမှ ရရှိခဲ့သော တက္ကသိုလ်ဝင်ခွင့်အမှတ်များကို ချိန်ထိုး၍ မိမိဦးစားပေးတက်ရောက်

လိုသော တက္ကသိုလ်အနည်းငယ်ကိုသာ ရွေးချယ်လျှောက်ထားရန်သာ စီစဉ်ခဲ့ပါတယ်။ ဒီ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စားမေးပွဲတွင် အောင်မြင်လာမည့်ကျောင်းသားကျောင်းသူများအတွက် ယခုကြိုတင်ပြီး သတင်းစာနှင့်ဂျာနယ်များတွင် ဆောင်းပါးများ ရေးသားဖော်ပြခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ပါမောက္ခချုပ်ကြီးများကိုယ်တိုင် စကားဝိုင်းဆွေးနွေးပွဲများအား ပြုလုပ်ပြီး ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများအား ကြိုတင်၍ လေးလေးနက်နက် အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိတဲ့အတွက် ယခင်နှစ်တွင်ဖြစ်ပေါ်သည့်တက္ကသိုလ်ဝင်ခွင့် လျှောက်ထားမှုအားနည်းချက်များ မဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်သွားလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ ဝန်ကြီးဌာနကဖြေသွားတဲ့အထဲမှာတော့ အားလုံး တင်ပြဆောင်ရွက်ပြီးပြီလို့ ဖြေထားပါတယ်။ ကျွန်တော်တို့ တကယ်သိရတာကတော့ ယောကျ်ားလေး ၅၄၁ မှတ်၊ ၅၂၅ မှတ်၊ ၅၁၂ မှတ် ကျောင်းသားသုံးဦးသာ ဆေးတက္ကသိုလ်ဝင်ခွင့်ကို ပေးခဲ့တာပါ။ ဒါကလည်း အမှတ်ပြည့်လို့ပေးခဲ့တာပါ။ နဂိုက ၁၂၀၀ ပြည့်မှ အရေအတွက်နဲ့ ဦးရေနဲ့အင်အားနဲ့ ခေါ်မယ်ဆိုပြီးတော့ နောက်ဆုံးကျတဲ့အခါကျတော့ အမှတ်မမီလို့ဆိုတဲ့ပုံစံမျိုးနဲ့ပြန်ပြီးတော့ ဖြေကြားတဲ့ဥစ္စာတွေရှိပါတယ်။ အခုအချိန်ထိ တချို့ကလေးတွေကျောင်းမတက်ဘဲနဲ့ မြင်နေရတာတွေလည်း ရှိပါ တယ်။ ဒါတော်တော်များများကျန်ခဲ့တာပါ။ သူတို့ဖြေရှင်းပေးပါတယ်ဆိုပေမဲ့ သူတို့ဟာ အပေါ်ယံ ဖြေရှင်းတဲ့ပုံစံမျိုးနဲ့သာဖြေရှင်းသွားတာဖြစ်ပါတယ်။ အဲဒီအပေါ်မှာ ရှင်းရှင်းပြောရရင် ပြန်ပြီးတော့ ဒီကျောင်းသားမိဘတွေ၊ နစ်နာခဲ့တဲ့ကျောင်းသားမိဘတွေ၊ ပြည်သူတွေအပေါ်မှာ ပြန်ပြီးတော့ ပညာရေးဝန်ကြီးဌာနက ဝန်ချတောင်းပန်ဖို့ရှိ/မရှိဆိုတာကို ကျွန်တော်သိချင်ပါတယ်။ ဆက်စပ်မေးခွန်း အနေနဲ့မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ပြန်လည်ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဒီကိစ္စနှင့်ပတ်သက်ပြီး ပြည်သူ့ လွှတ်တော်မှာ ပြန်ကြားရေးကော်မတီဥက္ကဋ္ဌမေးတဲ့မေးခွန်း ဖြေကြားစဉ်ကတည်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဝန်ကြီးရော၊ ကျွန်တော်ရော၊ ကျွန်တော်တို့ဖြေကြားခဲ့တာဟာ သတ်မှတ်ဦးရေ ပြည့်မီအောင် ဆောင်ရွက်ပါမယ်။ ဒီတက္ကသိုလ်ဝင်ခွင့် လမ်းညွှန်နှင့်အညီ သတ်မှတ်အမှတ်ပြည့်မီပါက

ပြည့်မီအောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျွန်တော်တို့ပြောခဲ့ပါတယ်။ ပြောခဲ့တဲ့အတိုင်းပဲ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ချက်နှင့်အညီ၊ သတ်မှတ်အမှတ်နှင့်အညီ ကျွန်တော်တို့ စိစစ်ရွေးချယ်ခဲ့ပါတယ်။ ဒီစိစစ်ရွေးချယ်ခဲ့မှုအခြေအနေကိုလည်း ခုနက တင်ပြသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်မေဝင်းမြင့်တို့ဦးဆောင်တဲ့ ကတိကဝတ်စိစစ်ရေးကော်မတီက ကျွန်တော်တို့ကို အသေးစိတ်စိစစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးကိုလည်း တင်ပြခဲ့ပါတယ်။ နောက် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌကြီးကိုလည်း အကြိမ်ကြိမ်ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ တစ်ဆက်တည်း လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦးကို လွှတ်တော်အနေနဲ့ပြောကြားလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ကြယ်ပွင့်ပြမေးခွန်းဟာ မိမိတို့လွှတ်တော်၏သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးမှ ဖြေဆိုဖို့ အသင့်ဖြစ်တာက ၂၆-၃-၂၀၁၉ ရက်နေ့မှ ရောက်ရှိလာတာဖြစ်ပါတယ်။ ကြားထဲမှာ သင်္ကြန်ရုံးပိတ်ရက်ရှိလို့ ဒီလောက်ကြာသွားတာဖြစ်တယ်ဆိုတဲ့အကြောင်းသိရှိဖို့ ပြောကြားလိုပါတယ်။

**မာန်အောင်မြို့နယ်အတွင်းရှိ သာယာကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ င/ပုန်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်း အဆင့်သို့လည်းကောင်း၊ ညောင်ကုန်းကျေးရွာအခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း၊**

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ) ဦးတင်နုအောင်ပါ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့မေးမြန်းလိုတဲ့ မေးခွန်းကတော့ မာန်အောင်မြို့နယ်မှာရှိတဲ့ သာယာကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ င/ပုန်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းအဆင့်သို့လည်းကောင်း၊ ညောင်ကုန်းကျေးရွာအခြေခံပညာ မူလတန်း(လွန်)

ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ်သို့ ယခုလာမည့်ပညာသင်နှစ် ၂၀၁၉ ခုနှစ် အတွင်း ကျောင်းဖွင့်ရာသီအမီ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံမှာ ဒုတိယအဆင်းရဲဆုံး ပြည်နယ်တစ်ခုပါ။ အဆင်းရဲဆုံးပြည်နယ်ထဲမှာမှ ကျွန်တော်တို့မာန်အောင်ကျွန်းဟာ ဝေးလံခေါင်သီ ဒေသအဖြစ်သတ်မှတ်ထားပြီး ဒေသရှားပါးစရိတ်ခံစားခွင့်ရရှိတဲ့ မြို့နယ်တစ်ခုပါ။ နယ်မြေလူထုဟာ ဆင်းရဲနွမ်းပါးကြပေမဲ့ ပညာရေးကိုအလွန်အလေးထားပြီး သားသမီးများကိုလည်း ပညာတတ်များ ဖြစ်အောင် ဆင်းရဲခံပြီးကျောင်းထားကြပါတယ်။ ဝေးလံခေါင်သီသည့်ဒေသဖြစ်ခြင်း၊ ပညာရေးကို အလေးထားခြင်းများကြောင့် ကျွန်တော့်မေးခွန်းမှာပါတဲ့ ကျောင်းတွေကိုအဆင့်တိုးမြှင့်ပေးဖို့ လိုအပ် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အပိုင်းသုံးပိုင်းခွဲပြီး တင်ပြပါ့မယ်။ ပထမပိုင်းက သာယာကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပါ။ ၎င်းကျောင်းကို ၁၉၅၀ ခုနှစ်ကစ၍ မူလတန်းကျောင်း အဖြစ်လည်ကောင်း၊ ၁၉၇၃ ခုနှစ်မှာ အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှာ အထက(ခွဲ)အဆင့်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ဒီကျောင်းဟာ မာန်အောင်မြို့ အထကနှင့် ၁၀ မိုင် ၂ ဖာလုံခန့် ကွာဝေးပြီး သာယာကုန်းနှင့်အနီးပတ်ဝန်းကျင်ကျေးရွာ ၁၆ ရွာမှ ကျောင်းသားကျောင်းသူ များ တက်ရောက်ပညာသင်ယူလျက်ရှိကြပါတယ်။ ယခုနှစ်အထက်တန်းကျောင်းသား ၅၀ ဦး၊ အလယ် တန်းကျောင်းသား ၁၁၉ ဦးနှင့် မူလတန်းကျောင်းသား ၄၂ ဦး စုစုပေါင်း ၂၂၁ ဦး ပညာသင်ကြားလျက် ရှိကြပါတယ်။ ဒေသခံပြည်သူများက ပညာရေးကို အလေးထားတဲ့အတွက် အခြေခံပညာအထက်တန်း ကျောင်းအဆင့်သို့ တိုးမြှင့်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေနဲ့ ၎/ပုန်ကုန်းအလက(ခွဲ)နှင့် ပတ်သက်လို့ ကျွန်တော်တင်ပြ ပါ့မယ်။ ၎/ပုန်ကုန်းမူလတန်းကျောင်းကို ၂၀၁၁ ခုနှစ်မှာ မူလွန်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှာ အလက(ခွဲ)အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ယခုအခါ ဒီကျောင်းမှာ ကျောင်းသား ကျောင်းသူ ၁၆၀ ယောက် သင်ကြားလျက်ရှိကြပါတယ်။ ပင်မကျောင်းဖြစ်တဲ့ ဟင်ဇလီကျေးရွာ အထကနှင့် ၃.၅ မိုင်ကွာဝေးပါတယ်။ ပတ်ဝန်းကျင်ကျေးရွာ ၆ ရွာရှိပါတယ်။ အဲဒီကျောင်းကိုလည်း အဆင့်တိုးမြှင့်ပေးဖို့လိုအပ်နေပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအနေနဲ့ ညောင်ကုန်းမူလတန်း(လွန်)ကျောင်းနှင့် ပတ်သက်လို့ ကျွန်တော်တင်ပြပါ့မယ်။ ဒီကျောင်းကို ၁၉၉၈ ခုနှစ်က မူလတန်းကျောင်းအဖြစ်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ မူလွန်ကျောင်းအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ယခု ဒီကျောင်းမှာကျောင်းသားကျောင်းသူ ၁၂၇ ယောက်သင်ကြားလျက်ရှိပါတယ်။ ဘေးပတ်ဝန်းကျင်မှာ ဖောက်ဖေး အမကရှိပါတယ်။ ဒီရွာဟာ အိမ်ခြေ ၁၄၁ အိမ်ရှိပြီး လူဦးရေ ၇၀၀ ကျော်နေထိုင်လျက်ရှိကြပါတယ်။ မာန်အောင်မြို့နှင့် ၉ မိုင်ဝေးပါတယ်။ ချင်းတိုင်းရင်းသားတွေနေထိုင်တဲ့ရွာဖြစ်ပြီး ရွာသားများဟာ ပညာရေးကိုအလွန်အလေးထား စိတ်ဝင်စားကြပါတယ်။ ဒါကြောင့် ကျွန်တော်ဖော်ပြခဲ့တဲ့ ကျောင်းများကို ဒီနှစ် ၂၀၁၉ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ ကိုယ်စားမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲဆက်လက်ပြီး ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်နု(ခ) ဦးတင်နုအောင်ရဲ့မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်အတွင်းရှိ သာယာကုန်း ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ လည်းကောင်း၊ အပေါ်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းအဆင့်သို့လည်းကောင်း၊ ညောင်ကုန်းကျေးရွာအခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ်သို့လည်းကောင်း ယခုလာမည့်ပညာသင်နှစ် ၂၀၁၉ ခုနှစ်ကျောင်းဖွင့်ရာသီအမီ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြီးခဲ့တဲ့ ၂၃-၅-၂၀၁၉ ရက်နေ့မှာ တစ်ပြည်လုံးမှာ ကျောင်းပေါင်း ၅၆၅၁ ကျောင်း၊ အဆင့်မြှင့်တိုးမြှင့်တဲ့ကြေငြာချက် အစိုးရအဖွဲ့ကခွင့်ပြုချက်ရလို့ ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြထားသော ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် သာယာကုန်းအခြေခံ

ပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ င/ပုန်ကုန်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ ညောင်ကုန်းအခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**မတူပီမြို့ အနောက်ခိုဘွေရပ်ကွက်ရှိ အလယ်တန်းကျောင်း(ခွဲ)အတွက် လိုအပ်သော လေးခန်းတွဲ နှစ်ထပ်ဆောင် သံကူကွန်ကရစ်ကျောင်းဆောင် အသစ်တစ်ခုအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီမြို့ အနောက်ခိုဘွေရပ်ကွက် အလယ်တန်းကျောင်း(ခွဲ)မှာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ဆဋ္ဌမတန်းအထိ သင်ကြားနေပြီး ကျောင်းသားစုစုပေါင်း ၂၅၇ ဦးရှိပါတယ်။ ဒါပေမဲ့ စာသင်ခန်းကလောလောဆယ် အစိုးရကတရားဝင်စာသင်ခန်းက ပေ ၇၀ x ပေ ၂၀ သုံးခန်းတစ်ဆောင်ပဲ ရှိပါတယ်။ ကျောင်းဆောင်လိုအပ်ချက်ရှိတဲ့အတွက်ကြောင့် မြို့ပေါ်မှာရှိတဲ့ မြို့မိမြို့ဖများနှင့် ကျောင်းအကျိုးတော်ဆောင်များ ပူးပေါင်းပြီးမှ သွပ်မိုး၊ သွပ်ကာ ကျောင်းဆောင်တစ်ဆောင်နှင့် လွှတ်တော်ကိုယ်စားလှယ် ရန်ပုံငွေကနေ သွပ်မိုး၊ သွပ်ကာယာယီကျောင်းဆောင် နောက်ထပ်တစ်ဆောင် တည်ဆောက်ပေးခဲ့ရပါတယ်။ သွပ်မိုး၊ သွပ်ကာကျောင်းဆောင်တွေဟာ ယာယီကျောင်းဆောင်တွေသာဖြစ်တဲ့အတွက်ကြောင့် ကျောင်းသားများရဲ့ ကျန်းမာရေးအတွက် ကိုက်ညီမှုမရှိပါဘူး။ မြေစိုက်တိုင်ဖြစ်ပါတယ်။ အောက်မှာတမံတလင်းခင်းထားခြင်းမရှိပါဘူး။ ဒါကြောင့် သွပ်မိုး၊ သွပ်ကာကျောင်းဆောင်များဟာ ချင်းပြည်နယ်ရဲ့ဆိုးရွားလှတဲ့ ရာသီဥတုဖြစ်တဲ့ မိုးရာသီနှင့်ဆောင်းရာသီတွေမှာ ကျောင်းသားများအတွက် ကျန်းမာရေးနှင့်လုံးဝမညီညွတ်တဲ့အတွက်ကြောင့် သံကူကွန်ကရစ်ကျောင်းဆောင် မဖြစ်မနေလိုအပ်လျက်ရှိပါတယ်။ မြို့ပေါ်ကျောင်းဆောင်ဖြစ်တဲ့အတွက်ကြောင့် နှစ်တိုင်းကျောင်းသားဦးရေတိုးပွားလာ

တာဖြစ်ပါတယ်။ ဒါပေမဲ့ ကျောင်းဆောင်မလုံလောက်မှုရှိတဲ့အတွက်ကြောင့် ကျောင်းသားတွေလည်း နောက်ထပ်လက်ခံရမည့် အနေအထားမဖြစ်နိုင်ဖို့ ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အနောက်ဘိုဘွေ အလယ်တန်းကျောင်း(ခွဲ)ရဲ့ ကျောင်းဆောင်နောက်ထပ်လိုအပ်ချက်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးပါထန်း၏ မေးခွန်းဖြစ်သော မတူပီမြို့ အနောက်ခိုဘွေရပ်ကွက်ရှိ အလယ်တန်းကျောင်း(ခွဲ)အတွက် လိုအပ်သော လေးခန်းတွဲ နှစ်ထပ်ဆောင် သံကူကွန်ကရစ်ကျောင်းဆောင် အသစ်တစ်ခုကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွေမှာတော့ ကိုယ်စားလှယ်တော်ကြီးမဲဆန္ဒနယ် မတူပီမြို့နယ်အတွင်းမှာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ ၁၂၀ x ပေ ၃၀ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ တစ်ထပ်ဆောင်အသစ်တစ်ခု၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် ပေ ၁၂၀ x ပေ ၃၀ RCC တစ်ထပ်ကျောင်းဆောင်အသစ်တစ်ခု ဆောက်လုပ်ရန်ဘဏ္ဍာငွေလျာထားခဲ့ပါတယ်။ ဒီအတွက် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မတူပီမြို့ အနောက်ခိုဘွေရပ်ကွက်ရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်တဲ့ ရန်ပုံငွေကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**လှိုင်သာယာမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအတွက် မြေပြုပြင်ပေးပြီး ကျောင်းအားကစားကွင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတည်ဆောက်ပေးခြင်း၊ ကျောင်းဆောင်အသစ်များဆောက်လုပ်ရာတွင် လမ်းအမြင့်ထက် မြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းပါတယ်။ ကျွန်တော်ကတော့ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမယ့်မေးခွန်းအား လှိုင်သာယာမြို့နယ်အတွင်းရှိ စာသင်ကျောင်းများကို မြေယာပြုပြင်ပေးပြီး ကျောင်းအားကစားကွင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတည်ဆောက်ပေးခြင်း၊ ကျောင်းဆောင်အသစ်များဆောက်လုပ်ရာတွင် လမ်းအမြင့်ထက် မြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်ကို လယ်ယာမြေများပေါ်တွင် မြို့သစ်တည်ဆောက်ခဲ့ပြီး ယခုအခါ လမ်းမကြီးများအဆင့်မြှင့်တင်တိုးချဲ့ပြီး ဆောင်ရွက်နေသဖြင့် လမ်းမကြီးများမြေသားက မြင့်တင် နေပြီး လူနေအိမ်များ၊ ရုံးများ၊ စာသင်ကျောင်းအဆောက်အဦးများသည် မြေအနိမ့်ပိုင်းတွင် ကျန်ခဲ့ပါတယ်။ ရေဝပ်သည့်ဒဏ်ကိုလည်း ခံစားနေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။ ကျွန်တော်တို့ စာသင်ကျောင်းဝင်းထဲမှာ အခုနွေရာသီမှာရှိနေတဲ့ရေအိုင်ပါ။ ဒါကျောင်းကိုအဝင် စကြ်ံလမ်းရဲ့ဘေးရေအိုင်ပါ။ ဒီရေအိုင်ဟာ ၃ ပေလောက်နက်ပါတယ်။ လူကြီးတစ်ယောက်ရဲ့ခါးဖောင်းလောက် ရှိပါတယ်။ ကျောင်းဝင်းထဲမှာ အခုလိုမိုးရာသီမှာ ရေစီးဆင်းမှုမရှိဘဲ ရှိနေတဲ့ရေအိုင်ပါ။ ဒါမိုးရာသီကာလမှာ ကျောင်းသူကျောင်းသားတွေဟာ ရေထဲကနေဖြတ်လျှောက်ပြီးတော့ စာသင်ကျောင်းများကို သွားရောက်ပြီးတော့ ပညာသင်ကြားရပါတယ်။ ဒါမိုးများတဲ့ အချိန်အခါတွေမှာ စာသင်ကျောင်းဆောင်ထဲကို ရေဝင်ရောက်မှုရှိပါတယ်။ ဒီလိုရေဝင်ရောက်မှုဖြစ်သည့်အတွက် ကျောင်းတွေကို ခေတ္တယာယီပိတ်ခဲ့ရပါတယ်။ ပိုးမွှား အန္တရာယ်လည်းရှိပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းဝန်းအတွင်း မြေကွက်လပ်အလွတ်များရှိနေသော်လည်း ရေစီးဆင်းမှုမရှိဘဲ ရေများဝပ်နေသဖြင့် ကျောင်းသူကျောင်းသားများအတွက် အားကစားကွင်းများ ဖော်ဆောင်လို့မရနိုင်ပါဘူး။ ကျောင်းဆောင်အသစ်များ ဆောက်လုပ်ရာတွင်လည်း မူလမြေအနိမ့်ပိုင်းတွင် တည်ဆောက်ရသည့်အတွက် ကျောင်းဆောင်ကြမ်းခင်းဟာ လမ်းအမြင့်ထက်နိမ့်ကျနေသဖြင့် မိုးတွင်းကာလမှာ ကျောင်းဆောင်အောက်ထပ်များသို့ ရေဝင်ရောက်မှုများ ရှိနေပါတယ်။ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘပြည်သူများ၊ အလှူရှင်များ စုပေါင်းပြီးတက်နိုင်သလောက် ကျောင်းဝင်းအတွင်း မြေဖို့ပေးခြင်း၊ ကျောင်းအဝင်လမ်းမြေဖို့ပေးခြင်း လုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေသော်လည်း ပြည့်စုံလုံလောက်မှုမရှိပါ။ ကျောင်းဝင်းအတွင်း မြေဖို့သည့်လုပ်ငန်းများအတွက် ကျောင်းသူကျောင်းသား၊ မိဘပြည်သူများထံမှ အလှူငွေကောက်ခံပြီး ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်ဟာလည်း ယနေ့ခေတ်ကာလမှာ ဆက်လက်ဆောင်ရွက်ရန် မသင့်တော်တော့ပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားကျောင်းသူများ ကာယ၊ ဉာဏ၊ စာရိတ္တ မြင့်မာစေပြီး ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဝင်းအတွင်း ရေဝပ်ဧရိယာများကို မြေဖို့ပေးပြီး ကျောင်းအားကစားကွင်းအဖြစ် ဖော်ဆောင်ပေးခြင်း၊ ကျောင်းအဝင်လမ်းများ မြေသားမြင့်တင်ခြင်း၊ နေရာပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတည်ဆောက်ပေးခြင်း၊ ကျောင်းဆောင်အသစ်များ ဆောက်လုပ်ရာတွင်လည်း လမ်းနယ်အမြင့်ထက် မြင့်တင်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိကို မေးမြန်းရခြင်းဖြစ်ပါတယ်။ စီစဉ်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်။ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကလည်း အဘယ့်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို မဲဆန္ဒရှင်မိဘပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်

ကပဲ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဝင်းမင်း၏မေးခွန်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ မြေယာပြုပြင်ပေးခြင်း၊ ကျောင်းအားကစားကွင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တည်ဆောက်ပေးခြင်း၊ ကျောင်းဆောင်အသစ်များ ဆောက်လုပ်ရာတွင် လမ်းနယ်အမြင့်ထက် မြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကိုယ်စားလှယ်တော်၏မဲဆန္ဒနယ် လှိုင်သာယာမြို့နယ်အတွင်း အခြေခံပညာကျောင်းများအတွက် ဒီ ပင်စင်ထိန်းသိမ်းစရိတ်ရန်ပုံငွေခေါင်းစဉ်အောက်မှ အခြေခံပညာအထက်တန်းကျောင်းခွဲလ(၂)၊ အခြေခံပညာအထက်တန်းကျောင်းခွဲလ(၁၃)၊ အမှတ် ၁၁ အခြေခံပညာမူလတန်းကျောင်း၊ အမှတ် ၂၃ အခြေခံပညာမူလတန်းကျောင်း၊ အမှတ် ၃၉ အခြေခံပညာမူလတန်းကျောင်း စုစုပေါင်း ကျောင်းငါးကျောင်းအတွက်လည်းကောင်း ငွေလုံးငွေရင်းတည်ဆောက်ရေးခေါင်းစဉ်အောက်မှ အခြေခံပညာအထက်တန်းကျောင်းခွဲလ(၂)၊ အခြေခံပညာ အထက်တန်းကျောင်းခွဲလ(၈)၊ အခြေခံပညာ အထက်တန်းကျောင်းခွဲလ(၁၃)၊ အခြေခံပညာအထက်တန်းကျောင်းခွဲလ(၁၄)၊ အခြေခံပညာအထက်တန်းကျောင်းခွဲလ(၁၁)၊ အမှတ် ၂၃ အခြေခံပညာမူလတန်းကျောင်း၊ အမှတ် ၁၆ အခြေခံပညာမူလတန်းကျောင်း ဒါစုစုပေါင်း ၇ ကျောင်းတို့အတွက် တည်ဆောက်ရေးရန်ပုံငွေများ လျာထားဆောင်ရွက်ပြီးဖြစ်ပါတယ်။

ဒီလို လျာထားရာမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ အခြေခံပညာ ၁၁ ကျောင်းနှင့် အခြေခံပညာကျောင်း ၇ ကျောင်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ရဲ့ ငွေလုံးငွေရင်းခေါင်းစဉ်နှင့် ပင်စင်ထိန်းသိမ်းစရိတ်ရန်ပုံငွေအောက်မှ ဘဏ္ဍာငွေလျာထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီး ရှေ့မှာအသေးစိတ်မေးသွားသလို ဒီမြေယာပြုပြင်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တည်ဆောက်ပေးခြင်း၊ နောက်တစ်ခါ ကျောင်းဆောင်အသစ်များဆောက်လုပ်ရာတွင် လမ်းနယ်အမြင့်ထက် မြှင့်တင်ပေးရန်ဆိုတာ ဒီကျောင်းတစ်ကျောင်းချင်းအလိုက် သီးခြားရန်ပုံငွေ လျာထားတင်ပြဖို့လိုပါတယ်။ အခု ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ်အတွက် လျာပေးလိုက်တာသည် ဒါတစ်ပြည်လုံးအများနည်းတူ သတ်မှတ်ပေးတဲ့နှုန်းအတိုင်း လျာပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒီလို မြေနေရာအနေအထားအရ ပတ်ဝန်းကျင်အခြေအနေလိုအပ်ချက်အရ

သီးခြားဆောင်ရွက်ရန်ရှိပါက ဒီကျောင်းတစ်ခုချင်းအလိုက် လိုအပ်တဲ့လုပ်ငန်းတစ်ခုချင်းအလိုက် တင်ပြပြီး လျာထားရန်လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်နိုင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊၁၂း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၃၅ နာရီ အချိန်တွင် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးအောင်သိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်ကတင်သွင်းသည့် မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာအကြောင်း တတ်သိကျွမ်းကျင်သောပညာရှင်များ ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာစေရန်သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက်ပိုမို သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဦးအောင်သိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့

လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့(၃-၅-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာအကြောင်း တတ်သိကျွမ်းကျင်သောပညာရှင်များ ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာစေရန် သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက်ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ခုနစ်ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတွေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ပညာရေး လောကဟာ လွန်ခဲ့တဲ့နှစ် ၃၀၊ ၄၀ အတွင်း ပညာရေးစနစ်သစ်တွေနဲ့ မကြာခဏကြုံတွေ့ခဲ့ရပါတယ်။ အဲဒီတော့ ပညာရေးစနစ်တွေက ခဏခဏပြောင်းနေတဲ့သဘောပါ။ အဲဒီတော့ ပညာရေးဝန်ကြီးတစ်ပါးတက်လာလိုက်လို့ရှိရင် စနစ်သစ်တစ်ခုအဲဒီလိုပုံစံမျိုးဖြစ်သလို ဖြစ်နေပါတယ်။ အဲဒီတော့ အင်္ဂလိပ်စာကို သူငယ်တန်းက စသင်လိုက်။ ပဥ္စမတန်းရောက်မှ စသင်လိုက်။ တစ်ခါ သူငယ်တန်းရောက်မှ စသင်လိုက်။ အဲဒီလိုပဲ ဝိဇ္ဇာခေါ်တဲ့ သမိုင်း၊ ပထဝီဝင်ဘာသာရပ်တွေနဲ့ သိပ္ပံလို့ ခေါ်တဲ့ ဓာတု၊ ရူပဘာသာရပ်တွေကို ပေါင်းသင်လိုက်၊ တစ်ခါ ခွဲသင်လိုက်၊ တစ်ခါပေါင်းသင်လိုက်နဲ့ ဒီလိုခဏခဏ ပညာရေးစနစ်သစ်တွေကြောင့်မို့လို့ အစမ်း သပ်ခံပညာရေးစနစ်က ဖြစ်ခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်မှတ်မိသလောက်ကတော့ ၁၉၆၄ ခုနှစ် လောက်မှာ ပညာရေးစနစ်သစ်ဆိုတာကို ပထမဦးဆုံးလို့ထင်ပါတယ်။ အဲဒါကိုစပါတယ်။ အဲဒါကို စတော့ အဋ္ဌမတန်းအောင်မှတ်ကိုကြည့်ပြီးတော့ ဝိဇ္ဇာနှင့်သိပ္ပံဆိုတာကို ခွဲပါတယ်။ အဲဒီတော့ ဝိဇ္ဇာဆိုတာကတော့ သမိုင်း၊ ပထဝီပါတဲ့၊ ဘောဂဗေဒပါတဲ့ ဘာသာရပ်တွေ။ သိပ္ပံဆိုတာကတော့ ဓာတု၊ ရူပ၊ ဇီဝ ပါတဲ့ ဘာသာရပ်တွေပေါ့။ အဲဒီတော့ အဲဒီမှာ ထူးခြားချက်တစ်ခုက ရှစ်တန်းမှာ သိပ္ပံနဲ့အောင်တဲ့ သူကသိပ္ပံဘာသာရပ်ကို စိတ်မဝင်စားလို့ ဝိဇ္ဇာကိုပြောင်းချင်တယ်ဆိုရင် ပြောင်းလို့ရပါတယ်။ ဝိဇ္ဇာနဲ့အောင်တဲ့သူက သိပ္ပံကိုပြောင်းချင်တယ်ဆိုရင် ပြောင်းလို့မရပါဘူး။ အဲဒီထဲက ဝိဇ္ဇာဘာသာရပ်တွေဟာ ဒုတိယတန်းစားဘာသာရပ်တွေလိုဖြစ်ပြီးတော့ ဝိဇ္ဇာဘာသာရပ်သင်တဲ့ကျောင်းသားကျောင်းသူတွေကလည်း စိတ်အားငယ်တဲ့အပိုင်းလေးတွေ ဖြစ်လာပါတယ်။ အဲဒါကို

ဘာသာရပ်အချင်းချင်းမှာကို ခွဲခြားဆက်ဆံခံရတဲ့ Discrimination ပုံစံမျိုးပေါက်လာပါတယ်။ ဒါကလည်း အဲဒီအချိန်တုန်းကသာ တိုင်းပြည်ကို ပြန်ထူထောင်မယ်ဆိုလို့ရှိရင် သိပ္ပံဘာသာရပ်တွေဟာ မလွဲမသွေတတ်မှဖြစ်မယ်။ ဒါတွေ တိုးတက်မှဖြစ်မယ်ဆိုတဲ့ စေတနာနဲ့လုပ်ခဲ့တာ ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့သိရပါတယ်။ ဒီစေတနာကိုလည်း နားလည်ပါတယ်။ လက်တွေ့မှာကျတော့ ဒီဝိဇ္ဇာ ဘာသာရပ်တွေ သမိုင်း၊ ပထဝီဘာသာရပ်တွေအပါအဝင် ဝိဇ္ဇာဘာသာရပ်တွေက ဒုတိယတန်းစား ဘာသာရပ်အဖြစ်ကို ရောက်သွားပြီးတော့ ကျောင်းသားတွေက မျက်နှာငယ်တယ်။ တက္ကသိုလ် ရောက်လို့ မေဂျာတွေခွဲတဲ့အခါကျတော့လည်း ဝိဇ္ဇာသိပ္ပံမေဂျာမှာ ဝိဇ္ဇာဘာသာတွဲယူတဲ့မေဂျာယူတဲ့ ကျောင်းသားတွေက အလိုအလျောက်ကို စိတ်အားငယ်ရတဲ့ အနေအထားတွေဖြစ်လာပါတယ်။ အဲဒီတော့ ဒီဝိဇ္ဇာ သမိုင်း၊ ပထဝီဘာသာရပ်တွေရဲ့အနေအထားက ကျွန်တော်တို့ နိုင်ငံမှာ သိပ်အရေး မပါဘူးဆိုတဲ့ပုံစံမျိုး ရောက်လာပါတယ်။ အဲဒီတော့ ဒါတွေက ဘယ်လိုဖြစ်လာလဲဆိုတော့ တဖြည်းဖြည်းနဲ့ ဒီဘာသာရပ်တွေအပေါ်မှာ စိတ်ဝင်စားမှု ကျောင်းသားရော ဆရာပါ အားနည်းလာ လိုက်တာ နောက်ပိုင်းမှာ ကျွန်တော်တို့ကျောင်းသားတွေရဲ့အခြေအနေရဲ့ ဝိဇ္ဇာဖြစ်တဲ့ သမိုင်း၊ ပထဝီ ဘာသာရပ်ဆိုင်ရာဗဟုသုတေတွေဟာ တော်တော်ကို အခြေအနေဆိုးလာတဲ့အနေအထား ဖြစ်လာ ပါတယ်။ ကျွန်တော့်ကိုယ်တွေ့အရဆိုရင်တောင်မှ ဘွဲ့ရတဲ့ကျောင်းသားတွေကို ကျွန်တော် မေးမြန်း ကြည့်တဲ့အခါ မြန်မာနိုင်ငံသမိုင်းနှင့်ပတ်သက်ပြီးတော့လည်း မြန်မာနိုင်ငံမှာ ခေတ်ဘယ် နှစ်ခေတ် ရှိတယ်။ မြန်မာနှင့် အင်္ဂလိပ်စစ်ပွဲဘယ်နှစ်ပွဲဖြစ်တယ်။ ကမ္ဘာမှာလည်း စစ်ပွဲဘယ်နှစ်ပွဲဖြစ်လဲ။ ကမ္ဘာမှာထင်ရှားတဲ့ ဖက်ဆစ်ခေါင်းဆောင်၊ နာဇီခေါင်းဆောင်တွေက ဘယ်သူဖြစ်တယ်။ နောက် မြန်မာ့သမိုင်းမှာလည်း ကျန်စစ်သား ဘယ်ခေတ်၊ အလောင်းစည်သူဟာ ဘယ်ခေတ်၊ အနောက်ဘက် လုံဟာ ဘယ်ခေတ်။ အဲဒါတွေကိုတောင် မသိတော့တဲ့အချိန်။ ဒါ ဘွဲ့ရတဲ့ကျောင်းသားတွေပါ။ ဒါ ကျွန်တော့်ကိုယ်တွေ့ပါပဲ။

ပထဝီမှာဆိုလို့ရှိရင်လည်း မြန်မာနိုင်ငံအကျယ်အဝန်းဘယ်လောက်ရှိတယ်။ တောင်နှင့်မြောက် အလျားဘယ်လောက်၊ အရှေ့နဲ့အနောက် အလျားဘယ်လောက်။ နယ်မြေချင်းထိစပ်နေတဲ့ အိမ်နီးချင်း နိုင်ငံတွေ ဘယ်နိုင်ငံတွေဖြစ်တယ်ဆိုတာ မသိတော့လောက်အောင်ကို အဲဒီလိုဖြစ်တာ။ ဒီလိုမသိတာကို ပဲ သူတို့က ဂုဏ်ယူတဲ့အနေအထားမျိုးတွေပြောတာ ကျွန်တော်ကိုယ်တိုင်နားနဲ့ ဆက်ဆက်ကြား ခဲ့ရပါတယ်။ အဲဒီတော့ ဒီပုံစံအတိုင်းဆက်သွားမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့နိုင်ငံရဲ့အနာဂတ်က

ရင်လေးဖို့ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မြန်မာစကားမှာ ဆိုရိုးစကားတစ်ခု ရှိပါတယ်။ ရေဘူးနဲ့ဖိနပ်မပါ နွေအခါမှသိမယ်။ ဒါနနဲ့ သီလမပါ သေခါမှသိမယ်။ ကျွန်တော်ကတော့ ဒီမှာဆွေးနွေးရင်းနဲ့ သမိုင်းနဲ့ ပထဝီကို နက်နက်ရှိုင်းရှိုင်း၊ ခြေခြေမြစ်မြစ်မသိတဲ့သူတွေ နိုင်ငံရေးထဲ ရောက်လာရင် အကြောင်းအားလျော်စွာ နိုင်ငံ့ခေါင်းဆောင်တွေဖြစ်လာရင် ကျွန်တော်တို့တိုင်းပြည် အတွက် အင်မတန်ကို စိုးရိမ်ပူပန်ရတဲ့ အနေအထားရှိပါတယ်။ ဒါဘာကြောင့်လဲဆိုတော့ ဒီကနေ့ဟာ ကမ္ဘာမှာ Globalization ဖြစ်နေတယ်။ Globalist ဖြစ်နေတယ်။ ဒါမှာ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်း၊ သမိုင်းကြောင်း၊ ကမ္ဘာကြီးရဲ့သမိုင်းကြောင်း၊ ကျွန်တော်တို့နိုင်ငံရဲ့ပထဝီ၊ Geo Politic တွေ၊ ဒါတွေအကုန်လုံးနားလည်မှသာလျှင် နိုင်ငံ့ရဲ့အနာဂတ်၊ တစ်နည်းအားဖြင့် နိုင်ငံ့ရဲ့ပုံကို ကျွန်တော်တို့က ဖော်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသားတွေ အခုငယ်တဲ့အရွယ်ကနေစပြီးတော့ သမိုင်းနှင့် ပထဝီဝင်ကို အလေးထားတဲ့ ကျောင်းသားတွေဖြစ်လာအောင်၊ ဒါကလည်း ဆရာဆရာမ တွေ ကိုယ်၌ကသင်ကြားမှုပုံစံတွေကလည်း ပြောင်းဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကတော့ သမိုင်းနဲ့ပထဝီတွေကို အခုဒီမှာ အဆိုရှင်ဆရာဦးအောင်သိုက်တင်ပြထားတာကတော့ သူကတော့ အလယ်တန်းမှာ ယခုထက်ပိုမိုသင်ကြားနိုင်ရေးဆိုတာကို ထောက်ခံပါတယ်။ သို့သော် ကျွန်တော်ကတော့ ထပ်ပြီးတော့အကြံပြုချင်တာက အလယ်တန်းနှင့်တင်မရပါဘူး။ အနည်းဆုံးတော့ အထက်တန်း၊ တက္ကသိုလ်ဝင်တန်းအထိကို မသင်မနေရဘာသာရပ်အဖြစ် သင်ကြားပေးဖို့လိုပါတယ်။ နောက်ပြီးတော့ တက္ကသိုလ်တွေမှာလည်း သမိုင်းနှင့်ပထဝီသင်ကြားတဲ့ပုံစံကို ပုံစံပြောင်းပြီးတော့၊ အခြေအမြစ်ကစပြောင်းပြီးတော့ သေသေချာချာ၊ နက်နက်ရှိုင်းရှိုင်း၊ ခြေခြေမြစ်မြစ်သိအောင် သင်ပေးမှသာလျှင် ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ဟာ စိုးရိမ်ပူပန်မှုကင်းဝေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆရာဦးအောင်သိုက်ရဲ့အဆိုကို ကျွန်တော် ဒီအကြံပြုချက်နှင့်အတူ ဆွေးနွေးရင်းနဲ့ ကျွန်တော်ရဲ့အကြံပြုချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ရွှေလှဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရွှေလှ(ခ)ရွှေလှဝင်း(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ရွှေလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်က မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးအောင်သိုက်ရဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုထဲမှာပါတဲ့အတိုင်း သမိုင်းဘာသာရပ်၊ ပထဝီဝင်ဘာသာရပ်တွေကို ယခုထက်ပိုမိုသင်ကြားနိုင်ရေးအတွက်ဆိုရင် ဒီဘာသာရပ်တွေကို ထိထိရောက်ရောက်သင်ကြားပေးနိုင်တဲ့ အရည်အချင်းပြည့်မီသော ဝိဇ္ဇာဘာသာရပ်သင် ဆရာ၊ ဆရာမအများအပြား လိုအပ်ပါတယ်။ သို့သော်လည်း လက်ရှိဖြစ်နေတာက ဆရာ၊ ဆရာမတွေကို မွေးထုတ်ပေးနေတဲ့ ပညာရေးတက္ကသိုလ်မှာ ဝိဇ္ဇာတွဲယူတဲ့ သင်တန်းသူ၊ သင်တန်းသားများ အလွန့်အလွန်နည်းပါးနေတယ်လို့ သိရပါတယ်။ ဒီလိုဆိုရင် ဝိဇ္ဇာဘာသာရပ်သင် ဆရာ၊ ဆရာမတွေ မလုံမလောက်နဲ့ ရှားပါးနေအုံးမှာပဲဖြစ်ပါတယ်။ အခု အကောင်အထည်ဖော်နေတဲ့ စနစ်သစ်ပညာရေးမှာ (၉)တန်းအထိ အလယ်တန်းလို့သတ်မှတ်ထားတဲ့အတွက် ဝိဇ္ဇာတွဲသင် ဆရာ၊ ဆရာမများ ပိုမိုလိုအပ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဆရာ၊ ဆရာမတွေမွေးထုတ်ပေးနေတဲ့ ပညာရေးတက္ကသိုလ်မှာ ဝိဇ္ဇာတွဲယူတဲ့ သင်တန်းသားများ ပိုမိုများပြားလာအောင် ဆောင်ရွက်ဖို့တိုက်တွန်းအကြံပြုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ အတန်းစဉ်အလိုက် သင်ရိုးညွှန်းတမ်းအသစ်တွေကို သက်ဆိုင်ရာပညာရှင်များက ပြုစုရေးနေတယ်လို့ သိရပါတယ်။ ဒီလိုပြုစုတဲ့အခါမှာ စနစ်ဟောင်းက ၇၀ ရာခိုင်နှုန်းပြန်ပါပြီး အသစ်က ၃၀ ရာခိုင်နှုန်းပါမယ်လို့ သိရပါတယ်။ ကျွန်တော့်အနေနဲ့ ပထဝီဘာသာရပ်အကြောင်းကို မပြောတော့ပေမဲ့ သမိုင်းဘာသာရပ်နဲ့ပတ်သက်ပြီး အနည်းငယ်အကြံပြုဆွေးနွေးလိုပါတယ်။ သမိုင်းခေတ်အဆက်ဆက် အုပ်ချုပ်လာခဲ့တဲ့ ဘုရင်တွေ၊ အုပ်ချုပ်သူတွေဟာ ပုတုဇဉ်ဖြစ်တဲ့အတွက် အမှားမကင်းနိုင်ပါဘူး။ မှန်တာလည်းရှိမယ်။ မှားတာလည်းရှိမယ်။ ကောင်းတာလည်းရှိမယ်။ မကောင်းတာလည်းရှိမယ်။ ဒါပေမဲ့ သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့အခါမှာတော့ အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း ဖော်ပြဖို့လိုအပ်ပါတယ်။ ကောင်းတာကိုအတုယူပြီး မကောင်းတာကို သင်ခန်းစာယူဖို့ သမိုင်းဘာသာရပ်ကို သင်ကြားပေးနေရခြင်းမဟုတ်ပါလား။ ကောင်းတဲ့အုပ်ချုပ်သူတွေ၊ ကောင်းတဲ့ဘုရင်တွေကိုတော့ အကျယ်ရေးသားပြီး မကောင်းတဲ့ဘုရင်တွေ၊ မကောင်းတဲ့အုပ်ချုပ်သူတွေကျတော့ မကောင်းတဲ့လုပ်ရပ်တွေကိုချန်လှပ်ပြီး အကျဉ်းအမျှ ဖော်ပြမယ်ဆိုရင်တော့ သမိုင်းဟာ အမှန်ဖြစ်လာမှာမဟုတ်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ်မှစတင်သင်ကြားမယ့် စနစ်သစ် ဆဋ္ဌမတန်း သမိုင်းပြဋ္ဌာန်းစာအုပ်ထဲက သမိုင်းအချက်အလက်နှစ်ခုကို အကြံပြုဆွေးနွေးလိုပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက

နရသီဟပတေ့မင်းအကြောင်းကိုဖော်ပြရာမှာ နရသီဟပတေ့မင်းသည် မွန်ဂိုတို့ရန်ကြောင့် ထွက်ပြေးရာတွင် ပြည်မြို့အရောက်၌ သားတော်သီဟသူ၏လုပ်ကြံမှုကို ခံခဲ့ရသည်။ ပြည်တွင်းမညီမညွတ်မှုကို အခွင့်ကောင်းယူကာ မွန်ဂိုတပ်များချီတက်လာပြီး သားတော်ကျော်စွာကို နန်းတင်ခဲ့သည်လို့ ဖော်ပြထားပါတယ်။ မွန်ဂိုတပ်များလို့ရေးထားတဲ့ သမိုင်းအရေးအသားအကြောင်းကို ဆွေးနွေးလိုပါတယ်။ သက္ကရာဇ် ၆၄၆ မှာ နရသီဟပတေ့မင်းကြီးဟာ တရုတ်ကိုကြောက်၍ပြေးသတည်း။ ထို့ကြောင့် နရသီဟပတေ့မင်းကြီးကို တရုတ်ပြေးမင်းဟု ခေါ်ဝေါ်ကြသတည်းလို့ မှန်နန်းရာဇဝင်ကြီးရဲ့ စာမျက်နှာ ၃၅၄ မှာ အတိအလင်းဖော်ပြထားပါတယ်။ ကျွန်တော်တို့လည်း နရသီဟပတေ့မင်းကို တရုတ်ပြေးမင်းလို့ပဲ သင်ဖူးပါတယ်။ ကြားဖူးပါတယ်။ တရုတ်တပ်တွေပဲ ဝင်လာတယ်လို့ သင်ဖူးပါတယ်။ ကြားဖူးပါတယ်။ မွန်ဂိုတပ်၊ မွန်ဂိုပြေးမင်းလို့ မကြားခဲ့ဖူးပါဘူး။ နောက်တစ်ခုက အဲဒီ နရသီဟပတေ့မင်းအကြောင်းမှာပဲ မွန်ဂိုတပ်များချီတက်လာပြီး သားတော်ကျော်စွာကို နန်းတင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ကျော်စွာမင်းကို တရုတ်တွေက နန်းတင်ခဲ့တာလား။ သမိုင်းနည်းနည်း ရှုပ်ထွေးနေပါတယ်။ မှန်နန်းရာဇဝင်ရဲ့ စာမျက်နှာ ၃၅၉ မှာ သီဟသူမရှိလျှင် မိဖုရားစောနှင့် မှူးမတ်တို့ ညီကြ၍ သက္ကရာဇ် ၆၄၈ ခုနှစ်တွင် ဒလစားကျော်စွာကို မင်းမြှောက်ကြ၏လို့ ဖော်ပြထားပါတယ်။ အဲဒီလို သမိုင်းအချက်အလက်တွေ ကွဲပြားနေတာကိုလည်း ပြန်လည်စိစစ်ဖို့ ကျွန်တော် အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ပြောသလို သမိုင်း၊ ပထဝီပညာရှင်တွေ တိုးပွားလာဖို့ဆိုရင် ဝိဇ္ဇာတွဲယူတဲ့ကျောင်းသားများလာဖို့ လိုပါတယ်။ ဝိဇ္ဇာတွဲကျောင်းသားတွေ အောင်ချက်ကောင်းဖို့ လိုပါတယ်။ အခု ဝိဇ္ဇာတွဲကျောင်းသားတွေဖြစ်နေတာက အင်္ဂလိပ်စာနဲ့ သင်္ချာပဲ အရမ်းညံ့နေကြပါတယ်။ အဲဒီတော့ ကျက်စာပိုင်းကိုအားသန်တဲ့ ဝိဇ္ဇာတွဲကျောင်းသားတွေဟာ သင်္ချာဘာသာမှာညံ့တာကတော့ ဒါက သဘာဝကျပါတယ်။ ဒါပေမဲ့ စာမေးပွဲမှာ ဝိဇ္ဇာတွဲနဲ့မကျဘဲနဲ့ အင်္ဂလိပ်စာ၊ သင်္ချာနဲ့ကျမယ်ဆိုရင်လည်းပဲ ဝိဇ္ဇာတွဲဟာ အကျများတယ်လို့ပြောပြီးတော့ ယူတဲ့သူတွေနည်းလာမှာလည်း ကျွန်တော်တို့ စိုးရိမ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အကြံပေးချင်တာက ဝိဇ္ဇာတွဲကျောင်းသားတွေဟာ သင်္ချာမလိုက်နိုင်ရင် စိတ်ကြိုက်မြန်မာစာတွဲကို ယူလို့ရတယ်ဆိုတာ မသိကြပါဘူး။ ဒါကြောင့်မို့လို့ ကျောင်းတွေကနေပြီးတော့ ဝိဇ္ဇာတွဲတွေ၊ သင်္ချာမလိုက်နိုင်တဲ့ကျောင်းသားတွေ စိတ်ကြိုက်မြန်မာစာအတွဲကိုယူပါလို့ သေသေချာချာ ရှင်းပြလိုက်ရင်တော့ ဒါဟာ ပိုကောင်းလာမယ်လို့ အကြံပြုရင်းနဲ့ ကိုယ်စားလှယ်တော်

ကြီး ဦးအောင်သိုက်ရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးရှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ် ဦးမင်းသိန်း ဖြစ်ပါတယ်။ ဆိပ်ဖြူမဲဆန္ဒနယ်က ဦးအောင်သိုက်က သမိုင်းပညာရှင်များ၊ ပထဝီပညာရှင် များကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာဖို့ သမိုင်းဘာသာနှင့် ပထဝီဘာသာကို အခြေခံပညာအလယ်တန်း အဆင့်မှ ယခုထက်ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုလို့ အဆိုတင်သွင်းလိုက်တော့ ဝေဖန်စရာ၊ ဆွေးနွေးစရာတွေ ပေါ်လာပါတယ်။ ဆိုလိုက်တာက သမိုင်း ပညာရှင်၊ ပထဝီပညာရှင်များ ကမ္ဘာ့အလယ်မှာပေါ်ထွက်လာဖို့ပါ။ ယခုထက်ပိုမိုသင်ကြားပေးနိုင်ဖို့ ဆိုတာကကျတော့ အခြေခံပညာအလယ်တန်းမှာဆိုတော့ စည်းဝါးမကျတဲ့သီချင်းတစ်ပုဒ်ကို နားထောင် လိုက်ရသလို ဖြစ်သွားပါတယ်။ အဆိုရှင် ဦးအောင်သိုက်ရဲ့စေတနာကိုတော့ လေးစားမိပါတယ်။ ဒါပေမဲ့ သမိုင်းပညာရှင်တွေ၊ ပထဝီပညာရှင်တွေပေါ်ထွက်လာဖို့က အခြေခံပညာအလယ်တန်းအဆင့် မှပဲ ပိုမိုသင်ကြားပေးရမှာလားလို့ မေးစရာဖြစ်နေပါတယ်။

အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်ဘွဲ့လွန်အဆင့်မှာ မဟာဝိဇ္ဇာတန်းအထိ အားလုံးဟန်ချက် ညီညီ တိုးချဲ့ပိုမိုသင်ကြားနိုင်ပါမှ အရည်အသွေးမီတဲ့သမိုင်းပညာရှင်၊ ပထဝီပညာရှင်တွေ ဖြစ်လာမှာပါ။ အဆိုရှင်ရဲ့စေတနာက ကြီးမားသလောက် သူတင်ပြလုပ်ဆောင်ရမယ့်ဘောင်တွေက အလွန်တရာကျဉ်းနေပါတယ်။ ဒီတော့ သမိုင်းပညာရှင်၊ ပထဝီပညာရှင်တွေဖြစ်လာဖို့ ဒီကနေ့ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်အသီးသီးရဲ့ မဟာဝိဇ္ဇာသမိုင်းတန်းတွေ၊ မဟာဝိဇ္ဇာပထဝီတန်းတွေမှာ သင်ယူတဲ့ ကျောင်းသားကျောင်းသူဘယ်နှစ်ဦးရှိပါသလဲ။ စုံစမ်းမေးမြန်းကြည့်လိုက်တော့ ကျွန်တော့်မဲဆန္ဒနယ် နှင့် အနီးစပ်ဆုံး မကွေးတိုင်းဒေသကြီး ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်မှာ သမိုင်းမဟာဝိဇ္ဇာသင်တန်းတက်နေတဲ့ သူက ထူးခြားစွာနှင့် လေးဦးပဲရှိပါတယ်။ ကျွန်တော် လက်လှမ်းမီသလောက် တက္ကသိုလ်အချို့ကို စုံစမ်းကြည့်လိုက်ပြန်တော့လည်း မဟာဝိဇ္ဇာသမိုင်း၊ မဟာဝိဇ္ဇာပထဝီ သင်ယူနေတဲ့ ဘွဲ့လွန်သင်တန်း ကျောင်းသားဦးရေဟာ ၁၀ ဦးတောင်မရှိတာကို တွေ့ရပါတယ်။ ဒီလိုရှားပါးသွားရတဲ့ အကြောင်း အရင်းများစွာထဲက တစ်ခုကတော့ အခြေခံပညာအထက်တန်း ဘာသာတွဲစနစ်ကြောင့် ပါဝင်ပါတယ်။

အခြေခံပညာအထက်တန်းမှာ ဓာတု၊ ရူပ၊ ဇီဝ၊ သိပ္ပံတွဲ၊ ဓာတု၊ ရူပ၊ ဝိဇ္ဇာနှင့် သိပ္ပံရောထားတဲ့ သိပ္ပံမဟုတ် ဝိဇ္ဇာမဟုတ်တဲ့ ဝိပ္ပံတွဲ ဝိဇ္ဇာတွဲစစ်စစ် ပထဝီ၊ သမိုင်း၊ ဘောဂတွဲရယ်လို့ ရှိပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်ရင် ဘယ်လိုတက္ကသိုလ်တွေကို လျှောက်ထားနိုင်သလဲဆိုတာကို လေ့လာကြည့်ရအောင် ကျွန်တော့်အား Power Point အသုံးပြုခွင့်ပြုပါရန် ပြန်ကြားပါတယ်။ Power Point တင်ပြပေးပါ။ သေချာကြည့်စေချင်ပါတယ်။ တက္ကသိုလ်ဝင်တန်းမှာ အမှတ်ကောင်းကောင်းနှင့် အောင်မြင်လာတဲ့ ပထဝီ၊ သမိုင်း၊ ဘောဂသမားများ တက်ရောက်ခွင့်ရှိတဲ့ တက္ကသိုလ်အား စစ်ကိုင်း ပညာရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်များ ဒါအမှတ် စုစုပေါင်း ၃၈၀ ကျော်မှ ရမှာပါ။ မေဂျာတွေပါရောတွက်မယ်ဆိုရင်တော့ ဝိဇ္ဇာသမားစစ်စစ်က အားလုံး ရွေးချယ်ခွင့် ၃၀ လောက်ရှိပါတယ်။ ဒါပေမဲ့ ဟိုဘက်က ဓာတု၊ ရူပ၊ ဇီဝ၊ သိပ္ပံတွဲနှင့်အောင်မြင်တဲ့ အမှတ် ၄၀၀ ကျော်၊ ၅၀၀ ကြား၊ ၅၀၀ ကျော်များကတော့ သိတဲ့အတိုင်းပါပဲ ဆေးတက္ကသိုလ်များ အပါအဝင် သွားဘက်ဆိုင်ရာဆေး၊ ဆေးဝါးတက္ကသိုလ်၊ ဆေးဘက်နည်းပညာတက္ကသိုလ်စသည့်အပြင် လျှောက်ထားနိုင်ပါတယ်။

ရေကြောင်း၊ လေကြောင်း၊ အာကာသ ကျန်ပါသေးတယ်။ စုစုပေါင်း ရွေးချယ်ခွင့် ၄၃ ခုရှိပါတယ်။ ဒီတော့ ဝိဇ္ဇာတွဲစစ်စစ်က ရွေးချယ်မဲ့ ၃၀ သာရှိပြီးတော့ သိပ္ပံတွဲစစ်စစ်က ၄၃ ခုရှိပါတယ်။ ဒါတောင်တက္ကသိုလ်ရွေးချယ်ခွင့်စာအုပ်ထဲမှာ မပါတဲ့ ကိုယ့်တက္ကသိုလ်နဲ့ကိုယ် သီးခြားခေါ်ယူတဲ့ တက္ကသိုလ်တွေ မပါသေးပါဘူး။ ဒါကြောင့် သင်ကြားနိုင်ခွင့်အခွင့်အလမ်း နည်းပါးနေမှုကြောင့် ဝိဇ္ဇာတွဲ သမိုင်း၊ ပထဝီကိုယူတဲ့ကျောင်းသားဟာ မရှိသလောက်ဖြစ်နေပါတယ်။ ကျွန်တော်တို့ရဲ့ မဲဆန္ဒနယ် တောင်တွင်းကြီးက ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ စုစုပေါင်း ကျောင်းသားငါး ထောင်လောက်ကို ဝင်ရောက်ဖြေပါတယ်။ အဲဒီကထဲမှာ ဝိဇ္ဇာ ပထဝီ၊ သမိုင်းဖြေနေတဲ့သူက ၁၅၀ ခန့် ရှိတော့ ရာခိုင်နှုန်းတွက်ကြည့်ရင် ကျောင်းသား ၁၀၀ မှာ ၃၀၀ နှုန်းလောက်သာ ဝိဇ္ဇာတွဲကိုယူတဲ့သူရှိပါ တယ်။ Power Point ပြန်ပိတ်လို့ရပါပြီ။

ဒီတော့ တက္ကသိုလ်ဝင်တန်းကို အမှတ်နည်းနည်းနှင့် အောင်တဲ့သူတွေရဲ့ အားကိုးရာ၊ အားထားရာ အဝေးသင်တက္ကသိုလ်မှာရောက်တော့ ပြောင်းပြန်ပြန်ဖြစ်နေပါတယ်။ သမိုင်း၊ ပထဝီယူတဲ့ သူတွေက များပြားနေတာကို တွေ့ရပါတယ်။ Power Point Slide-2 ကို ပြပေးပါ။ ဒါက ဘာကြောင့်ပါ လဲ။ သမိုင်း၊ ပထဝီဝင်ဘာသာရပ်ဟာ အလုပ်မရှုပ်ဘူး။ အောင်လွယ်တယ်ဆိုတဲ့အယူအဆကြောင့်

ဒီနေရာမှာ တက္ကသိုလ်ဝင်တန်းကို ဓာတု၊ ရူပ၊ ဇီဝနှင့် အောင်တဲ့သူများဟာ အဝေးသင်တက္ကသိုလ်မှာ သမိုင်း၊ ပထဝီ၊ စီးပွားရေးပညာ သင်ယူခွင့်ရနေတယ်ဆိုတော့ အထက်တန်းမှာသင်ခဲ့တာက ဓာတု၊ ရူပ၊ ဇီဝ အဝေးသင်မှာကျ ပထဝီနှင့် သမိုင်း ရှုးနေတာဟာ အံ့သြဖွယ်ထူးဆန်းတဲ့ပညာရေး ရွေးချယ်မှုကြီး ဖြစ်နေပါတယ်။ ပုံမှာခိုင်းနှိုင်းပြောရရင်တော့ အောက်ပိုင်းကဂျင်းဘောင်းဘီဝတ်ထားပြီး အပေါ်ပိုင်းက တိုက်ပုံအင်္ကျီဝတ်သလိုဖြစ်နေပါတယ်။ ဒါဟာ သမိုင်း၊ ပထဝီဆိုတာ အခြေခံပါစရာမလိုဘူး။ သိပ္ပံတွဲသမားဟာ ဝိဇ္ဇာတွဲကို အချိန်မရွေးသင်လို့ရတယ်ဆိုပြီးတော့ နှိမ်ထားသလို ဖြစ်နေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်တွေရဲ့ အဝေးသင်မဟုတ်သော Day တက်နေ့သင်တန်းများမှာတော့ သမိုင်း၊ ပထဝီဘာသာတွဲယူတဲ့သူဟာ ပထမနှစ်ကနေပြီး နောက်ဆုံးနှစ်ထိ ရာဂဏန်းတောင်မရှိတော့တာ တွေ့ရပါတယ်။ ဓာတု၊ ရူပ၊ သင်္ချာ သင်တန်းတွေမှာတော့ ပိုမိုများပြားတာတွေ့ရပါတယ်။ ဒါဘွဲ့ကြိုတန်းတွေပါ။ ဘွဲ့လွန်သင်တန်းတွေမှာ MA.History၊ MA.Geography များမှာတော့ ကျွန်တော် ဆွေးနွေးခြင်းအစမှာ တင်ပြခဲ့သလို လက် ၁၀ ချောင်းတောင် မပြည့်တော့ပါဘူး။ ဒီတော့ ခြုံငုံသုံးသပ်ရရင် သမိုင်း၊ ပထဝီပညာရှင်မျိုးဆက်ဟာ ပျက်လုနီးပါးဖြစ်ပါတော့မယ်။ ဒါကြောင့် နိဂုံးချုပ်တင်ပြချင်တာကတော့ သမိုင်း၊ ပထဝီကို ပိုမိုဂရုစိုက်သင်ဖို့ အခြေခံပညာအလယ်တန်းမှာသာမကပါဘူး။ အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ ဘွဲ့ကြို၊ ဘွဲ့လွန်အဆင့်တွေမှာ လိုပါတယ်။ တစ်ခုသတိပေးချင်တာကတော့ ကွယ်လွန်သူသမိုင်းပညာရှင်ကြီးများပြောခဲ့တဲ့အတိုင်း သမိုင်းဆိုတာ ဝါဒဖြန့်သမိုင်းမဖြစ်ဖို့ အရေးကြီးပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်မြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်မြင့် ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဆိပ်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိုက်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခြေခံပညာကို သူငယ်တန်း+၁၂၊ ၅၄၃ ပုံစံနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ စတင်ပြီး KG နဲ့ Grade-1၊ Grade-2 ထိသင်ကြားနေပြီလည်းဖြစ်ပါတယ်။ ယခင်သင်ရိုးဟောင်းသင်ကြားမှုဟာ ၅၄၂ ပုံစံမှာ တက္ကသိုလ် ဝင်တန်းစာမေးပွဲကို အမှတ်များများနဲ့အောင်ဖို့က အဓိကဖြစ်နေပါတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ

ဟာလည်း ဘဝအတွက်အဆုံးအဖြတ်ပေးတဲ့ပုံစံဖြစ်နေတဲ့အတွက်ကြောင့်မို့ ကျောင်းသားကျောင်းသူတွေကလည်း အမှတ်များများရနိုင်တဲ့လိုင်းကောင်းကောင်းလိုချင်ကြပေမဲ့ ဒီအထက်တန်းအဆင့်မှာ ဝိဇ္ဇာဘာသာရပ်မှာ သင်ယူသူနည်းပြီး သိပ္ပံဘာသာတွဲကိုသာ ဦးစားပေးသင်ယူတာကို လေ့လာတွေ့ရှိရပါတယ်။ ဝိဇ္ဇာဘာသာရပ်ဖြစ်တဲ့ သမိုင်းဘာသာ၊ ပထဝီဝင်ဘာသာတွေဟာ အထက်တန်းအဆင့်မှာ သင်ယူသူနည်းပြီး၊ သင်ယူသူများတဲ့အလယ်တန်းအဆင့်မှာ သမိုင်း၊ ပထဝီဘာသာရပ်တွေဟာ မသင်မနေရဘာသာရပ် ဖြစ်တဲ့အတွက်ကြောင့် သင်ရိုးညွှန်းတမ်းတို့ကိုလည်း အဆင့်မြှင့်ပြောင်းလဲပေးဖို့လိုအပ်ပါတယ်။ သင်ရိုးဟောင်း ၅၄၂ ပုံစံအရ အလယ်တန်းအဆင့် သမိုင်း၊ ပထဝီတို့ကို လေ့လာကြည့်မယ်ဆိုရင် အခု သင်ရိုးသစ်နဲ့ပြန်ယှဉ်လိုက်တဲ့အခါမှာ သင်ရိုးညွှန်းတမ်းမှုဘောင်အားနည်းနေတာကို သွားပြီးတော့ တွေ့ရှိရပါတယ်။ ဆဋ္ဌမတန်း မြန်မာ့သမိုင်းမှာ ဒုတိယမြန်မာနိုင်ငံတော်ကိုအုပ်ချုပ်သွားတဲ့မင်းများ အကြောင်းကိုသာဦးစားပေးပြုစုထားတာကို တွေ့ရှိရပါတယ်။ စီးပွားရေးပိုင်းမှာလည်း နိုင်ငံခြားကုန်သွယ်မှုအပိုင်းတွေမှာလည်း ပြည်တွင်းစိုက်ပျိုးရောင်းဝယ်မှုအပိုင်းတို့ကို သင်ယူသူများစဉ်းစားတွေးခေါ်ဝေဖန်ပိုင်းခြားနိုင်တဲ့ သင်ကြားမှုမျိုးရောက်အောင်ဆောင်ရွက်သင့်ပါတယ်။ မြေရှင်ပဒေသရာဇ်စနစ် ဒုတိယမြန်မာနိုင်ငံမှာ လူတန်းစားလေးမျိုးကွဲရတဲ့အကြောင်းအရင်းကို နိုင်ငံရေးအမြင်ဖြင့် ဝေဖန်သုံးသပ်နိုင်ဖို့၊ သင်ကြားပေးဖို့ကိုလည်း လိုအပ်ပါတယ်။ သင်ရိုးဟောင်းမှာရှိတဲ့ အဋ္ဌမတန်းသမိုင်း၊ ပထဝီဝင်ဘာသာရပ်တွေမှာ အဆင့်မီတဲ့အကြောင်းအရာများ ထည့်ထားသော်လည်းပဲ သင်ယူသူများတွေးခေါ်မှုအားကောင်းဖို့၊ သင်ကြားနည်းအပိုင်း(Teaching Method)ကလည်း အားကောင်းဖို့လိုအပ်ပါတယ်။ အဋ္ဌမတန်း ပထဝီဝင်လက်တွေ့ဘာသာရပ်များ အခုအချိန်မှာဆိုရင်တော့ တိုပိုမက်ပုံစံတွေ ထည့်ပေးဖို့လိုအပ်ပါတယ်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(NESP)ဟာ အမျိုးသားပညာရေးအဆင့်တိုင်း၌ ကျောင်းသားကျောင်းသူများအတွက် အရည်အသွေးပြည့်ဝသော ပညာရေးအခွင့်အလမ်းရရှိမှုကို အထူးမြှင့်တင်ပေးမယ့်အစီအမံဖြစ်ပါတယ်။ သင့်တင့်ကောင်းမွန်တဲ့သင်ရိုးညွှန်းတမ်းဟာ ပြည့်စုံကောင်းမွန်တဲ့ပညာရေးအတွက် ပညာရေးအဆင့်တိုင်းတွင် လိုအပ်တဲ့အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ မြန်မာ့ပညာရေးအဆင့်အတန်းကို နိုင်ငံတကာအဆင့်မီလာအောင် မြှင့်တင်ခြင်းဟာ အမျိုးသားပညာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းတာဝန်များအနက် တစ်ခုဖြစ်ပါတယ်။ သင်ယူသူတွေရဲ့ ထိုးထွင်းကြံစည်မှု၊ တီထွင်ဖန်တီးမှု၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်စဉ်းစားမှု တိုးတက်လာစေရေးအတွက် ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းစီစဉ်သင်ကြားပေးနေခြင်းဟာ နိုင်ငံတကာအဆင့်မီတဲ့ သင်ယူမှု

တစ်ခုဖြစ်ပါတယ်။ အလယ်တန်းအဆင့်ဖြစ်တဲ့ Grade-6 မှ Grade-9 အထိ သင်ရိုးညွှန်းတမ်းမူဘောင် သတ်မှတ်ဘာသာရပ် သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့အခါ သမိုင်း၊ ပထဝီဘာသာရပ်ကို နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများရေးဆွဲပေးဖို့ လိုအပ်ပါတယ်။ သူငယ်တန်း + ၁၂ သင်ရိုးနှင့် Grade-6 ဆဋ္ဌမတန်း သမိုင်း၊ ပထဝီဘာသာရပ်များ သင်ယူရမည့် နည်းလမ်းမှာ "C" ငါးလုံးဖြစ်တဲ့ နံပါတ် (၁) ပူးပေါင်းဆောင်ရွက်ခြင်း (Cooperation)၊ နံပါတ် (၂) ဆက်သွယ်ပြောဆိုခြင်း (Communication)။ နံပါတ် (၃) ဆန်းစစ်ဝေဖန်ရေးနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)၊ နံပါတ် (၄) တီထွင်ဖန်တီးခြင်း(Creativities and Innovation)၊ နံပါတ် (၅) နိုင်ငံသားကောင်းဖြစ်ခြင်း(Citizenship) အဲဒီနည်းလမ်းများဖြင့် သင်ရိုးညွှန်းတမ်းမှလည်း Grade-6 နှင့်အညီ အဆင့်မြှင့်ပြုစုထားတဲ့အတွက် နိုင်ငံတကာအဆင့်မီတယ်လို့တော့ ယူဆနိုင်ပါတယ်။ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ရဲ့အစီရင်ခံစာအရ Grade-6 မှ Grade-9 ထိသည် အလယ်တန်းအဆင့်ဖြစ်နေ၍ အဆင့်မြင့်တန်းမှ သမိုင်း၊ ပထဝီဝင်ဘာသာရပ်တွေရဲ့ သင်ရိုးညွှန်းတမ်းအချို့ကို အခြေခံပညာအလယ်တန်းအဆင့်မှာ သင်ကြားပေးမယ်ဆိုပါက တတ်သိကျွမ်းကျင်တဲ့ ပညာရှင်များ ကမ္ဘာ့အလယ်မှာပေါ်ထွန်းလာမှာဖြစ်ပါတယ်။ သို့ပါ၍ ဆိပ်ဖြူမြို့နယ်မှ ဦးအောင်သိုက်ရဲ့ မြန်မာနိုင်ငံမှာ သမိုင်းဘာသာ၊ ပထဝီဝင်ဘာသာရပ်တို့အကြောင်း တတ်သိကျွမ်းကျင်သော ပညာရှင်များ ကမ္ဘာ့အလယ်မှာပေါ်ထွန်းလာစေရန် သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာတို့ကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက်ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိပ်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် တင်သွင်းသော မြန်မာနိုင်ငံတွင်

သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာအကြောင်း အခြေခံပညာအလယ်တန်းကျောင်းတွင် ယခုထက် ပို၍ သင်ကြားနိုင်ရေးအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ပထဝီဝင်အထူးပြုဘာသာရပ်နှင့် ဘွဲ့ရလာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပထဝီဝင်ဘာသာရပ်၊ သမိုင်းဘာသာရပ်အရေးကြီးပုံကို ပါမောက္ခများရဲ့ပို့ချချက်အရ ကျွန်တော်စိတ်ဝင်စားခဲ့ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ ကျွန်တော်တို့ခေတ်တုန်းက ပထဝီဝင်ပါမောက္ခက ဒေါက်တာဒေါ်သိန်းကြည် အမျိုးသမီးအပျိုကြီးဖြစ်ပါတယ်။ သူက နိုင်ငံခြားက ဒေါက်တာဘွဲ့ကို ပထဝီဝင်ဘာသာနဲ့ရလာခဲ့တယ်။ ရလာခဲ့တော့ ဆရာမကြီးက ကျွန်တော်တို့ကို Final Year မှာ ဘာတွေပြောသလဲဆိုတော့ ပထဝီဝင်ဘာသာရပ်သည် ဝိဇ္ဇာဖြစ်သလို၊ သိပ္ပံလည်းဖြစ်ပါတယ်။ ဆက်စပ်မှုရှိကြပါတယ်။ ပထဝီဝင်ဘာသာရပ်က နိုင်ငံရေးသိပ္ပံဘာသာရပ်နဲ့လည်း ဆက်စပ်တယ်။ Philosophy ဘာသာရပ်နဲ့လည်းဆက်စပ်တယ်။ Anthropology(မနုဿဗေဒဘာသာရပ်)နဲ့လည်း ဆက်စပ်တယ်။ သမိုင်းနဲ့လည်းဆက်စပ်တယ်။ အဲဒီလိုပဲ သိပ္ပံဘာသာရပ်ဖြစ်တဲ့ ဘူမိဗေဒ၊ နက္ခတဗေဒ၊ မိုးလေဝသ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ဆက်စပ်တယ်။ ဒါကြောင့်မို့လို့ ပထဝီဝင်ဘာသာရပ်သည် ဝိဇ္ဇာဘာသာရပ်ဖြစ်သလို သိပ္ပံပညာရပ်ဖြစ်သည့်အတွက်ကြောင့် အရေးကြီးတဲ့ဘာသာရပ်တစ်ခုဖြစ်ကြောင်း မှာကြားခဲ့ဖူးပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တတိယနှစ်၊ စတုတ္ထနှစ်ရောက်လာတဲ့အခါကျတော့ ပထဝီပဲသင်ရတဲ့အခါကျတော့ သမိုင်းဘာသာရပ်မှာ ဒေါက်တာကျော်သက်က အသင်အပြသိပ်ကောင်းတာ။ အဲဒီအချိန်မှာ ကျွန်တော်သွားနားထောင်တဲ့အခါမှာ ဘာကိုကြားရလဲဆိုတော့ ၁၇ ရာစု၊ ၁၈ ရာစုနှစ်မတိုင်မီက အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်တို့က ပထဝီဝင်ဘာသာရပ်ကို အခြေခံပြီး နယ်ပယ်သစ်တွေကိုရှာလာခဲ့တာလို့ သူကဟောပြောတယ်။ ဟောပြောတဲ့အခါကျတော့ အဲဒီမှာ သူက ခုနှစ်နဲ့ပတ်သက်ပြီးတော့ ပထမအဲလိဇဘတ်ဘုရင်မ။ သူက အပျိုကြီးပေါ့။ သူက ၁၅၅၄ ခုနှစ်မှာ သူကနန်းတက်ထိုင်ပြီးတော့ ဘာကိုဝါသနာပါလဲဆိုတော့ စာရေးတာကို ဝါသနာပါတယ်။ စာရေးဆရာတွေကို မွေးထုတ်တယ်။ မွေးထုတ်ပြီးတော့ ခရီးသွားတဲ့သူတွေကို သူက သင်္ဘောတွေတည်ဆောက်ပြီးတော့ မှတ်စုတွေရေးခိုင်းတယ်။ ပြန်လာလို့ရှိရင် သူလိုချင်တဲ့ဟာရလို့ရှိရင် ဆာဘွဲ့တွေပေးလိုက်တယ်။ အဲဒီမှာ ဆာဝေါ်တာစကော့က အဲဒီမှာ ဆာဘွဲ့ရသွားတာ။ ထို့အတူပဲ

ရှိတ်စပီးယားကလည်း အဲဒီလိုပါပဲ။ သူ့လက်ထက်မှာ အင်္ဂလိပ်စာတွေကိုကောင်းကောင်းလုပ်ခဲ့တယ်။ ဘာဖြစ်လို့ အပျိုကြီးဘဝနဲ့နေရလဲဆိုတော့ အပျိုကြီးဘဝနဲ့နေတာဟာ နိုင်ငံရေး၊ အုပ်ချုပ်ရေးမှာ အကုန်လုံးဘက်စုံညီညီလုပ်သလို ပြောရမယ်ဆိုလို့ရှိရင် နေမဝင်အင်ပါယာကို ထူထောင်ဖို့စဉ်းစားနေတဲ့အချိန်ဖြစ်ပါတယ်။ ဒါနဲ့ပဲ သူသေသွားပြီးနောက်ပိုင်း ၁၈၃၈ ခုနှစ်မှာ ဝိတိုရိယဘုရင်မ နန်းတက်တယ်။ သူက ၁၈ နှစ်သမီးနဲ့နန်းတက်တာ။ ဘာဖြစ်လို့လဲဆိုတော့ သူ့အမေက ဂျာမနီမင်းသမီး၊ သူ့ အဖေကသေသွားတဲ့အခါကျတော့ သူ့အမေ ဂျာမနီမင်းသမီးက သူ့ကို အင်္ဂလိပ်စာ၊ နောက်တစ်ခါ ကမ္ဘာ့သမိုင်း၊ နောက်တစ်ခါ ဂရိစာပေ၊ နောက် ကမ္ဘာ့နိုင်ငံရေးသမိုင်းကို သေချာလေးသင်ပေးတဲ့အခါကျမှ သူကတော်တော်လေးကိုရိုကျိုးတဲ့ ဘုရင်မကြီးတစ်ယောက်ဖြစ်လာတယ်။ သူအိမ်ထောင်ကျပြီးသွားတဲ့အခါ ကျတော့လည်း သူကဘာပြောလဲဆိုရင် အဲဒီမှာ ဝှစ်ပါတီကခေါင်းဆောင် လော့ချ်မန်းဗုန်းရဲ့ အုပ်ချုပ်မှုအောက်နဲ့ ကြီးကြပ်မှုအောက်မှာ သူဟာတိုင်းပြည်ကိုအုပ်ချုပ်ပါတယ်။ ဘယ်ထိအောင် အုပ်ချုပ်လာနိုင်သလဲဆိုတော့ ပထဝီဝင်ပေါ်မှာမူတည်ပြီးတော့ နောက်ပိုင်း အီဂျစ်တို့၊ အိန္ဒိယတို့ကို သိမ်းပိုက်လာခဲ့တယ်။ အုပ်ချုပ်လာခဲ့တယ်။ ဗမာပြည်ကိုတော့ သူ့လက်ထက်မှာ ၁၈၂၄ ခုနှစ်၊ ၁၈၂၅ ခုနှစ်ထိသိမ်းခဲ့တယ်။ အဲဒီအချိန်မှာပဲ ၁၈၇၆ ခုနှစ်မှာ အိန္ဒိယဧကရီဘွဲ့ကိုခံယူတယ်။ ဧကရီဘွဲ့ကို ခံယူပြီးတဲ့ နောက်ပိုင်းမှာ သူက ၁၈၈၅ ခုနှစ်မှာ ဗမာပြည်ကို သေနတ်တစ်ချက်မှမဖောက်ဘဲနဲ့ သိမ်းခဲ့တယ်။ ဒါသည် မေးစရာအဖြေတစ်ခုအနေနဲ့ ရာဇဝင်မှာကျန်နေခဲ့ပါတယ်။ အဲဒီတော့ ဝိတိုရိယဘုရင်လက်ထက်မှာ အီဂျစ်ရယ်၊ အိန္ဒိယရယ်၊ မြန်မာရယ်၊ ဩစတြေးလျရယ်၊ ကနေဒါရယ်ကို သူသိမ်းပိုက်အုပ်စိုးခဲ့တယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့တင်ပြချင်တာက ပထဝီဝင်နိုင်ငံနဲ့ ပထဝီဝင်ဘာသာရပ်နဲ့သမိုင်းဘာသာရပ်သည် ခွဲထားလို့မရပါဘူး။ ဒါကြောင့်မို့လို့ ပထဝီဝင်ဘာသာရပ်နဲ့ သမိုင်းဘာသာရပ်မြင့်မှ ကမ္ဘာ့အလယ်မှာ နိုင်ငံရေးစကားပြောလို့ရှိရင် သွက်သွက်လက်လက်နဲ့၊ ရှင်းရှင်းလင်းလင်းနဲ့၊ ပြတ်ပြတ်သားသားနဲ့ပြောနိုင်ဖို့ ဖြစ်နိုင်ပါမယ်။ ဒါကြောင့်မို့လို့ သမိုင်းဘာသာရပ်နဲ့ ပထဝီဝင်ဘာသာရပ်က အရေးကြီးဘာသာရပ်ဖြစ်တဲ့အတွက်ကြောင့် ဦးအောင်သိုက် တင်သွင်းသောအဆိုကို ထောက်ခံကြောင်းတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်မြင့်မြင့်နွယ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်ကြီးဒေါ်မြင့်မြင့်နွယ်(တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ တပ်မသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်မြင့်မြင့်နွယ် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် တင်သွင်းတဲ့အဆိုပေါ်မှာ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရှင်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ သမိုင်းနဲ့ပထဝီဝင်သင်ကြားခြင်းအားဖြင့် အဆိုရှင်တင်ပြထားတဲ့အတိုင်း တတ်သိ၊ ကျွမ်းကျင်ပညာရှင်များ ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာနိုင်စေခြင်းအပြင် မျိုးဆက်သစ်လူငယ်တွေအနေနဲ့ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်း ပထဝီဝင်အနေအထားတွေကို လေ့လာခြင်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ် မြှင့်တင်နိုင်ခြင်းနဲ့ မျက်မှောက်ကမ္ဘာ့ရေးရာအဖြာဖြာတို့အပေါ်မှာ အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီးတော့ မှန်ကန်စွာလေ့လာသုံးသပ်နိုင်ခြင်းများ ရရှိနိုင်မှာဖြစ်ပါတယ်။ အဆိုရှင်က သမိုင်းနဲ့ပထဝီဝင်ဘာသာရပ်များ သင်ကြားမှုဟာ ၂၀၀၁ ခုနှစ်ကစပြီးတော့ အားနည်းသွားတာကို လေ့လာသိရှိရကြောင်း တင်ပြလာပါတယ်။ ဒီဘာသာရပ်တွေပတ်သက်ပြီးတော့ အားနည်းချက်ရှိ/မရှိကို လက်တွေ့ကျတဲ့ (Statistic)ကိန်းဂဏန်းတွေနဲ့ အညွှန်းကိန်းများကို အခြေခံတဲ့ရလဒ်ပေါ်မူတည်သုံးသပ်မှသာ အနီးစပ်ဆုံးတိကျမှန်ကန်တဲ့အကြံပြုချက်မျိုးကို တင်ပြနိုင်မှာဖြစ်ပါတယ်။ နိုင်ငံရဲ့အရေးပါတဲ့ ပညာရေးဆိုင်ရာကိစ္စရပ်များဖြစ်တဲ့အတွက် အထင်အမြင်နဲ့မှန်းဆပြောဆိုခြင်းထက် တိကျမှန်ကန်တဲ့ အချက်အလက်များ၊ ကိန်းဂဏန်းများအပေါ်မှာ ထောက်ပြအကြံပြုခြင်းက ပိုမိုအကျိုးရှိမှာဖြစ်ပါတယ်။ အင်္ဂလန်နိုင်ငံ၊ အမေရိကန်နိုင်ငံစတဲ့နိုင်ငံတွေအပါအဝင် အချို့နိုင်ငံတွေမှာ ပထဝီ၊ သမိုင်းဘာသာရပ်များ လေ့လာသင်ကြားခြင်းများအားနည်းသွားတဲ့အတွက် ပြန်လည်ကျိုးပမ်းဆောင်ရွက်ခဲ့ရတဲ့ သာဓကတွေရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုပါဘာသာရပ်များ အားနည်းလာခြင်းရဲ့အကြောင်းရင်းတွေကို လေ့လာကြည့်တဲ့အခါ တင်ပြပါအချက်များမှာ အားနည်းချက်များရှိ/မရှိ ပြန်လည်သုံးသပ်နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အထက်ပါအချက်တစ်ချက်ချင်းစီပေါ်မူတည်ပြီးတော့ ပြဿနာကို အဖြေရှာဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာနယ်ပယ်အားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေ၊ မြန်မာ့သမိုင်းအဖွဲ့ဥပဒေ၊ ဆွေးနွေးဆဲအခြေခံပညာရေးဥပဒေတွေမှာ သမိုင်း၊ ပထဝီဝင်ဘာသာရပ်တွေနဲ့စပ်လျဉ်းလို့ သင်ကြား၊ သင်ယူမှုတိုးတက်အောင်မြင်စေဖို့အတွက် ယခုထက်ပိုမိုထိရောက်ခိုင်မာစွာ ပြဋ္ဌာန်းပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ သမိုင်းနဲ့ပတ်သက်ပြီးတော့ မြန်မာ့သမိုင်းအဖွဲ့

ဥပဒေကို ပြဋ္ဌာန်းပြီးသော်လည်း ပထဝီနဲ့စပ်လျဉ်းပြီးတော့ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသေးကြောင်း လေ့လာတွေ့ရှိရပါတယ်။ အထက်ပါအချက်များအရ Legislative Review၊ Policy Review နဲ့ Master Plan Review ဆောင်ရွက်ရန်အကြံပြုတင်ပြလိုပါတယ်။

အခြေခံပညာရေးသာမက အဆင့်မြင့်ပညာရပ်များနဲ့စပ်လျဉ်းတဲ့ သမိုင်းဆိုင်ရာပြတိုက်များ၊ ပထဝီဆိုင်ရာပြတိုက် သို့မဟုတ် ဥယျာဉ်များကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုးချဲ့ဖွင့်လှစ်ပေးပြီး ကျောင်းသားကျောင်းသူတွေကို လက်တွေ့လေ့လာစေခြင်းအားဖြင့် စိတ်ဝင်စားမှုပိုမိုတိုးတက်ရရှိစေနိုင်မှာဖြစ်ပါတယ်။ မူဝါဒများနှင့်အညီ သင်ရိုးညွှန်းတမ်းများရေးဆွဲနိုင်ရေး၊ အမျိုးသားပညာရေးဥပဒေနဲ့ ဆွေးနွေးဆဲအခြေခံပညာရေးဥပဒေတို့မှာ တင်ပြပါမူဘောင်အတွင်းရရှိရေး၊ ကော်မရှင်၊ ကော်မတီအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်စေရေး၊ အခြေခံပညာသုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်နိုင်ရေးတို့ကို ပြဋ္ဌာန်းဆောင်ရွက်ထားတာ တွေ့ရပါတယ်။ အခြေခံပညာအဆင့် ပထဝီ၊ သမိုင်းဘာသာရပ်များသင်ကြား၊ သင်ယူမှုနဲ့ပတ်သက်ပြီးတော့ ဘာသာရပ်ဆိုင်ရာပါမောက္ခကြီးများက အခြေခံပညာကျောင်းတွေမှာ လေ့လာဆန်းစစ်ဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများရရှိနေကြောင်းလည်း ကြားသိရပါတယ်။ ဘာသာရပ်ဆိုင်ရာအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ပါက သင်ကြားသင်ယူမှုကို ပိုမိုထိရောက်စေနိုင်ကြောင်း အကြံပြုချက်များကိုလည်းကြားသိရပါတယ်။ ဒါ့ကြောင့် ခေတ်နဲ့အညီ Job Opportunity Review၊ Curriculum Review နဲ့ Tactical and Strategic Review များလုပ်ဆောင်သင့်ကြောင်း အကြံပြုလိုပါတယ်။ သင်ကြားသင်ယူမှုထိရောက်စေဖို့အတွက် တင်ပြပါအချက်တွေနဲ့ ချိန်ထိုးဆောင်ရွက်သင့်ကြောင်း စာတမ်းတစ်ခုမှာ လေ့လာတွေ့ရှိရပါတယ်။

ဒါ့ကြောင့် Teaching Method Review လုပ်သင့်တာကိုလည်း လိုအပ်ကြောင်း အကြံပြုလိုပါတယ်။ လူငယ်များပိုမိုစိတ်ဝင်စားလာစေဖို့ မြန်မာနိုင်ငံ ဘူမိဗေဒအသင်း၊ သမိုင်းပညာရှင်အသင်းတို့အနေနဲ့လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသင့်ပါတယ်။ ပထဝီ၊ သမိုင်းဘာသာရပ်တွေကို အဆင့်မြင့်ဘာသာရပ်တစ်ခုအနေနဲ့ ပိုမိုလေ့လာလိုက်စားစေဖို့အတွက် စေ့ဆော်တိုက်တွန်းလှုပ်ရှားမှုများ ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။ နိုင်ငံအချို့မှာတော့ သမိုင်း၊ ပထဝီဆိုင်ရာအသင်းအဖွဲ့တွေက အထက်တင်ပြပါလှုပ်ရှားဆောင်ရွက်မှုများ ပညာရေးဆိုင်ရာဥပဒေ၊ မူဝါဒ၊ သင်ကြားသင်ယူမှုနည်းစနစ်တွေကို လေ့လာသုံးသပ်စာတမ်းများပြုစုပြီး သက်ဆိုင်ရာအစိုးရအဖွဲ့များ

နှင့်ညှိနှိုင်းကာ သမိုင်း၊ ပထဝီဝင်ဘာသာရပ်များ တိုးတက်ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့် Organization and Review ကိုလည်း လိုအပ်ပါက ဆောင်ရွက်ရန် အကြံပြုလိုပါတယ်။ နိုင်ငံတည်ဆောက်ရေးအင်အားစုများဖြစ်တဲ့ လူငယ်တွေဟာ ပထဝီ၊ သမိုင်း ဗဟုသုတတွေအပေါ်အခြေခံပြီး နိုင်ငံရဲ့လက်ရှိခေတ်စနစ်အခြေအနေကို ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်သုံးသပ်နိုင်စွမ်းရှိရေး လေ့ကျင့်ပျိုးထောင်ပေးဖို့ နိုင်ငံတော်မှာတာဝန်ရှိပါတယ်။ အခြေခံပညာအဆင့် ပထဝီဝင်ဘာသာရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၂)ပါပြဋ္ဌာန်းချက်များအပါအဝင် တောင်အာရှဒေသမှာ မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားအရ အရေးပါမှုများကိုလည်းကောင်း၊ သမိုင်းဘာသာရပ်တွင် မိမိတို့နိုင်ငံနှင့်ပတ်သက်ပြီးတော့ သမိုင်းလိမ်ဆောင်ရွက်နေမှုများကို တုံ့ပြန်နိုင်မယ့် သမိုင်းမှန်တွေကိုလည်းကောင်း ထည့်သွင်းသင်ကြားပေးသင့်ကြောင်း အကြံပြုအပ်ပါတယ်။ ဒီနေ့ ကမ္ဘာမှာလူမျိုးရှိသော်လည်း ပထဝီနယ်နိမိတ်မရှိလို့ နိုင်ငံအဖြစ်ရပ်တည်နိုင်ဖို့ ပြဿနာများစွာ ပေါ်ပေါက်နေတာကို အရှေ့၊ အလယ်ပိုင်းဒေသမှာ တွေ့မြင်နိုင်ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ရဲ့ မျိုးဆက်သစ်တွေကို Geo Politic၊ Political Geography နဲ့ Political History တို့ရဲ့ သဘောတရားတွေကို နားလည်သဘောပေါက်စေဖို့ လေ့ကျင့်သင်ကြားပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ပညာရေးနှင့်ပတ်သက်ပြီးတော့ ခေတ်အဆက်ဆက်မှာလိုအပ်ချက်တွေ အမြဲပြောင်းလဲနေတာတွေ့ရမှာဖြစ်ပါတယ်။ လိုအပ်ချက်တွေကို ပြုပြင်နိုင်ဖို့ရာ အချက်အလက်များကို စနစ်တကျလေ့လာဆန်းစစ်ခြင်း၊ သုတေသနပြုလုပ်ရေးနည်းလမ်းများရှာဖွေခြင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အရပ်ဘက်ပညာရှင်အဖွဲ့အစည်းများနဲ့ ပညာရှင်များရဲ့ သုတေသနပြုရှာဖွေထားတဲ့ ရလဒ်တွေကိုပါ ထည့်သွင်းစဉ်းစားစုပေါင်းသုံးသပ် အဖြေရှာဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မချမ်းဘောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်မွန်ထင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် တင်သွင်းတဲ့ အခြေခံပညာအလယ်တန်းအဆင့်တွင် သမိုင်း ဘာသာရပ်နှင့် ပထဝီဘာသာရပ်များကို ယခုထက်ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျွန်တော်တို့နိုင်ငံရဲ့အခြေအနေကို ကြည့်တဲ့အခါမှာ ကျောင်းတိုင်း ကျောင်းတိုင်းမှာ သမိုင်းဘာသာရပ်နဲ့ ပထဝီဝင်ဘာသာရပ်များကို ယူတဲ့ကျောင်းသူကျောင်းသားများ ဟာ အင်မတန်နည်းပါးကြောင်း တွေ့ရှိရပါတယ်။ အဲဒီဝိဇ္ဇာဘာသာရပ်များကို မယူနိုင်အောင်လည်းပဲ သင်ကြားနေတဲ့ဆရာဆရာမများက သမိုင်းနဲ့ပထဝီဝင်ဆိုတာနဲ့ အရေးမကြီးပါကြောင်း တွန်းအားပေး နေတာတွေကိုလေ့လာတွေ့ရှိရပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီးမှ ကျွန်တော် ဝမ်းနည်းစရာကောင်းတယ် လို့ သုံးသပ်မိပါတယ်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း ပြောတဲ့စကားတစ်ခွန်းရှိတယ်။ သမိုင်း ဘာသာသင်ရခြင်းဟာ မအအောင်သင်ကြတယ်လို့ ပြောဖူးပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့ ထောက်ခံ ပါတယ်။ ဒါကြောင့် အရင်တုန်းက အင်္ဂလိပ်ခေတ်၊ ပါလီမန်ခေတ်က သမိုင်းဘာသာကိုကောင်းကောင်း သင်တယ်။ ကောင်းကောင်းသင်လို့မအဘူးလို့ ကျွန်တော်သုံးသပ်မိပါတယ်။ နိုင်ငံရေးပညာရှင်တွေ များများပေါ်ပေါက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံမှာ သမိုင်းအရေးကြီးပုံကို ဆက်လက်ဆွေးနွေးချင်ပါတယ်။ ယခုခေတ်မှာ ကိုယ့်သမိုင်းကို ကိုယ်သိရမယ်။ သမိုင်းဟုဆိုရာ၌ ပုဂ္ဂိုလ်ဆိုင်ရာသမိုင်း၊ တော်လှန်ရေး သမိုင်း၊ အဖွဲ့အစည်းနဲ့ဆိုင်တဲ့သမိုင်း၊ တိုင်းရင်းသားမျိုးနွယ်စုနဲ့ဆိုင်တဲ့သမိုင်း၊ တိုင်းရင်းသားလူမျိုး များရဲ့ ဖက်စစ်တော်လှန်ရေးသမိုင်း၊ နယ်ချဲ့တော်လှန်ရေးသမိုင်း အမျိုးမျိုးရှိပါတယ်။ ကျွန်တော်တို့ဟာ ကိုယ့်သမိုင်းကို ကိုယ်ရေးနေကြတဲ့လူသားတွေဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က အစိုးရတစ်ဖွဲ့ပြီး တစ်ဖွဲ့ရဲ့သမိုင်းတွေကိုသိရမယ်။ အဓိကသမိုင်းကိုမသိဘဲ ယခုပစ္စုပ္ပန်အနာဂတ်ကို တည်ဆောက်လို့မရ ပါဘူး။ ဒို့နိုင်ငံရဲ့သမိုင်းအဆက်ဆက်၊ ကိုလိုနီခေတ်၊ စစ်ပြေးခေတ်၊ ဂျပန်ခေတ် စသည့်သမိုင်းတွေကို ကလေးတွေသိအောင် သင်ကြမယ်။ ကိုယ့်နိုင်ငံရဲ့သမိုင်းကိုသိမှ ကိုယ့်နိုင်ငံကိုချစ်မယ်။ မျိုးချစ် စိတ်ဓာတ်တွေ ပေါ်ထွန်းလာမှာဖြစ်တယ်။ တိုင်းပြည်ကိုကောင်းကောင်းထိန်းချုပ်အုပ်ချုပ်နိုင်တာက သမိုင်းပညာရှင်တွေက တတ်နိုင်ပါတယ်လို့ ကျွန်တော် အဲဒီလိုယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဂျပန်နိုင်ငံရဲ့ပညာရေးကိုလေ့လာတဲ့အခါမှာ သမိုင်းဘာသာကို မသင်မနေရ ပုံစံနဲ့ ဂျပန်လူမျိုးများမှအပ အခြားနိုင်ငံကလာတဲ့လူတွေကို သင်လို့မရပါဘူး။ ဒါကြောင့် သူတို့

နိုင်ငံဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး ယဉ်ကျေးတဲ့ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်လာတယ်လို့ ကျွန်တော် သုံးသပ်မိပါတယ်။ သမိုင်းမသိတဲ့လူဟာသူများရဲ့ခြယ်လှယ်မှုကိုခံနေရပါတယ်။ တစ်ယောက်ချင်း အရင်တစ်ယောက်ချင်းခံရမှာပါ။ တစ်နိုင်ငံလုံးအရင် တစ်နိုင်ငံလုံးခံရမယ်လို့ ကျွန်တော် ဒီလိုသုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ လူမျိုးရေးကိုပြပြီးမှ ပြည်ပနိုင်ငံများမှ ထိုးနှက်ခြယ်လှယ်တယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်သမိုင်းကိုမသိရင် ကိုယ့်နိုင်ငံပဲ ခံနေရမှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့နိုင်ငံရေးယဉ်ကျေးမှုတစ်ခုဟာ အဆိုးမြင်ဝါဒီလိုဖြစ်တယ်လို့ ကျွန်တော်သုံးသပ်မိပါတယ်။ ကျွန်တော်တို့ အစိုးရတစ်ခုပြီးတစ်ခုပြောင်းတိုင်းပြောင်းတိုင်း ဒီအစိုးရဒီခေတ်မှာ ဒီအစိုးရဟာကောင်းတယ်လို့ ဘယ်သူမှမပြောပါဘူး။ ဘယ်အစိုးရတက်တက် မကောင်းတာချည်းပဲ။ အဆိုးမြင်ချည်းပဲပြောကြတဲ့ ကျွန်တော်တို့နိုင်ငံသားတွေဟုတ်ပါတယ်။ ခေတ်တစ်ခေတ်ပြီးတစ်ခေတ် သင်ခန်းစာယူစရာ၊ အတုယူစရာတွေအများကြီးရှိပါတယ်။ အဆိုးချည်းပဲမဟုတ်ပါဘူးလို့ ကျွန်တော်ပြောချင်ပါတယ်။ ဥပမာ ကျွန်တော်တို့ ဒီမှာထိုင်နေတဲ့လွှတ်တော်ကြီးဟာ ဘယ်သူတည်ဆောက်ခဲ့သလဲ ဒါကျွန်တော်တို့သမိုင်းပေါ့။ နေပြည်တော်ကြီးကိုဘယ်သူတည်ဆောက်ခဲ့သလဲဆိုတာ ဒီသမိုင်းတွေကို ကျွန်တော်တို့နိုင်ငံသားတွေအားလုံး သိရမယ်။ သိသင့်တယ်လို့ကျွန်တော် သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထဝီဘာသာနဲ့ပတ်သက်ပြီးမှ အနည်းငယ်ဆွေးနွေးလိုပါတယ်။ ကျောင်းသင်ဘာသာရပ်တိုင်းဟာ ဘာသာရပ်တစ်ခုနှင့်တစ်ခုဆက်နွယ်မှုရှိပါတယ်။ ပထဝီနဲ့ သမိုင်းဆက်နွယ်မှုရှိသလို တခြား မြန်မာစာ၊ သိပ္ပံဘာသာနဲ့လည်း ဆက်နွယ်မှုရှိပါတယ်။ ဒါကြောင့် အားလုံးသိရမယ်။ တစ်ချိန်တုန်းက ပထဝီဝင်ဘာသာနဲ့ပတ်သက်ပြီးမှ တရုတ်နိုင်ငံကွန်မြူနစ်အစိုးရက မြန်မာပြည်မြောက်ဘက် ဦးခေါင်းပိုင်းတစ်ခုလုံးကို တရုတ်ပိုင်နက်အတွင်း သူတို့ထည့်သွင်းထားတာကို လေ့လာတွေ့ရှိရပါတယ်။ မြေပုံနယ်နိမိတ်မပိုင်ဘူးဆိုရင် တို့ပဲခံရမှာဖြစ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးအနေနဲ့တင်ပြလိုတာကတော့ ကျောင်းသင်ဘာသာရပ်တွင် သမိုင်းနှင့် ပထဝီကို မသင်မနေရအဖြစ်သတ်မှတ်သင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ တို့နိုင်ငံရဲ့သမိုင်း၊ ကမ္ဘာ့သမိုင်း၊ ပထဝီဆိုင်ရာအချက်အလက်များကို တို့နိုင်ငံရဲ့နယ်နိမိတ်အတိုင်းအတာများကို သိကျွမ်းမှသာလျှင် ကိုယ့်နိုင်ငံကို

တန်ဖိုးထားလာမှာဖြစ်ပါတယ်။ ဒါကြောင့် ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်တင်သွင်းတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဦးအောင်သိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်း ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးဝင်းမော်ထွန်းက မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်သိုက်တင်သွင်းတဲ့ မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဘာသာအကြောင်း တတ်သိကျွမ်းကျင်သောပညာရှင်များ ကမ္ဘာ့အလယ်မှာပေါ်ထွန်းလာစေရန် သမိုင်းဘာသာနှင့် ပထဝီဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက်ပိုမိုသင်ကြားနိုင်ရန် အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး တင်ပြမှာဖြစ်ပါတယ်။ ရှေးဦးစွာ ဒီအဆိုကို တင်သွင်းသော ဆိပ်ဖြူမဲဆန္ဒနယ် ကိုယ်စားလှယ်တော်ကြီး ဦးအောင်သိုက်ကို အထူးကျေးဇူးတင်ပါကြောင်းနှင့် ဒီကနေ့ ဦးအောင်သိုက်၏အဆိုကို ထောက်ခံဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီး ခုနစ်ဦးကိုလည်း ပညာရေးဝန်ကြီးဌာနမှ ကျေးဇူးအထူးတင်ပါကြောင်း ရှေးဦးစွာ တင်ပြလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပညာရေး ပြုပြင်ပြောင်းလဲမှုများကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ရေးဆွဲပြီး အရှိန် အဟုန်မြှင့်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအရ ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်မှစ၍ KG+12 ပညာရေးစနစ်သစ်ကို ပြောင်းလဲခဲ့ပြီး သင်ရိုးညွှန်းတမ်းပြောင်းလဲမှု အရ ကျောင်းသုံးစာအုပ်များ၊ ဆရာကိုင်စာအုပ်များကိုလည်း ပြောင်းလဲပြင်ဆင်ပြဋ္ဌာန်းလျက်ရှိ ကြောင်း တင်ပြအပ်ပါတယ်။ ပြောင်းလဲပြင်ဆင်လျက်ရှိတဲ့ အခြေခံပညာသင်ရိုးညွှန်းတမ်းများသည်

ကျောင်းသားကျောင်းသူများ၏ ၂၁ ရာစု ကျွမ်းကျင်မှု (21 st Century Skills )ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး တစ်ကိုယ်ရေဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုများ၊ အဆင့်မြင့် စဉ်းစားတွေးခေါ်မှုဆိုင်ရာကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်ပါတယ်။

အခြေခံပညာအလယ်တန်းအဆင့် လက်ရှိသင်ရိုး၏ Grade-6 မှ Grade-9 အထိလည်း ကောင်း၊ KG+12 အစီအစဉ်မှ သင်ကြားမည့်သင်ရိုးသစ်တွင် ဆဋ္ဌမတန်း(Grade-6) မှ နဝမတန်း (Grade-9) အထိလည်းကောင်း ဘာသာရပ်တစ်ခုအတွက် တစ်ပတ်လျှင်စာသင်ချိန်သုံးချိန်၊ တစ်ချိန် တွင် ၄၅ မိနစ်နှုန်းနှင့် တစ်နှစ်ပတ်လုံးစာသင်ချိန် ၁၀၈ ချိန်ရရှိရန် သတ်မှတ်ဆောင်ရွက်လျက်ရှိ ပါတယ်။ လက်ရှိသင်ရိုးရဲ့ Grade-6 မှ Grade-9 အထိ ပထဝီဝင်ဘာသာရပ်တွင် အတန်းတိုင်းမှာ သဘာဝအခြေခံအချက်များ၊ မြန်မာနိုင်ငံ ပထဝီဝင်၊ အရှေ့တောင်အာရှနိုင်ငံများရဲ့ ပထဝီ၊ အိမ်နီးချင်း နိုင်ငံများရဲ့ ပထဝီနှင့် လက်တွေ့လုပ်ငန်းဆိုင်ရာ ပထဝီဘာသာရပ်များ သင်ကြားရန်ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ KG+12 အစီအစဉ်အရ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် စတင်မီ သင်ရိုးသစ် ဆဋ္ဌမ တန်း(Grade-6)တွင် အလားတူ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊ ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်၊ ဒေသန္တရပထဝီဝင်နှင့် လက်တွေ့ပထဝီဝင်များကို သက်ကြားပေးတော့မှာဖြစ်ပါတယ်။ ဒါကြောင့် စနစ် သစ်အလယ်တန်းအဆင့် (Grade-6 to Grade-9) တွင် ပထဝီဝင်ဘာသာရပ်ကို အဓိကဘာသာရပ် တစ်ခုအဖြစ် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး စနစ်သစ်အထက်တန်းအဆင့် (Grade-10 to Grade-12)တွင်လည်း ပထဝီဘာသာရပ်ကို အဓိကဘာသာရပ်တစ်ခုအဖြစ် သင်ကြားနိုင်ရန် သင်ရိုး ညွှန်းတမ်းများရေးဆွဲဆောင်ရွက်ပြီးပါကြောင်း တင်ပြအပ်ပါတယ်။

ဒီလိုပဲ သမိုင်းဘာသာရပ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ လူ့အဖွဲ့အစည်းအတွက် အလွန်အရေးပါတဲ့ ဘာသာရပ်ဖြစ်ပါတယ်။ မိမိလူမျိုး၏သမိုင်းကြောင်း၊ မိမိနိုင်ငံ၏သမိုင်းကြောင်း၊ မိမိအိမ်နီးချင်းနိုင်ငံ များ၏သမိုင်းကြောင်း အသေးစိတ်သိရှိရန်လိုအပ်သလို ကျွန်တော်တို့နေထိုင်ရာကမ္ဘာကြီးရဲ့ သမိုင်း ကြောင်းကိုလည်း သိရှိရန်အထူးလိုအပ်ပါတယ်။ သမိုင်းကြောင်းများကို ကောင်းစွာနားလည်သဘော ပေါက်မှသာ အတိတ်ရဲ့ဆိုးကျိုးကို လေ့လာဖော်ထုတ်ပြီး ဒီလိုမျိုးအလားတူအခြေအနေမျိုး ကြုံတွေ့ လာပါက မဖြစ်ခင်ကြိုတင်ရှောင်ရှားနိုင်သကဲ့သို့ အတိတ်မှာရှိတဲ့အောင်မြင်မှုများကို လေ့လာကြည့် ခြင်းဖြင့် အနာဂတ်မှာ ဒီထက်ပိုပြီးအောင်မြင်အောင် လုပ်ဆောင်နိုင်ခွင့် သမိုင်းကိုနားလည်ကျွမ်းကျင်မှု များဖြစ်ဖို့လိုပါတယ်။ သမိုင်းကိုလေ့လာခြင်းအားဖြင့် မကောင်းတဲ့အချက်များကို အလားတူမဖြစ်စေ

ရန် ကောင်းတဲ့အချက်များရှိရင် ဒီထက်ပိုပြီး ကောင်းမွန်အောင်ဆောင်ရွက်နိုင်ရန်အတွက် သင်ခန်းစာယူနိုင်ဖို့ သမိုင်းဘာသာကို သင်ကြားနိုင်ရန် စီစဉ်ထားပါတယ်။

အခြေခံပညာအလယ်တန်းအဆင့် လက်ရှိသင်ရိုး၏ Grade-6 မှ Grade-9 အထိ သမိုင်းဘာသာရပ်၏ မြန်မာ့သမိုင်းကဏ္ဍ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်၊ ကိုလိုနီခေတ်အဆက်ဆက်၊ အတန်းစဉ်အလိုက်သင်ကြားပေးထားရန် စီစဉ်ပြီးဖြစ်ပါတယ်။ ကမ္ဘာ့သမိုင်းကဏ္ဍမှာလည်း ရှေးဦးမြို့ပြနိုင်ငံများ၊ ဥရောပနယ်ချဲ့ခြင်း၊ အမျိုးသားရေးလှုပ်ရှားမှုများ၊ စက်မှုတော်လှန်ရေး၊ ဘူဇွာတော်လှန်ရေး၊ လက်ရှိအာဆီယံအသင်းနှင့် နိုင်ငံပေါင်းချုပ်အသင်းကြီးများကိုပါအထိ သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကဏ္ဍသမိုင်းဘာသာရပ်နှင့် ပထဝီဘာသာရပ်တို့ကို အခြေခံပညာအလယ်တန်းအဆင့်မှာ လက်ရှိသင်ရိုးတွင် ကျောင်းသားကျောင်းသူများ၏ အသက်အရွယ်နှင့်ဖွံ့ဖြိုးတိုးတက်မှုအရ လိုက်လျောညီထွေမှုရှိစေရန်နှင့် သိသင့်သိထိုက်သောအချက်အလက်များပါဝင်စေရန် သင်ခန်းစာပြဋ္ဌာန်းထားပြီး KG+12 ဖြင့် သင်ကြားရာတွင်လည်း ကျောင်းသားဗဟိုပြုနည်းဖြင့် ကျွမ်းကျင်မှုကိုအခြေပြုပြီး ကျောင်းသားအချင်းချင်း ပူးပေါင်းဆောင်ရွက်၍ ပြဿနာဖြေရှင်းတတ်ခြင်း၊ မှန်ကန်စွာဆက်စပ်တွေးခေါ်တတ်ခြင်းစသည့် သင်ကြားမှုနည်းလမ်းများဖြင့် ပြုစုဆောင်ရွက်ထားရှိပါသဖြင့် ကိုယ်စားလှယ်တော်ကြီး ဦးအောင်သိုက်တင်သွင်းသောအဆိုဖြစ်သည့် မြန်မာနိုင်ငံမှာ သမိုင်းဘာသာနှင့် ပထဝီဘာသာအကြောင်း တတ်သိကျွမ်းကျင်သောပညာရှင်များ ကမ္ဘာ့အလယ်မှာပေါ်ထွန်းလာစေရန် သမိုင်းဘာသာနှင့် ပထဝီဘာသာကို အခြေခံပညာအလယ်တန်းအဆင့်တွင် ယခုထက်ပိုမိုသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးသင့်ပါကြောင်း ပညာရေးဝန်ကြီးဌာနမှ ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အဆိုကို ပထမဦးဆုံးထောက်ခံသွားတဲ့ ဒိုက်ဦးမဲဆန္ဒနယ်က ဦးဘုန်းမြင့်အောင်၊ ဒီကနေ့ ဆွေးနွေးပေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ထောင့်ပေါင်းစုံကနေ ဆွေးနွေးသွားကြတာ ကျေနပ်အားရဖွယ်ရှိပါတယ်။ အခုကျွန်တော်တို့က ရှည်ရှည်ဝေးဝေးတော့ ပြောမနေတော့ပါဘူး။ အားလုံးက အတည်ပြု

တယ်ဆိုတော့ ကျွန်တော့်အနေနဲ့ လွှတ်တော်ကြီးကနေပြီးတော့ အတည်ပြုပေးဖို့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်သိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ခုနစ်ဦးက ဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြား သွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဦးအောင်သိုက် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်ကို ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကို ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီမှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကို ၁၄း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ (၂၈.၅.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm


U Thein Swe


U Tun Myint

pyithu.hluttaw.mm


U Thein Swe


U Saw Tin Win

pyithu.hluttaw.mm


Dr Ye Myint Swe


U Win Naing


pyithu.hluttaw.mm


Dr Ye Myint Swe



U Sai Sai Maing

pyithu.hluttaw.mm


Dr Ye Myint Swe



U Maung Maung

pyithu.hluttaw.mm


U Phoe Maung


Dr Tun Naing

pyithu.hluttaw.mm


Dr Saw Naing


Dr Tun Naing

pyithu.hluttaw.mm


Dr San Shwe Win


Dr Tun Naing

pyithu.hluttaw.mm



U Nay Htet Win



Dr Tun Naing

pyithu.hluttaw.mm



U Myo Zaw Oo



Dr Tun Naing

pyithu.hluttaw.mm



U Aung Soe



U Win Maw Tun

pyithu.hluttaw.mm



U Aung Kyaw Oo



U Win Maw Tun

pyithu.hluttaw.mm



U Tin Nu(or)U Tin Nu Aung



U Win Maw Tun

pyithu.hluttaw.mm



U Per Htan



U Win Maw Tun

pyithu.hluttaw.mm



U Win Min



U Win Maw Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်